www.burmeseclassic.com

# မိုးကျော်သူ

မေတ္တာတူပြိုင်




www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

မေ ဏ္ဍာ တုံ့ ဖြိုင်

( ပထမပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

## ယုန်ငယ်နှင့်မြေခွေးအုပ်

မြင်းတစ်ကောင်....

လူတစ်ယောက်....

မြင်းတစ်ကောင်နှင့် လူတစ်ယောက် ဒုန်းစိုင်းမောင်းနှင်နေ၏။

နေကပူပူ....

ဖုန်ကတထောင်းထောင်း....

ဤသည်ကိုရှုမစိုက် ချွေးတစ်လုံးလုံးနှင့် ထိုလူမှာ မည်သည့်အကြောင်းကြောင့် လင်းသို့ မြင်းကို ဒုန်းစိုင်းမောင်းနှင်နေရပါသနည်း။

အဖြေကား မကြာခင် ရှာတွေ့သွားရပြီ။

လူတစ်စု....

မြင်းတစ်ကောင်ချင်း လူတစ်ယောက်နောက်မှ လူတစ်စုမြင်းမှာ ဒုန်းစိုင်းကာလိုက်နေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှလူမှာ ငယ်ရွယ်သော လူငယ်တစ်ဦးဖြစ်သည်။

နောက်မှလူများမှာ ကျွန်းစီးနယ်တစ်ဝိုက်တွင် သောင်းကျန်းဆိုးသွမ်းနေသော ဟူမင်ဂိုဏ်းသားများပင် ဖြစ်သည် မဟုတ်ပါလား။

....o....

ဟူမင်ဂိုဏ်း....

ဟူမင်ဂိုဏ်းသည် ကျွန်းစီးနယ်တွင် ကြီးစိုးလာသည်မှာ လွန်ခဲ့သောနှစ်က ဖြစ်သည်။

ထိုအဖွဲ့ကို ခေါင်းဆောင်သူမှာ ယခင်က ကျွန်းစီးနယ်၌ ကျော်ကြားသော ဟူမင်သိုင်းဆရာကြီးပင် ဖြစ်သည်။

ဟူမင်သိုင်းဆရာကြီးသည် ယခင် တောတောင်ထဲ၌ တစ်ဦးတည်းနေထိုင်ပြီး သိုင်းပညာဆန်းများ တီထွင်နေသူ ဖြစ်လေသည်။

မနှစ်ကမှ သူက မည်သို့မည်ပုံ စိတ်ကူးပေါက်သွားသည် မသိ။

သူ တီထွင်ခဲ့သောသိုင်းပညာ အောင်မြင်သွား၍လား မသိ။

တပည့်များစွာမွေး၍ မကောင်းမှုဒုစရိုက်တွေ ပြုလုပ်လာလေသည်။



ဓားပြတိုက်သည်။

လုယက်သည်။

စောရအဖွဲ့အဖြစ်လည်း နာမည်ကြီးနေခဲ့သည်။

ကျွန်းစီးနယ်၌ ကျော်ကြားသော သိုင်းသမားများကို စိန်ခေါ်ပြီး အမြဲအနိုင်ယူနေသူ ဖြစ်သည်။

ထို့ကြောင့်....

နောက်နောင်တွင် သူ့အား မည်သူမျှ မယှဉ်ကြတော့။

သူ့အားတွေ့လျှင် ဝေးဝေးကသာ ရှောင်သွားကြသည်။

ဤသို့ဖြင့်....

ဟူမင်သိုင်းဆရာကြီး ဦးဆောင်သော ဟူမင်အဖွဲ့သည် တဖြည်းဖြည်း အင်အားကြီးထွားလာ၍....

နောက်ဆုံး....

ဟူမင်ဂိုဏ်းအဖြစ် ချဲ့ထွင်ကြီးကျယ်လာတော့သည်။

....o....

ယခု....

ဟူမင်ဂိုဏ်းမှအဖွဲ့သားများသည် ဟူမင်၏ ခိုင်းစေချက်ကြောင့် အနီးအနား ရွာငယ်မှာ ဇာတ်မြှုပ်နေထိုင်လျက်ရှိသော သူဌေးကြီးတစ်ဦးအိမ်သို့ သွားရောက်ဓားပြတိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

ထိုသူဌေးကြီးမှာ သိုင်းပညာအခံရှိသောကြောင့် ပြန်၍ ခုခံသဖြင့် ဟူမင်အဖွဲ့သားများမှာ ပြန်လည် တိုက်ခိုက်ရင်း သူဌေးကြီးမိသားစုတစ်ခုလုံး သေဆုံးသွားခဲ့ရသည်။

သို့သော်…

ကံအားလျော်စွာ သူဌေးကြီး၏သားမှာ ရန်သူ့လက်မှ လွတ်မြောက်သွားရသည်။

သူသည် ရန်သူ့လက်မှ လွတ်ထွက်ခွင့်ရသည်နှင့် မြင်း တစ်ကောင်ဖြင့် ခြေဦးတည့်ရာပြေးသည်။

ဟူမင်အဖွဲ့သားများကလည်း အလွတ်မပေးဘဲ နောက်မှ ထက်ကြပ်မကွာ လိုက်နေခြင်းဖြစ်သည်။

အများနှင့်တစ်ယောက်…

ယုန်ငယ်တစ်ကောင်နောက်သို့ မြေခွေးအုပ်လိုက်သလို-

လူငယ်မှာ ဟူမင်အဖွဲ့သားများ၏လက်မှ လွတ်နိုင်ပါ့ မည်လော။

····၀····

ထောက်လှမ်းရေးမှူးဖေးထိုက်

ထောက်လှမ်းရေးမှူးဖေးထိုက်…

သူသည် အသက် သုံးဆယ်ကျော်ခန့်ရှိပြီး မင်းမှုထမ်း တစ်ယောက် ဖြစ်သည်။

ကျန်းစီးမြို့တော်ဝန်၏ လျှို့ဝှက်သတင်းပေးမှုကြောင့် နေပြည်တော်မှ ဘုရင်မင်းမြတ်သည် ထောက်လှမ်းရေးမှူးဖေး ထိုက်အား ကျန်းစီးမြို့မှ အန္တရာယ်ရန်စွယ်များကို ရှင်း လင်းရန် တာဝန်ပေးအပ်ကာ စေလွှတ်လိုက်သည်။

သူနှင့်အတူ လက်ရွေးစင်ငယ်သား (၂၀)ခန့် လိုက်ပါ လာသည်။

ဤအကြောင်းများကို ဟူမင်သိုင်းဆရာကြီးကမူ မသိခဲ့ ပါချေ။

ထို့ကြောင့်…

····၃····

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် သူ၏မြင်းကို အားကိုးမာန်တက် ဒုန်စိုင်း မောင်းနှင်နေသော်လည်း သူ၏မြင်းမှာ သာမန်မြင်းမျှသာ ဖြစ်သောကြောင့် အချိန်ကြာလာသည်နှင့်အမျှ အမောမခံနိုင်ဖြစ်လာသည်။

မြင်းမှာ နေပူဒဏ်ကြောင့် ရေငတ်သည့်ဒဏ်ကို အလူးအလဲ ခံစားနေရပုံရသည်။

လျှာပင်ထွက်နေ၏။

ပြေးအားမှာ တဖြည်းဖြည်းကျလာသည်။

ပြေးအားကျလာသည်နှင့်အမျှ နောက်မှလိုက်လာသော ဟူမင်အဖွဲ့သားတွေမှာလည်း မှီ၍လာလေသည်။

'ခွပ်...ခွပ်...ခွပ်'

ဟူမင်အဖွဲ့သားများသည် လူငယ်အား မီလာသည်နှင့် သူ၏မြင်းကို ဝိုင်းရံထားလိုက်ကြသည်။

'ဟား...ဟား...ဟား'

'ဘယ်ပြေးမလဲ ကောင်စုတ်လေး'

'ငါတို့ကို အာခံချင်တဲ့ကောင်၊ အခုဘယ်ပြေးမလဲ'

'ဒီကောင်က လူသာငယ်တယ်၊ သတ္တိကတော့ မခေဘူးကွ'

'သူ့ကိုဖမ်းတဲ့အခါ သတိထားကြ'

'အိုကွာ...သိပ်လဲ စိုးရိမ်မနေပါနဲ့၊ သူ့အဖေကတောင် ငါတို့ကိုမနိုင်တာ၊ ဒီကောင်လောက်တော့ ပျင်းတောင်မျှင်းသေးတယ်...



'ကဲ...လျှာမရှည်ကြနဲ့တော့၊ ဒီကောင်ကို အမြန်ဆုံးဖမ်းကြ၊ မီရင် တစ်ခါတည်း အပြတ်ရှင်းမယ်'

ဟူမင်အဖွဲ့သားတစ်ယောက်က ယင်းသို့ပြောပြီး လူငယ်အား စတင်တိုက်ခိုက်လိုက်လေသည်။

လူငယ်မှာ တကယ်ပင် သတ္တိခဲလေးဖြစ်သည်။

ရန်သူများနှင့် တကယ်တမ်း သူသေကိုယ်သေ ရင်ဆိုင်ရတော့မည်ကို သိလိုက်သည်နှင့် သူ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားသည်။

ကျောမှဓားကို ဆွဲထုတ်လိုက်ပြီး ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

တစ်ဆက်တည်း.....

သူ့ထံသို့ တိုးဝင် တိုက်ခိုက်လာသော ရန်သူများကို အားမာန်အပြည့်ဖြင့် ဝါရင့်သိုင်းပညာရှင်တစ်ယောက်ပမာ တိုက်ခိုက်နေတော့သည်။

သို့သော်....

သူ၏ သိုင်းကွက်များသည်စနစ်မကျလှ။

မည်းမည်းမြင်ရာ လူရိုပ်ကိုမြင်ရာရမ်း၍တိုက်ခိုက်နေသည့် အလား။

ထို့ကြောင့်....

လူငယ်မှာ သိုင်းပညာရှင်တစ်ယောက်လို အားမာန် အပြည့် ရှိနေသော်လည်း....

သိုင်းကွက်များကို ကြည့်ခြင်းဖြင့် ဆရာသမားနှင့် စနစ်တကျ သင်ထားခြင်းမရှိသည်မှာ သိသာလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

လူငယ်သည် သတ္တိ မည်မျှပင်ရှိပါစေ၊

စနစ်တကျ သင်ကြားထားသော ဟူမင်သိုင်းသမားများကိုတော့ ကြာကြာအာခံ၍ မရတော့ပေ။

သူ၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဗရပွရရှိနေသည်။

နောက်ဆုံး....

ဓားတစ်လက်က သူ၏ရင်ဝကို ထိုးထွင်းတော့မည့်ဆဲဆဲ အခြေအနေနှင့် ကြုံတွေ့လိုက်ရလေသည်။

ထိုအချိန်မှာပင်....

'ရပ်လိုက်'

ဟူသော ကျယ်လောင်သည့် အသံတစ်သံကိုကြားလိုက်ရလေသည်။

သူ၏ရင်ဝသို့ ဓားဖြင့် ထိုးမိဆဲဆဲဖြစ်နေသော ဟူမင်သိုင်းသမားက ရုတ်တရက် သူ၏ ဓားကိုင်ထားသောလက်အရှိန်ကို ရပ်လိုက်ပြီး အသံထွက်ပေါ်ရာသို့ အားလုံးပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

လူတစ်ယောက် မြင်းကိုဒုန်းစိုင်းမောင်းနှင်လျက် လာနေသည်။

သူ၏ပုံသွင်မှာ နေပြည်တော်မှ လူဆိုးထိန်းတစ်ယောက်နှင့် တူလှသည်။

သူ့ နောက်တွင်လည်း လူဆိုးထိန်းတပ်စုများနှင့် မင်းမှုထမ်းများကို တွေ့လိုက်ရသည်။

သူတို့က စိတ်လန့်သွားကြသည်။



သို့သော်....

ဟူမင်များသည် ကိုယ့်ကိုယ်ကို အထင်ကြီးသူများ ဖြစ်သည်။

သူတို့က တဒင်္ဂမျှသာ ထိတ်လန့်သွားကြသော်လည်း ချက်ချင်းဆိုသလို အစွယ်များ ထောင်လာကြသည်။

'မင်းကဘယ်သူလဲ၊ ဘာကြောင့် ငါတို့ကိစ္စကို ဝင်ရှုပ်ရတာလဲ'

လူဆိုးထိန်းက အနီးသို့ရောက်ရှိလာပြီး....

'ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားတို့မျက်စိပါရင် ကြည့်ရုံနဲ့ သိပါတယ်'

ဟူမင်တစ်ယောက်က ဒေါသထွက်သွားကာ....

'ဟိတ်ကောင်....ငါတို့က အမေမွေးကတည်းက မျက်စိပါတယ်၊ ဒုက္ခိတမဟုတ်ဘူး၊ ငါတို့မေးတာက မင်းကိုဒီနယ်မှာ တစ်ခါမှမမြင်ဘူးလို့ ဘယ်သူလဲလို့ မေးတာ'

လူဆိုးထိန်းက ပြုံး၍....

'ကျုပ်တို့ဝတ်ထားတဲ့ အဝတ်အစားကို မြင်ကတည်းက ကျုပ်တို့က မင်းမှုထမ်းတွေဖြစ်မှန်း ခင်ဗျားတို့ သိသင့်ပါတယ်ဗျာ'

ဟူမင်များက....

'ဟေ....မင်းတို့က မင်းမှုထမ်းတွေမကလို့ ဘာတွေဖြစ်ဖြစ် ငါတို့စိတ်မဝင်စားဘူး၊ မင်းတို့က ငါတို့အကြောင်း မသိသေးဘူးနဲ့တူတယ်'

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးထိန်းက....

'ဟုတ်ကဲ့....ကျုပ်မသိပါဘူး၊ တစ်ဆိတ်လောက် ပြောပြပါလား'

ဟူမင်တစ်ယောက်က မဲ့ပြုံး တစ်ချက်ပြုံးလိုက်ပြီး ရင်ကိုကော့ကာ

'ငါတို့က ကျန်စီနယ်မှာ နာမည်ကြီးနေတဲ့ ဟူမင်ဂိုဏ်းသားတွေကွ၊ ဒီနယ်မှာ ငါတို့ကို ကျော်ရဲတဲ့လူ တားရဲတဲ့လူ တစ်ယောက်မှမရှိဘူးကွ'

လူဆိုးထိန်းက....

'ဪ....ဪ....ခင်ဗျားတို့က ဟူမင်ဂိုဏ်းသားတွေကိုး....'

ဟူမင်တစ်ယောက်က....

'ဟုတ်တယ်၊ ဒီကနေ့အဖို့ မင်း ဘာမသိဘာမသိနဲ့ ငါတို့အလုပ်ကို ဝင်ရှုပ်ခဲ့တဲ့အတွက် မင်းကံဆိုးတာပဲ'

လူဆိုးထိန်းက....

'ကျုပ်ကံဆိုးလား၊ ခင်ဗျားကံဆိုးလားဆိုတာ ကြည့်ကြသေးတာပေါ့ကွာ'

'တောက်....တော်တော် လာတဲ့ကောင်၊ ဒီကောင့်ကို အပြတ်ရှင်းကြစမ်းကွာ'

ဟူမင်အဖွဲ့သားက ယင်းသို့ပြောပြီး လူဆိုးထိန်းဝတ်စုံနှင့်လူအား တရကြမ်းဝင်ရောက် တိုက်ခိုက်လေတော့သည်။

....o....



တိုက်ပွဲသည် သိပ်မကြာလိုက်ပါ။

ပြီးဆုံးသွားခဲ့သည်။

လူဆိုးထိန်းဝတ်စုံနှင့်လူက တစ်ယောက်တည်း။

ဟူမင်အဖွဲ့သားများက ငါးယောက်။

တစ်ယောက်နှင့် ငါးယောက် တိုက်ပွဲတွင်....

ငါးယောက်ဘက်မှ နှစ်ယောက် ကျဆုံးသွားပြီး ကျန်သုံးယောက်မှာ ဆက်လက်မတိုက်ခိုက်ဝံ့တော့ပေ။

သူတို့က မြင်းပေါ်သို့ အသီးသီး ခုန်တက်လိုက်ကြပြီး ထိုနေရာမှ ဝေးသထက်ဝေးအောင် ပြေးလွှားထွက်ခွာရန် တာစူနေကြပြီ ဖြစ်သည်။

ထိုသူများအားကြည့်ကာ လူဆိုးထိန်းဝတ်စုံနှင့်လူက....

'ဒီမှာ...ဟူမင်အဖွဲ့သားတွေ ကျုပ်နာမည်လဲ မှတ်သွားဦး၊ ဒါမှ ခင်ဗျားတို့ခေါင်းဆောင်ကြီး မေးတဲ့အခါ ပြန်ဖြေနိုင်မှာ'

ဟု လှမ်းအော်ပြောလိုက်သည်။

ထိုအခါ....

ဟူမင်အဖွဲ့သားသုံးယောက်မှာ မြင်းများကိုဇက်ရှိန်သပ်လိုက်ပြီး နောက်သို့လှည့်လိုက်သည်။

သူတို့က လူဆိုးထိန်းဝတ်စုံဝတ်ထားသည့်လူ၏ အမည်ကို နားစွင့်နေကြခြင်း ဖြစ်သည်။

လူဆိုးထိန်းဝတ်စုံနှင့်လူက ပြုံး၍စကားဆက်လိုက်သည်။

'ကျုပ်နာမည်က ဖေးထိုက်၊ ကျုပ်နေတဲ့အရပ်က ခေနပြည်တော်မှာ၊ ကျုပ်ရဲ့ရာထူးက ထောက်လှမ်းရေးရာထူး၊

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးထိန်း အရာရှိဆိုလဲ မမှားဘူး၊ အခု.... ကျုပ်တို့က ကျွန်းစီးမြို့က ဟူမင်ဂိုဏ်းကိုနှိမ်နင်းဖို့ ရောက်လာကြတာပဲ၊ ကဲ...အကြောင်းရင်း ပြည့်ပြည့်စုံစုံသိရပြီဆိုတော့ သွားလို့ ရပါပြီ"

သူ၏စကားများကို ကြားလိုက်ရသောအခါ ဟူမင်အဖွဲ့သား သုံးယောက်၏ မျက်လုံးအစုံမှာ ပြူးကျယ်၍နေတော့သည်။

တစ်ဖက်တည်း....

သူ၏ခွင့်ပြုချက်ကို ရလိုက်သည်နှင့် ဟူမင်အဖွဲ့သား သုံးယောက်မှာ နောက်သို့လှည့်ကြည့်ခြင်း မရှိတော့ဘဲ မြင်းကို ဒုန်းစိုင်းမောင်းနှင်ကာ ထွက်ခွာသွားကြတော့သည်။

....o....



ညှော်ဝတ်ကျော့သော မြို့စားကြီး

ဟူမင်အဖွဲ့သား သုံးယောက် ပြေးလွှားထွက်ခွာ သွားသည်နှင့်....

လူဆိုးထိန်းဝတ်စုံနှင့် ထောက်လှမ်းရေးမှူး ဖေးထိုက်သည် ဒဏ်ရာများ ဗရပွရထားသော လူငယ်အား လှည့်ကြည့်လိုက်သည်။

ထိုအခါ....

သူ၏ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

အကြောင်းမှာ....

လူငယ်မှာ အဖွဲ့သားများထွက်သွားသဖြင့် စိတ်လျှော့ချလိုက်ဟန် တူသည်။

လူငယ်၏ ခန္ဓာကိုယ်မှာ မြေပြင်ပေါ်သို့ ခွေခနဲလဲကျသွားသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

....o....

ထောက်လှမ်းရေးမှူး ဖေးထိုက်သည် လူငယ်အား စမ်းသပ် စစ်ဆေးကြည့်လိုက်ရာ....

အသက်ရှင်နေသေးသည်ကို တွေ့ရသဖြင့်....

လူငယ်ကိုပေါ် တစ်ပါတည်းခေါ်ဆောင်ကာ ကျွန်းစီးမြို့ မြို့တော်ဝန်ဆီသို့ ဦးတည်ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစီးမြို့သို့ရောက်ရှိသည်နှင့် သူတို့အဖွဲ့အား မြို့တော်ဝန်က အသင့်စောင့်ဆိုင်းကာ ကြိုဆိုနေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့်....

ထောက်လှမ်းရေးမှူး ဖေးထိုက်က အားတုံ့အားနာဖြစ်သွားရသည်။

'မြို့တော်ဝန်ရယ်.... ကျုပ်တို့ကို ဒီလောက်လဲ အလေးထားပြီး ကြိုဆိုစရာမလိုပါဘူးဗျာ'

မြို့တော်ဝန်က....

'ဟာ.... ဒီလိုမပြောပါနဲ့ ထောက်လှမ်းရေးမှူး၊ ကျုပ်တို့က အိမ်ရှင်ပါ၊ အိမ်ရှင်က ဧည့်သည်ကို ကြိုဆိုတာဟာ မင်္ဂလာတစ်ပါးပါဗျာ'

ထောက်လှမ်းရေးမှူး ဖေးထိုက်က....

'ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့်..... မြို့တော်ဝန်က ကျုပ်တို့ထက် ရာထူးမြင့်တော့ ကျုပ်တို့က အနေခက်တာပေါ့ဗျ'

မြို့တော်ဝန်က....

'ရာထူးရာခံတွေကို ဘေးဖယ်ထားပါ၊ လောလောဆယ်မှာ ကျုပ်တို့ဟာ သူငယ်ချင်းတွေလို မိတ်ဆွေတွေလို ရင်းရင်းနှီးနှီးနဲ့ တိုင်တိုင်ပင်ပင်ရှိတော့ ပိုကောင်းတာပေါ့.... မဟုတ်ဘူးလား၊ ကိုယ့်ထက် ရာထူးနိမ့်တဲ့လူကို မကြိုဆိုတာကို ဥပဒေ မထုတ်ထားပါဘူးဗျာ'



ထောက်လှမ်းရေးမှူး ဖေးထိုက်က ရယ်မောလိုက်ပြီး....

'အင်း...အခုလို မြို့တော်ဝန်ရဲ့စိတ်ထားသိရတော့ ကျုပ်တို့လဲ အလုပ်လုပ်ရတာ စိတ်ချမ်းသာမှုတစ်ခု ရတာပေါ့'

မြို့တော်ဝန်က....

'လိုအပ်တာမှန်သမျှ ကျုပ်ကိုပြောပါ၊ ထောက်လှမ်းရေးမှူးတို့ နေဖို့ထိုင်ဖို့စားဖို့သောက်ဖို့ ကျုပ်အားလုံး စီစဉ်ထားပြီးပြီ'

ဖေးထိုက်က....

'ဒီလောက်ဆိုလဲ ပြည့်စုံနေပါပြီ၊ ဩော်.... တစ်ခုတော့ အကူအညီ တောင်းရဦးမယ်'

မြို့တော်ဝန်က....

'ဘာများလဲ ပြောသာပြောပါ'

ဖေးထိုက်က....

'ကျုပ်တို့ လမ်းမှာ ဟူမင်ဂိုဏ်းသားတွေနဲ့ တိုးခဲ့တယ်'

'ဟင်....ဟုတ်လား ထောက်လှမ်းရေးမှူးတို့ဘက်က ဘာဖြစ်သွားသေးလဲ'

မြို့တော်ဝန်က စိုးရိမ်တကြီး မေးလိုက်သည်။

ဖေးထိုက်က ခေါင်းခါယမ်းလိုက်ပြီး....

'ကျုပ် ဘာမှမဖြစ်ပါဘူး၊ ဖြစ်တာက လူငယ် တစ်ယောက်၊ ဒီလူငယ်ကို သူတို့တွေ ဝိုင်းပြီးတိုက်ခိုက်နေတုန်း ကျုပ်တို့ရောက်သွားပြီး ကူညီနိုင်လိုက်တယ်၊ ဒါပေမယ့်....

www.burmeseclassic.com

www.burmeseclassic.com

ဖဏ်ရာတွေ အဖော်ရထားလို့ သတိလစ်နေတယ်၊ ဒါ့ကြောင့် အရင်ဆုံး သမားတော်တစ်ယောက်ကိုပင့်ပြီး သူ့ကို ဆေးကုသပေးစေချင်ပါတယ်'

မြို့တော်ဝန်က…

'ကျုပ်…စီစဉ်ပေးပါ့မယ်'

ဖေးထိုက်က ကျေနပ်စွာဖြင့် ပြုံးလိုက်လေသည်။

—၀…

ဟူမင်သိုင်းဆရာကြီး

---

'တောက်…မိုက်ရိုင်းလိုက်လေကွာ၊ ငါ ဒီနယ်မှာ ကျက်စားနေကာ တစ်နှစ်ကျော်သွားပြီ၊ ငါ့ကိုစော်ကားရဲတဲ့လူ တစ်ယောက်မှမရှိဘူး၊ ရာရာစစ ဘာမဟုတ်တဲ့ လူဆိုးယိုန်းကများ…'

ဟူမင်သိုင်းဆရာကြီးက ဒေါသတကြီး ပြောလိုက်သည်။

ဂိုဏ်းသားတစ်ယောက်က…

'ဆရာကြီး ဒီကောင်ကို အထင်သေးလို့တော့ မရဘူးနော်'

'တိတ်စမ်း'

သိုင်းအရာကြီးက ထိုဂိုဏ်းသားအား အော်ငေါက်လိုက်သည်။

'ငါ့ကို အကြောက်တရား လာမပေးနဲ့၊ ငါ ဘယ်ကိုကောင်မျိုးကိုမှ အထင်မကြီးဘူးကွ၊ အခု ဂိုဏ်းသား နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် သေဆုံးရတဲ့ကိစ္စမှာလဲ မင်းတို့အသုံးမကျလို့၊ ငါဒေါသတို့ လာဆွမနေကြနဲ့။ ငါ့ဒေါသက တိုလူ့ဆီက နေ့ မင်းတို့ဆီ ကူးစက်သွားလိမ့်မယ်'

ထိုအခါ....

ဂိုဏ်းသားများမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြလေသည်။

'သွား....မင်းတို့ ငါ့မျက်စိအောက်က ထွက်သွားကြ'

'ဟုတ်....ဟုတ်ကဲ့'

ဂိုဏ်းသားများမှာ ဂိုဏ်းချုပ်ကြီး ခွင့်ပြုချက်ရလိုက်သည်နှင့် ပြေးလွှားထွက်သွားကြလေသည်။

'နေဦး'

ရုတ်တရက်....

ဆရာကြီးက ဟန့်တားလိုက်သဖြင့်....

ဂိုဏ်းသားသုံးဦးမှာ ခြေလှမ်းရုတ်တရက်ရပ်တန့်သွား၍ နောက်သို့ ပြိုင်တူလှည့်လိုက်ကြလေသည်။

'အ....အမိန့်ရှိပါ ဆရာကြီး'

ဆရာကြီးက....

'အဲ့ဒီလူ ဘယ်မှာတည်းတယ်၊ ဘာတွေလုပ်ရှားနေတယ်ဆိုတာ အမြန်စုံစမ်းခဲ့'

'ဟုတ်....ဟုတ်ကဲ့ဆရာ'

ဂိုဏ်းသားများက ထွက်သွားရန် ဟန်ပြင်လိုက်ကြသည်။

'မင်းတို့ကို ငါသွားခိုင်းသေးလား'

'သွားခိုင်းပြီထင်လို့ပါ ဆရာကြီး'



'မသွားခိုင်းသေးဘူး၊ ပြောစရာစကားရှိသေးတယ်'

'အမိန့်ရှိပါ ဆရာကြီး'

'ဒီလူဆိုးထိန်းအစုတ်ပုလုတ်ကို ဒီနယ်မှာ မနေရအောင် ဘယ်လိုနည်းလမ်းမျိုးတွေ သုံးရမယ်ဆိုတာ မင်းတို့ နည်းလမ်းကောင်းတွေ တစ်ခါတည်း ရှာခဲ့ကြပြီးရင် ငါ့အကြံနဲ့ မင်းတို့အကြံ ဘယ်အကြံက ပိုကောင်းတယ်၊ ကောင်းတဲ့ အကြံကို ရွေးချယ်ရမယ်'

ဂိုဏ်းသားများက ယင်းသို့ အမိန့်ကိုနာခံပြီး ရပ်လျက် ရှိနေကြသည်။

ဆရာကြီးက သူ၏စကား ဆုံးသွားပြီမို့ နောက်သို့လှည့်သွားလေသည်။

သို့သော်....

အတန်ကြာသည့်အထိ ထွက်သွားသော ခြေသံများကို မကြားရသဖြင့် နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ....

ဂိုဏ်းသားသုံးဦးမှာ ရပ်လျက်ရှိနေသည်ကို တွေ့ရသဖြင့် ဘာ မျက်မှောင်ကုတ်သွားပြီး....

'မင်းတို့ မသွားကြသေးဘူးလား'

ဟု အော်ဟစ်လိုက်သည်။

ဂိုဏ်းသားသုံးယောက်က ထိတ်ထိတ်ပျာပျာ ဖြစ်သွား

'ဆရာကြီး မသွားခိုင်းသေးဘူး ထင်လို့'

အခုသွားခိုင်းပြီမဟုတ်လား၊ သည်။

www.burmeseclassic.com



'ဟုတ်....ဟုတ်ကဲ့'

ဂိုဏ်းသားများက ကမန်းကတန်းပင် ထွက်သွားကြလေတော့သည်။

....o....



## သမီးနှစ်ယောက်နှင့် မြို့စားကြီး

လူငယ်သတ္တဝါခလေးသည် သုံးရက်ခန့် ဆေးကုသမှုခံယူပြီးနောက် ထူထူထောင်ထောင်ဖြစ်လာသည်။

သို့သော်....

ဒဏ်ရာ မကျက်သေးသောကြောင့် သမားတော်ကြီးက သူ့အား ဘယ်မှပေးမသွားဘဲ တစ်ပတ်ခန့်အနားယူရန် မှာကြားထားလေသည်။

လူငယ် သတ္တဝါခလေးအမည်မှာ ကျီးပေါင်ဖြစ်သည်။

ကျီးပေါင်က ရှင်းပြထားသောကြောင့် ဖေးသိုက်နှင့် မြို့တော်ဝန်တို့မှာ အဖြစ်အပျက်အားလုံးကို သိရှိထားပြီး ဖြစ်လေသည်။

ထို့ကြောင့်....

ကျီးပေါင်အတွက် စိတ်မကောင်းဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသားအချင်းချင်း စာနာမှုမရှိ။

ဆိုးသွမ်း သောင်းကျန်းနေသော ဟူမင် အဖွဲ့ကိုလည်း နှိမ်နင်းပေးပါမည်ဟု ထောက်လှမ်းရေးမှူး ဖေးထိုက်က ကျိုပေါင်အား နှစ်သိမ့်စကားပြောလိုက်သည်။

ဤသို့ဖြင့်....

ကျိုပေါင်သည် မြို့စားဂေဇာဉ်မှ ဆက်လက်နေထိုင်ခဲ့ကြရသည်။

....o....

မြို့စားကြီးကျင့်စန်းတွင် သမီးချောနှစ်ယောက် ရှိသည်။

တစ်ယောက်မှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိပြီး အမည်မှာ ခုံကျင်းဖြစ်သည်။

ကျန်တစ်ယောက်မှာ....

အသက်ဆယ့်ရှစ်နှစ်အရွယ်သာရှိပြီး အငယ်ဆုံးအချောဆုံး၊ အလှဆုံး၊ အသွက်လက်ဆုံး မိန်းကလေးပင် ဖြစ်လေသည်။

အမည်မှာ ချင့်ချင်းဖြစ်သည်။



မြို့စားကြီး၏ သမီးနှစ်ယောက်အပေါ်ထားသည့်မေတ္တာမှာ အတူတူပင်ဖြစ်သည်။

သို့သော်လည်း....

ဇွတ်တရွတ်နိုင်လှသော အငယ်ဆုံးသမီးမို့ ဆိုးချင်သော သမီးငယ်ချင့်ချင်းအား ပို၍ဂရုစိုက်နေရသည်။

သမီးကြီးခုံကျင်းမှာ ဆွံ့အရသည်။

ယဉ်ကျေးသိမ်မွေ့ နူးညံ့သူဖြစ်သည်။

မြို့စားကြီးသည် ဆွံ့အသိက္ခာဖြင့် နေထိုင်သော သမီးကြီးအတွက် အိမ်ထောင်ချပေးချင်ခဲ့သည်။

ခုံကျင်းမှာ....

ခုံကျင်းမှာ ဆွံ့အရှိလွန်းနေသောကြောင့် ယောကျ်ားလေး အပေါင်းအသင်းဟူ၍လည်း မထား။

မည်သူနှင့်မှလည်း လေးလုံးကွဲအောင် စကားမပြောသောကြောင့် ခုံကျင်း၏အိမ်ထောင်ရေးမှာ ခုံကျင်းသဘောနှင့် မည်သို့မျှရှာဖွေနိုင်မည် မဟုတ်။

မိမိတို့ လူကြီးများကသာ စီစဉ်ပေးမှ ဖြစ်တော့မည်ကို တွေးမိလေသည်။

ထို့ကြောင့်....

သင့်တော်မည့် ယောကျ်ားများကို သမီးကြီးခုံကျင်းနှင့် ခင်မင်ရင်းနှီးစေလေသည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မိမိက သင်တော်မည့်ယောကျ်ားများကို တစ်ယောက်ပြီးတစ်ယောက် ခေါ်လာပြီး သမီးဖြစ်သူနှင့်ရင်းနှီးစေရန် ကြိုးစားလေသည်။

ခိုကျင်းမှာ....

မည်သူကိုမျှ တုံ့ပြန်စကားပြောခြင်းမရှိဘဲ ခေါင်းညိတ်ခေါင်းခါသာ လုပ်နေခဲ့သောကြောင့် သူမအား စကားမပြောတတ်သော ဒုက္ခိတဟုထင်ကာ အားလုံးရှောင်ပြေးကုန်ကြလေသည်။

ထို့ကြောင့်....

မြို့စားကြီးမှာ ခိုကျင်းအိမ်ထောင်ပြုဖို့အတွက် နေ့စဉ်နှင့်အမျှ ရတက်မအေးနိုင်ဘဲ ရှိနေတော့သည်။

သမီးငယ်ချင်းချင်းကတော့ ခိုကျင်းနှင့် ဆန့်ကျင်ဘက်။

သွက်လက် ဖျတ်လတ်သည့်အပြင် အပေါင်းအသင်းထားသည့် နေရာမှာလည်း ယောကျ်ားလေး အပေါင်းအသင်းများကိုသာ ထားသည်။

ချင်းချင်းကိုတော့....

ငယ်ရွယ်သေးသောကြောင့် အချိန်မတိုင်မီ အိမ်ထောင်ပြုမည်စိုးကာ မြို့စားကြီးမှာ မျက်လုံးဒေါက်ထောက်ကြည့်ပြီး ထိန်းကျောင်းဟန့်တား နေရလေသည်။

ဤသို့ သမီးနှစ်ယောက်ကြား ဗျာများနေရသော မြို့စားကြီးကို အချို့က ကရုဏာသက်နေသလို....



အချို့ကလည်း ရယ်စရာ ဟာသဇာတ်လမ်းတစ်ပုဒ်လို မြို့စားကြီးအကြောင်း ပြောပြောပြီး ဟားတိုက်ရယ်မောနေကြလေသည်။

....၀....

ယခုလည်း....

သမီးငယ်ချင်းချင်းသည် သူမနှင့်ရွယ်တူဖြစ်သော ကျိုပေါင် အိမ်ဂေဟာသို့ ရောက်ရှိလာသည်ကို သိလိုက်သည်နှင့် သူမသည် ကျိုပေါင်နှင့် သူငယ်ချင်းအဖြစ် မိတ်ဖွဲ့ရန် ဟိုချောင်းသည်ချောင်း လုပ်နေလေသည်။

မြို့စားကြီးမြင်လျှင် ဆူမအား အော်ထုတ်သည်။

မြို့စားကြီးမမြင်လျှင် ချင်းချင်းမှာ ကျိုပေါင်၏အခန်းထဲသို့ ရောက်ရှိနေလေသည်။

'ရှင်....အတော်သက်သာနေပြီပဲ'

အိပ်ခန်းထဲ၌ အေးဆေးစွာထိုင်ရင်း စာဖတ်နေသော ကျိုပေါင်အား ချင်းချင်းက ပြောလိုက်ခြင်းဖြစ်သည်။

ကျိုပေါင်က 'စာအုပ်ကိုပိတ်လိုက်ပြီး....'

www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်...အတော် သက်သာနေပါပြီ၊ နောက်တစ်ရက် နှစ်ရက်ဆို ပြန်လို့ရပြီ'

ချင်းချင်းက မျက်နှာရှုံ့မဲ့သွားပြီး...

'ဘာလဲ၊ ကျွန်မက ရှင့်ကိုပြန်စေချင်လို့ မေးတယ်ထင်နေလို့လား'

'မဟုတ်ပါဘူးဗျာ၊ ကျုပ်က ကျုပ်ပြန်ချင်တာကို ပြောတာပါ'

ချင်းချင်းက...

'ရှင်က ပြန်ချင်နေတယ် ဟုတ်လား'

ကျော်ပေါင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်အရမ်း ပြန်ချင်နေတယ်'

ချင်းချင်းက—

'ဘာဖြစ်လို့လဲ၊ ဒီမှာနေရတာ မပျော်လို့လား'

ကျော်ပေါင်က...

'ဘယ်ကဟုတ်ရမှာလဲ၊ ကျုပ်မိဘတွေနဲ့ ဟူမင်အဖွဲ့သားတွေ တိုက်ခိုက်ပြီး အဖေနဲ့အမေ၊ အိမ်ဖော်တွေသေသွားတာကိုမြင်ခဲ့ရတယ်၊ ကျုပ်လဲ ဟူမင်ဂိုဏ်းသားတွေလိုက်လို့ ထွက်ပြေးလာရင်း ဒဏ်ရာရသွားတာနဲ့ အဖေနဲ့အမေတို့ကို သင်္ဂြိုလ်မယ့်ကိစ္စကို ကျုပ်မလုပ်ပေးနိုင်ခဲ့ဘူး'

ချင်းချင်းက...

'ရွာသားတွေ ရှိတာပဲရှင်၊ သူတို့လုပ်မှာပေါ့'



ကျော်ပေါင်က...

'ဒါပေမယ့်...အဖေနဲ့အမေအတွက် ကျုပ်ကမှန်မှန်တိုင် လုပ်ရဦးမယ်၊ ကျုပ်ခေါင်းကြီး လေးနေတယ်၊ ကျုပ်ရွာကို အရမ်းပြန်ချင်နေတယ်'

ချင်းချင်းက သက်ပြင်းချလိုက်ပြီး....

'ရှင်က ဘယ်မှာနေတာလဲ'

ကျော်ပေါင်သ....

'ဒီမြို့အနီးက ချမ်ကျီရွာလေးမှာပင်'

သူမက....

'ဖေဖေပြောတယ်၊ ရှင်တို့က ရွာမှာ အချမ်းသာဆုံး မိသားစုဝင်ဆို'

သူက....

'အင်း...ဟုတ်မယ်ထင်တာပဲ'

သူမက....

'အခု ခားပြုတိုက်သွားတယ်ဆိုတော့ ရှင်တို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေအားလုံး ရန်သူတွေပိုင်သွားပြီပေါ့'

သူက....

'သူတို့ ငွေတစ်ပြားတောင် မရလိုက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ဒီအန္တရာယ်ကိုကြိုမြင်လို့ ရွှေတွေ ငွေတွေကို လျှို့ဝှက်တစ်နေရာမှာ ထားတယ်၊ ဒီနေရာကို အပြင်လူမသိဘူး၊ ကျွန်တော်တို့ မိသားစုဝင်တွေပဲသိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူတို့က ကျုပ်တို့တစ်မိသားစုလုံးကို ရွှေငွေတွေ ထုတ်မပေးရဲကောင်းလားဆိုပြီး အငြိုးထားပြီး သတ်ဖို့ ကြိုးစားတော့တာပေါ့'

သူမက...

'ဟင်း...ရှင့်မိဘကလည်း အယက်သက် ဘယ်အရာက ထန်ဖိုးရှိမှာလဲ၊ ကပ်စေးနဲလိုက်တာနော်၊ အခု သူတို့ ကပ်စေးနဲတာနဲ့ အားလုံး အသက်ပါ ဆုံးရှုံးလိုက်ရတယ် မဟုတ်လား'

သူက...

'အဖေနဲ့အမေက ကပ်စေးနဲတာမဟုတ်ဘူး၊ ဒီလူတွေရဲ့ မတရားမှုကို ဆုံးမချင်နေတာ ကြာပြီ၊ ဒါပေမယ့် ကိုယ်နဲ့ မဆိုင်တဲ့ ပြဿနာမတက်ချင်လို့ လက်ပိုက်ကြည့်နေရတာ၊ ဒါပေမယ့် အခု ကိုယ့်အိမ်ကိုလာပြီး ခြားပြုတိုက်တော့ လက်ပိုက်ကြည့်မနေနိုင်တော့ဘူး၊ သူတို့ကို နိုင်မယ်ထင်ပြီး ခုခံလိုက်တာပဲ'

သူမက...

'အခုတော့ သူတို့ကိုမနိုင်တဲ့အပြင် အသက်တွေပါ ပေး ဆပ်လိုက်ရပြီ မဟုတ်လား'

သူက ပါးစပ်ပိတ်ထားလိုက်သည်။

သူမက...



'အခု ရှင့်မိဘတွေသေသွားတော့ ရှင်တစ်ယောက်တည်း အထီးကျန်ဘဝ ဖြစ်ရပြီပေါ့နော်'

သူက...

'ကျုပ်ကို ဒီအကြောင်းတွေ လာမပြောပါနဲ့တော့ဗျာ၊ ဒီအကြောင်းတွေ ပြန်တွေးမိရင် အဖေ အမေတို့အတွက် ရင်နာလွန်းလို့၊ ဟူမင်းအဖွဲ့သားတွေကိုလည်း ကျုပ်တစ်သက် ဘယ်တော့မှမကျေဘူး၊ အခုတောင် ပြေးပြီးရင်ဆိုင် ပစ်လိုက်ချင်တယ်'

သူမက သူဒေါသထွက်နေသည်ကို တွေ့ရသဖြင့်...

'ကျွန်မက ရှင့်ဒေါသကို ဆွပေးနေတာ မဟုတ်ပါဘူး၊ ရှင့်ဘဝက အထီးကျန်နေပြီဆိုတော့ ကျွန်မတို့ဆီမှာပဲနေပါ လားလို့ ပြောမလို့ပါ'

သူက...

'ဟာ...မနေချင်ပါဘူးဗျာ'

'ဘာဖြစ်လို့လဲ'

'ဒီအိမ်က ကိုယ့်အိမ်မှမဟုတ်တဲ့၊ အခုနေနေရတာကိုပဲ အားနာနေပြီ'

'ဘာအားနာစရာရှိလို့လဲ၊ ရှင်နဲ့ကျွန်မက မိတ်ဆွေတွေ ဖြစ်သွားပြီပဲ၊ မိတ်ဆွေကောင်းတို့မည်သည် ဒုက္ခရောက်တဲ့ အခါ ကူညီမှုပေးရမယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် သူ ခေါက်ထွက်သွားသည်။

'ကျုပ်က ဒုက္ခရောက်နေတာမှ မဟုတ်တဲ့၊ ပြီးတော့ ကျုပ်မှာ မိန်းကလေးမိတ်ဆွေ တစ်ယောက်မှ မရှိဘူး၊ ခင်ဗျားကလည်း မြို့စားကြီးသမီးဖြစ်နေလို့ မိတ်ဆွေမဖြစ်ရပါဘူး'

သူမက နှုတ်ခမ်းစူလိုက်ပြီး....

'မြို့စားကြီးသမီးနဲ့ မိတ်ဆွေမလုပ်ရဲဘူးဆိုရင် မြို့စားကြီးသမီးက ကြောက်စရာကောင်းတဲ့ သရဲမ၊ စုန်းမကြီး ဖြစ်နေလို့လား'

သူက....

'မသိဘူးဗျာ- ကျုပ်မှပြောတတ်တော့ဘူး'

'သူမကို မျက်နှာတစ်ချက်ရှုံ့လိုက်ပြီး'

'ဟင့်...သူများတွေဆို ကျွန်မကို ခင်ချင်လွန်းလို့၊ ကျွန်မနဲ့ မိတ်ဆွေဖြစ်ချင်လွန်းလို့၊ အခု သူကျမှ'

သူမက ယင်းသို့ပြောပြီး ဆောင့်အောင့်ကာ ထွက်သွားလေသည်။

သူက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားလိုက်လေသည်။

ပြီးမှ....



သူက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။

ခုတင်ပေါ်မှဆင်းလိုက်ပြီး အခန်းအပြင်သို့ လှမ်းထွက်သွားခဲ့လေတော့သည်။

....၀....

'မင်းပြန်တော့မယ် ဟုတ်လား၊ ဒဏ်ရာကော သက်သာခဲ့လား'

မြို့စားကြီးကျင်စန်းက မေးလိုက်ခြင်းဖြစ်သည်။

ကျိုပေါင်က ခေါင်းညိတ်လိုက်ပြီး....

'သက်သာပါပြီ၊ ကျွန်တော့်ကို ခုလိုဆေးကုသပေးတဲ့အတွက် မြို့စားကြီးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မြို့စားကြီးကို ရှိခိုးကန်တော့ခဲ့ပါစေ'

သူကပြောရင်း မြို့စားကြီးအား ရှိခိုးကန်တော့လိုက်သည်။

မြို့စားကြီးက....

'နားနားနေနေ နေပါဦးလားကွယ်၊ ပြီးတော့ မင်းပြန်ရင် လမ်းမှာ တူမင်ဂိုတ်နဲ့တိုးဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မပြန်လို့ မဖြစ်လို့ပါ မြို့စားကြီး'

မြို့စားကြီးက....

'သေသေချာချာစဉ်းစားပါဦးကွယ်၊ အခု ထောက်လှမ်းရေးမှူးကိုလည်း လူဆိုးဖွေသတင်းစုံစမ်းဖို့ ထွက်သွားတော့ မင်းရဲ့လုံခြုံရေးအတွက် စောင့်ရှောက်ပြီး လိုက်ပို့မယ့်လူက မရှိသေးဘူး'

သူက....

'ကိစ္စမရှိပါဘူး မြို့စားကြီး'

'အဖေ သူ ဒီလောက်သွားချင်နေတာ ခွင့်ပြုလိုက်ပါ အဖေ'

ဟိုအသံနှင့်အတူ....

မြို့စားကြီး၏အခန်းထဲသို့ ချင်းချင်းက ဝင်ရောက်လာလေသည်။

သူမက ဆက်၍....

'ကျွန်မတို့က သူ့အတွက်ပြောနေတာ၊ သူက စေတနာကို နားမလည်ဘူး၊ ဒီလောက်ခေါင်းမာတဲ့လူကို တားမနေနဲ့ ဖေဖေ'

'သမီး ဘယ်လိုက်တာလဲ'

မြို့စားကြီးက ဟန့်တားလိုက်သည်။

သူက....



'ပြောပါစေမြို့စားကြီး သူပြောသလိုပါပဲ၊ ကျွန်တော်က ခေါင်းမာတဲ့လူပါ၊ ဒါကြောင့် ကျွန်တော်အတွက် မြို့စားကြီးတို့ အလုပ်ရှုပ်မခံပါနဲ့ ကျွန်တော့်သွားတော့မယ်'

သူက ယင်းသို့ပြောပြီး ဒူးထောက်ရာမှထ၍ အခန်းထဲမှ အမြန်ထွက်သွားလေတော့သည်။

မြို့စားကြီးမှာ ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

ဟန့်တားခြင်း မပြုတော့ပါ။

သူမကမူ မကျေမနပ်ဖြင့်....

'ဟင့်....လူကိုက မုန်းဖို့ကောင်းတယ်'

ဟု ပြောလိုက်သည်။

မြို့စားကြီးက သူမအား မျက်လုံးပြူး၍ကြည့်လိုက်ပြီး....

'ချင်းချင်း မင်း သူနဲ့ ဘာပြဿနာဖြစ်ထားလဲပြောစမ်း'

သူမက....

'ကျွန်မ သူ့ကိုမကျေနပ်ဘူး ဖေဖေ'

'ဘာဖြစ်လို့လဲ'

'သူက ကျွန်မမိတ်ဖွဲ့တာကို လက်မခံဘူး'

'ဟေ.... ကျုံပေါင်က မင်းမိတ်ဖွဲ့တာကို လက်မခံဘူး ဟုတ်လား'

'ဟုတ်တယ်.... ဖေဖေ၊ ကျွန်မလို မြို့စားမင်းရဲ့ သမီးတွေတောင် သူက အဖက်မလုပ်ချင်သလိုလိုနဲ့'

'ဟုတ်မယ် မထင်ပါဘူးကွယ်၊ ငါ့သမီးက ဒီလောက်ချောလှတာ၊ ဘယ်သူက မိတ်ဆွေမဖွဲ့ချင်ဘဲ နေပါ့မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဖေဖေရဲ့ သူက သူ့မိဘတွေအသတ်ရတာကို မကျေနပ်လို့ ဟာမင်ဂိုဏ်းကို ကလဲ့စားပြန်ချေဖို့ပဲ ခေါင်း ထဲ ထည့်နေတာ၊ ကျွန်တော့ ဘာကိုမှ စိတ်မဝင်စားဘူး သမီးကိုလဲ သူကိုယ်တိုင်က မိတ်မဖွဲ့ချင်ဘူးလို့ ငြင်းလိုက် တာ၊ တော်ကာ...တော်တော် လူပါးဝတယ်'

'ဟား...ဟား...ဟား'

ကျောင့်စန်က...

ရုတ်တရက် ရယ်မောလိုက်သည်။

ချင်းချင်းက...

'အဖေက ဘာရယ်တာလဲ'

ကျောင့်စန်က...

'ဒီလိုသတ္တိခဲကိုမှ အဖေက သဘောကျတာကွ၊ ငါ့ သမီးနဲ့ဆို လတ္တိခဲကျိုပေါင်နဲ့မှ ဖြစ်မှာ၊ ဟား...ဟား... ဟား...'

'ဟာ...အဖေကလဲ ဘာတွေပြောနေမှန်းလဲ မသိဘူး'

ကျောင့်စန်၏စကားကြောင့်...

ချင်းချင်းမှာ မိန်းကလေးပီပီ ရုတ်တရက် ရှက်သွေးဖြ သွားကာ အခန်းထဲမှ ပြေးထွက်သွားလေသည်။

ချင်းချင်း ရှက်သွေးဖြာသွားကာ ထွက်ပြေးသွားပုံ ကြည့်ကာ...



ချင်းချင်းမှာ ကျိုပေါင်ကို စိတ်ဝင်စားနေပြီဖြစ်ကြောင်း ကျောင့်စန်က အောင်းအောင်း ရိပ်မိလိုက်လေသည်။

....o....

ကျိုပေါင်သည် ယခင်ကဆိုလျှင် သဘောမနောအလွန် ကောင်းသူဖြစ်သည်။

သူ၏မျက်နှာမှာ ပြုံးရွှင်နေတတ်သည်။

မည်သူနှင့်မဆို စကားပြောဆက်ဆံသည့်အခါ ချိုသာ စွာ ပြောဆိုဆက်ဆံ တတ်မှုကြောင့်လည်း တစ်ရွာလုံးက သူ့အား ချစ်ခင်ကြလေသည်။

သို့သော်...

ယခုအခါ သူ၏အပြုအမူများ ပြောင်းလဲသွားလေပြီ၊ မည်သူနှင့်မဆို စကားပြေပြေပြစ်ပြစ် မပြောလိုတော့။ သူ၏ မျက်နှာတစ်ခုလုံးမှာလည်း မှုန်ကုတ်ချေနေသည်။ ယခု သူသည် မြို့စားကြီးအခန်းမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်လာသည်။

ထို့နောက်...

သူသည် မြို့စားကြီးအဆောင်မှ ချီးကွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မည်သူ့ကိုမှလည်း မကြည့်။

မျက်နှာအောက်ချကာ သူသွားလိုရာသို့သာ ဦးတည်နေသောကြောင့်....

သူက ယင်းသို့ချိုးကွေ့လိုက်စဉ်....

'အမယ်လေး'

မိန်းကလေးတစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားလေသည်။

ကျော်ပေါင်က တောင်းပန်ရန် ဟန်ပြင်လိုက်စဉ်....

မိန်းကလေးက ဦးစွာ တောင်းပန်စကား ဆိုလိုက်၏။

'စိတ်မရှိပါနဲ့ရှင်၊ ကျွန်မ အတွေးနည်းနည်း လွန်သွားလို့ပါ'

ကျော်ပေါင်က....

'ဟုတ်ကဲ့၊ ကျွန်တော်မှားတာလဲ ပါပါတယ်'

မိန်းကလေးက....

'ရှင်....ရှင်က'

သူက....

'ကျွန်တော့်နာမည် ကျော်ပေါင်ပါ'

မိန်းကလေးက....

'ဟူမင်ဂိုဏ်းသားတွေကြောင့် ဒဏ်ရာရသွားတဲ့ လူငယ်တစ်ယောက် ဒီဂေဟာကိုရောက်နေတယ်လို့ ကျွန်မကြားခဲ့တယ်၊ အဲ့ဒီလူက ရှင်လား'



'ဟုတ်ပါတယ်၊ ခင်ဗျားက....'

'ကျွန်မက မြို့စားကြီးရဲ့သမီးအကြီး ခိုင်ကျင်းပါ'

'ဪ....ခင်ဗျားက မြို့စားကြီးရဲ့သမီး အကြီးမကိုး'

အဘယ်ကြောင့်မှန်း မသိ။

သူသည် ခိုင်ကျင်းနှင့်ဆက်ဆံသည့်အခါ မျက်နှာမှာ ချိုလာပြီး လေသံမှာလည်း အနည်းငယ် ပျော့ပျောင်းလာသည်။

သူသည်....

ကိုယ့်ကိုယ်ကိုပင် မယုံကြည်နိုင်အောင် ဖြစ်လာသည်။

သူက....

ခိုင်ကျင်းအနီးမှ ထွက်ခွာသွားခြင်းမပြုသေးပဲ ခိုင်ကျင်းကို ကြည့်နေမိသည်။

ခိုင်ကျင်းမှာ သူ့အား စိုက်ကြည့်နေသဖြင့်အနေရခက်သွားသည်။

'ဒါနဲ့ ရှင်က ဘယ်ကိုသွားမလို့လဲ'

ခိုင်ကျင်းက အရှက်ပြေ မေးလိုက်သည်။

သူက....

'ကျွန်တော် ပြန်တော့မလို့'

'ဘာ....ရှင်ပြန်တော့မယ် ဟုတ်လား'

'ဟုတ်တယ်'

'ရှင့်ဒဏ်ရာ သက်သာသွားပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ဒဏ်ရာတွေတော့ မပျောက်သေးပါဘူး၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်လို့လဲ၊ နေရတာ အဆင်မပြေလို့လား'

'မဟုတ်ပါဘူး၊ ရွာပြန်ပြီး အခြေအနေကြည့်ချင်လို့ပါ'

သူတို့ ယင်းသို့ စကားပြောနေကြစဉ်....

အနီးသို့ ချင်းချင်း ရောက်ရှိလာလေသည်။

သူမက ကျုံပေါင်အား မျက်စောင်းထိုးကြည့်လိုက်ပြီးလျှင်....

'ရှင်.... မသွားသေးဘူးလား၊ ကျွန်မကတော့ ရှင်.... အခုလောက်ဆို ရွာပြန်ရောက်နေပြီတောင် ထင်နေတာ'

ဟု တမင်ပင် ပြောလိုက်သည်။

ကျုံပေါင်မျက်နှာ မြန်ရှုံတည်သွားသည်။

သူသည် ချင်းချင်းနှင့်စကားပြောလျှင် ဤသို့စိတ်မပါဘဲဖြစ်ရသည်ကို နားမလည်ပါ။

မည်သို့ဆိုစေ....

သူသည် ချင်းချင်းလို သွက်သွက်လက်လက်မိန်းကလေးမျိုးကို ကြည့်လို့မရသည်က အမှန်ပင်။

သူကြည့်လို့ရသည်က ခုကျင်းလို ညင်ငြိမ်ရှိ မိန်းကလေးမျိုးပင်။

ထို့ကြောင့်....

သူက ချင်းချင်းအနားသို့ရောက်လာသည်နှင့်....



'ကျုပ်ဒီမှာ ခုံကျင်းနဲ့တွေ့လို့ စကားပြောနေတာ အခုပဲသွားတော့မှာပါ'

ဟု ပြန်ပြောပြီး ထိုနေရာမှ ထွက်သွားလေသည်။

သူမက နောက်မှလှမ်းအော်လိုက်သည်။

'သွားသွား....မြန်မြန်သွား'

ခုံကျင်းက အားတုံ့အားနာဖြစ်သွားလေသည်။

'ဟဲ့....ညီမ ဒီလိုမပြောရဘူးလေ'

သူမကား....

'ကျွန်မ မပြောချင်ပါဘူး၊ ဒါပေမယ့် သူ့ကြောင့် ကျွန်မက ဒီလိုပြောရတာ'

ခုံကျင်းမှာ နားမလည်နိုင်အောင်ဖြစ်ရလေသည်။

သူမကလည်း ကျုံပေါင်အား မြင်မြင်ချင်း ခင်မင်မိသွားခဲ့ပြီ မဟုတ်ပါလား။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အနှောင့်အယှက်

---

'ဆရာကြီး....ဆရာကြီး'

ဟူမင်ဆရာကြီးသည် အေးဆေးစွာထိုင်ရင်း အကြံဉာဏ်များ ထုတ်နေစဉ်....

ဂိုဏ်းသားတစ်ယော အထိတ်တလန့် အော်ခေါ်သံကြောင့် သူက လန့်ဖြန့်သွားကာ....

'ဟဲ့...ဘာဖြစ်တာလဲ'

ဟု မေးလိုက်သည်။

ဂိုဏ်းသားတစ်ယောက်က....

'ကျွန်တော်တို့ တောင်ပိုင်းကရွာကိုဓားပြတိုက်ဖို့အသွားမှာ နေပြည်တော်က ရောက်လာတဲ့ ထောက်လှမ်းရေးမှူးအဖွဲ့နဲ့ တွေ့ပြီး အားလုံးသေကုန်ပြီ'



'ဘာကွ'

ဆရာကြီးက ဒေါသတကြီး အော်ငေါက်လိုက်သဖြင့် ဂိုဏ်းသား ထိတ်လန့်သွားသည်။

ဆရာကြီးက....

'ငါတို့လူတွေ သေကုန်ပြီဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

'မင်းတို့က ဘယ်နှစ်ယောက်လဲ'

'အဖွဲ့သားငါးယောက်မှာ ကျွန်တော်တစ်ယောက်တည်း လွတ်လာပါတယ် ဆရာကြီး'

'တောက်...မိုက်ရိုင်းလိုက်တာကွာ'

ဆရာကြီးက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး....

'ဒီကောင်တွေ ငါ့ကို စိန်ခေါ်တာပဲ'

သူက ဂိုဏ်းသားအား....

'ဟိုသုံးကောင် ပြန်မလာသေးဘူးလား'

ဟု မေးလိုက်သည်။

ဂိုဏ်းသားက....

'ဘယ်သုံးယောက်လဲ ဆရာကြီး'

ဟု ပြန်မေးလိုက်သည်။

ဆရာကြီးက....

တုံး ပုနဲ့ ချွန်းမိတို့သုံးယောက်ကို ပြောနေတာ'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားက....

'စခန်းမှာ သူတို့သုံးယောက်ကို မတွေ့ဘူး'

ဆရာကြီး ပို၍ဒေါသထွက်သွားသည်။

'တောက်....ခင်းတို့ ထောက်လှမ်းရေးအဖွဲ့ကို သွားစုံစမ်းဖို့ လွှတ်လိုက်ပါတယ်၊ ဘယ်မှာသွားစုံစမ်းနေကြလဲ မသိဘူး၊ သူ့ဘူးအတွေ သူတို့ခေါင်းကို တက်နင်းသွားကြတာတောင် မသိကြဘူး၊ တောက်....တော်တော် အသုံးမကျ ဖွဲ့ ကောင်တွေ'

သူက ရှေ့မှ ရပ်နေသော ဟူမင် ဂိုဏ်းသားကိုလည်း အော်ငေါက်လိုက်သည်။

'သွား...မင်းလဲ့ ဘာမှ မထူးဘူး အတူတူပဲ၊ အားလုံး အသုံးမကျဘူး၊ တစ်ယောက်မှ အသုံးမကျဘူး၊ သွားထွက်သွား'

ဂိုဏ်းသားမှာ အလန့်တကြားဖြစ်၍ ထိုနေရာမှ ခြေကုန်သုတ် ပြေးထွက်သွားလေတော့သည်။

....၅....

ဟူမင်ဆရာကြီးမှာ ဒေါသကို ဖြေသိမ့်မရဘဲ ဖြစ်နေလေသည်။



'တောက်...ဖေးထိုက်....ဖေး ...က်...မင်းက ငါတို့အဖွဲ့ကို တော်တော် အနှောင့်အယှက်ပေးနေပြီ၊ မင်းကို ငါဘယ်လို နှိမ်နင်းရမလဲ၊ စဉ်းစားစမ်း....စဉ်းစားစမ်း'

သူက အတန်ကြာအောင် အကြံဥာဏ် ထုတ်နေပြန်သေးသည်။

စဉ်းစားနေပြန်သည်။

အတန်ကြာမှ သူက...

'ငါ... ဒီကောင်နဲ့ ထိပ်တိုက် ရင်ဆိုင်ရင် ကောင်းပါ့မလား'

သူက ချက်ချင်းဆိုသလိုပဲ ထိုအကြံဥာဏ်ကို ပယ်ဖျက်မိသည်။

'အို...မဖြစ်သေးဘူး၊ ဒီကောင်က တော်ရုံတန်ရုံ ပညာလောက်နဲ့တော့ ဒီနယ်ကို လာပြီး ငါတို့အဖွဲ့ကိုနှိမ်နင်းရဲမှာ မဟုတ်ဘူး၊ အခုဟာက သူက အဆင့်မြင့် သိုင်းသမားတစ်ယောက်ပဲ ဖြစ်ရမယ်၊ သူ့ရဲ့ အဖွဲ့သားတွေကလဲ ခေသူတွေ ဖြစ်ဟန်မတူဘူး....

'တကယ်လို့ ငါက သူနဲ့ ယှဉ်ပြိုင်လို့ အနိုင်ရရင်တော့ ကောင်းတယ်၊ အနိုင်မရရင် ငါအရှက်ရမယ်၊ ဒီတော့ငါဘယ်လိုလုပ်ရမလဲ'

သူသည် အတန်ကြာအောင် အဖြေ ထုတ်နေသော်လည်း အဖြေက ထွက်မလာဘဲ ဖြစ်နေသည်။

....၀....

www.burmeseclassic.com

ဟူမင် သိုင်းဆရာကြီးသည် အတန်ကြာအောင် အဖြေထုတ်နေရာ မကြာပါချေ။

သူက အဖြေ ရှာတွေ့သွားခဲ့သည်။

ထိုအချိန်မှာပင်....

အခန်းထဲသို့ လူသုံးဦး ဝင်ရောက်လာသည်။

သူတို့၏ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်များနှင့် သွေးချင်းချင်း နီနေသည်။

ထိုလူ သုံးဦးအား မြင်တွေ့လိုက်ရသောအခါ....

ဟူမင်သိုင်းဆရာကြီး၏ မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

'တု၊ ပုန့် ချန်းမိ မင်းတို့ သုံးယောက် ဘယ်လို ဖြစ်လာကြတာလဲ'

သူက အံ့သြစွာဖြင့် မေးလိုက်သည်။

တုက....

'ဆရာကြီးရဲ့ အမိန့်အတိုင်း ကျွန်တော်တို့ ထောက်လှမ်းရေးမှူး အဖွဲ့နေဂက်ကို ခြေရာခံ လိုက်ခဲ့ပါတယ်'

ဆရာကြီးက....

'ဆက်ပြော'

ပုံက ခင်၍....

'ဒီလိုပါ၊ အဲ့ဒီလို စုံစမ်းတဲ့အခါ ထောက်လှမ်းရေးမှူး အဖွဲ့ကို မြို့စားကြီးက ကြိုဆိုသွားပြီး သူ့ရဲ့ ဂေဟာနောက်က တန်းလျားတွေမှာ နေထိုင်ခွင့် ပြုထားတယ်လို့ သတင်းရရှိတယ်'



ဆရာကြီးက....

'ဒါဖြင့်....ထောက်လှမ်းရေးအဖွဲ့ဟာ မြို့စားကြီးရဲ့ အိမ်ခြံဝင်း အတွင်းမှာ နေကြတယ်ပေါ့ ဟုတ်လား'

ချန်းမိကလည်း ဝင်ပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်တို့လဲ သတင်း ရရချင်းပဲ မြို့စားကြီး ဂေဟာအနီးကို သွားပြီး ထောက်လှမ်းရေးအဖွဲ့ရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်ခဲ့ကြပါတယ်'

ဆရာကြီးက....

'ဆက်ပြောပါဦး'

ချန်းမိက....

'အဲ့ဒီလို စောင့်ကြည့်နေတုန်းမှာ အဲ့ဒီ မြို့စားကြီး အိမ်ဂေဟာထဲက ထောက်လှမ်းရေးမှူးတို့ ကယတင်သွားတဲ့ ဟိုသတ္တုခဲလေး ထွက်လာတယ်'

သူက ဆက်ပြော၏။

'ကျွန်တော်တို့လဲ အဲ့ဒီ သတ္တုခဲလေး နောက်ကို လိုက်သွားတာပေါ့။ သူက အတော်လျှင်တယ်၊ တစ်ခဏလေးနဲ့ အဝေးကြီး ရောက်သွားလို့ ကျွန်တော်တို့လဲ မနည်းလိုက်ရတယ်၊ ဒါနဲ့ မြို့ပြင်ကို ရောက်ပြီး သူ့ကို မီခါနီးလေးမှာပဲ....'

သူက ဆက်မပြောဘဲ ရပ်လိုက်သဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက....

'ဘာဖြစ်သလဲ၊ ဆက်ပြောလေ'

ပုက ဝင်၍....

'သတ္တုခဲလေးကို မှီခါနီးမှာပဲ ထောက်လှမ်းရေးမှူးအဖွဲ့နဲ့ တိုးပြီး ထောက်လှမ်းရေးမှူး ဖေးထိုက်က ကယ်တင်လိုက်ပြန်တယ်၊ ကျွန်တော်တို့လဲ ဆရာကြီးမြင်တဲ့ အတိုင်းပဲ ဒဏ်ရာကိုယ်စီ ရသွားတယ်'

ထိုစကားကြောင့် ဆရာကြီးက...

'မင်းတို့ ပြောတော့ ထောက်လှမ်းရေးမှူးအဖွဲ့ကို စောင့်ကြည့်နေတာဆို၊ အခု ထောက်လှမ်းရေးမှူးအဖွဲ့နဲ့ လမ်းမှာ တိုးတယ်ဆိုတော့ မင်းတို့က ဘယ်လိုဖြစ်တာလဲ'

ထိုအခါ...

ချွန်းမိက....

'ကျွန်တော်တို့ မြို့စားကြီး ဂေဟာကို တစ်ညလုံးမအိပ်ဘဲ စောင့်ကြည့်ခဲ့ကြပါတယ်၊ ဘာမှ မထူးခြားဘူး၊ မိုးလင်းတော့လဲ ဘာမှ မထူးခြားဘူး၊ ဘယ်လိုလုပ် အပြင်ထွက်သွားကြတယ်ဆိုတာ ကျွန်တော်တို့ မမြင်လိုက်ကြဘူး'

ပုက....

'ဟုတ်တယ်...ဆရာကြီး၊ ထောက်လှမ်းရေးအဖွဲ့ကကိုယ်ဖျောက် သိုင်းပညာများ တတ်ထားကြသလား မသိပါဘူး'

'တိတ်စမ်း'

ဆရာကြီးက အော်ငေါက်လိုက်သည်။



'မင်းတို့ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့'

တုး ပုနှင့် ချွန်းမိတို့ သုံးယောက်စလုံး ပါးစပ်ပိတ်ထားကြသည်။

ဆရာကြီးက ဆက်၍...

'ဘယ်သူမှ ကိုယ်ဖျောက်ပညာမတတ်ဘူး၊ အခုလို ဖြစ်ရတာက မင်းတို့ အသုံးမကျလို့၊ မင်းတို့ ပေါ့ဆလို့၊ မင်းတို့ စေ့စပ်သေချာမှု မရှိလို့၊ သူတို့က ဂေဟာထဲမှာ ညကတည်းက မရှိတော့တာကွ....

'သူတို့ကို သေချာ စောင့်မကြည့်ထားလို့ အခု တောင်ပိုင်းက ရွာကို သွားတိုက်တဲ့ လောက်ကျိုတို့အဖွဲ့ သူတို့ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရပြီး အားလုံး သေကုန်ပြီကွ'

'ဗျာ'

တုး ပုနှင့် ချွန်းမိတို့ သုံးဦးစလုံး ဖြိုင်တူ အသံထွက်သွားကြသည်။

ဆရာကြီးက....

'အခုမှ ဗျာမနေနဲ့၊ ဒီတစ်ခါတော့ မင်းတို့ကို ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို ငါမင်းတို့ကို ညှာမှာမဟုတ်တော့ဘူး၊ သွား...မင်းတို့ ဒဏ်ရာတွေ ဆေးသွားထည့်ကြ၊ ညနေကျရင် မင်းတို့ကို ပြောစရာရှိတယ်၊ ငါ့ဆီ ပြန်လာခဲ့ကြ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ ဆရာကြီး'

တုံး ပုနှင့် ချွန်းမိတို့က ပြိုင်တူ ဦးညွှတ် ဂါရဝပြုလိုက်ကြပြီး ထွက်သွားကြတော့သည်။

....၀....

## မနေ့ချင်တော့လို့

'ထောက်လှမ်းရေးမှူး ကျွန်တော့်ကို ကယ်တင်တာအခုနဲ့ဆို နှစ်ခါရှိသွားပြီနော်'

ကျော်ပေါင်က ထောက်လှမ်းရေးမှူးဖေးထိုက်အား ပြောလိုက်ခြင်းဖြစ်သည်။

ဖေးထိုက်က ပြုံး၍ ကျော်ပေါင်၏ ပခုံးအားပုတ်လိုက်ပြီး....

'မင်းက ဒဏ်ရာမပျောက်သေးဘဲ ဘာကြောင့် ထွက်လာရတာလဲ'

ကျော်ပေါင်က....

'ကျွန်တော် မြို့စားဂေဟာမှာ မနေချင်တော့လို့'

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က....

'ဘာဖြစ်လို့ မနေချင်တာလဲ'

ကျီပေါင်က....

'မြို့စားကြီးရဲ့ အငယ်ဆုံးသမီး ချင်းချင်းဆိုတဲ့ မိန်းကလေး ကြောင့်ပေါ့'

ဖေးထိုက်က....

'သူက ဘာဖြစ်လို့တုန်း'

'သူက ကျွန်တော့်ဆီ ခဏခဏလာပြီးတော့ စကားတွေလာပြောတယ်၊ ကျွန်တော်က အေးအေးဆေးဆေးဘဲ နေချင်တာ'

'ဪ....ဒါကြောင့်ကိုး၊ သူက မင်းကိုချစ်လို့ပါကွာ'

ကျီပေါင်က....

'ကျွန်တော်တော့ မနေတတ်ဘူးဗျာ၊ ပြီးတော့ မြို့စားကြီးကိုလည်း ကျွန်တော်မျက်နှာပူတယ်၊ တော်ကြာ ကျွန်တော့်ကို တစ်မျိုးထင်သွားမှာစိုးတယ်'

'ဟား....ဟား....မင်းကတော့ကွာ၊ ကဲ....ဒါတွေ ထားလိုက်ပါတော့လေ၊ အခု မင်း ရွာကိုပြန်မှာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဖြင့် ငါတို့လိုက်ပို့ပေးမယ်'



'ရပါတယ်ဗျာ အစ်ကိုကြီးတို့လဲ ရန်သူတွေနဲ့ ရင်ဆိုင်ရလို့ ပင်ပန်းနေပြီ'

'ရပါတယ်ကွာ၊ မင်းအိမ်ကိုလဲ သိရတာပေါ့'

သူက ခေါင်းညိတ်လိုက်သည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

## ချမ်းကျိရွာကလေး

ချမ်းကျိရွာကလေး။

ချမ်းကျိရွာကလေးတွင် အိမ်ခြေတစ်ရာခန့် ရှိလေသည်။

ထိုရွာကလေး၌ အိမ်ကြီးအိမ်ကောင်းများရှိသလို....

တဲအိမ်ကလေးများလည်း ရှိနေသည်။

ခွဲ၍ ရေတွက်ကြည့်မည်ဆိုလျှင် အိမ်ကြီး အိမ်ကောင်းများက ပို၍များ၏။

ထိုအိမ်ကြီးအိမ်ကောင်းများထဲ၌ အိမ်တစ်အိမ်မှာ ပို၍ကြီးကျယ်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အိမ်ကြီးမှာ ကြီးကျယ်ရုံမက ခြံဝန်းကြီးမှာလည်း ကျယ်ပြန့်လှသည်။



ထို့ကြောင့်....

မည်သူမဆို အိမ်ကြီး၌ နေထိုင်သူများမှာ ချမ်းသာကြွယ်ဝသူများဖြစ်ပြီး လူ့ဦးရေည်မှာလည်းများမည်ဟု ထင်မြင်မိကြမည်သာဖြစ်သည်။

သို့သော်....

တကယ့်တမ်း ထိုအိမ်ကြီးအတွင်းသို့ ဝင်ရောက်ကြည့်မည်ဆိုလျှင်....

လူတစ်ယောက်မှ နေထိုင်ခြင်းမရှိသည်ကိုတွေ့ရမည် ဖြစ်လေသည်။

ယခု....

ဖေးထိုက်တို့လစုနှင့် ကျော်ပေါင်တို့မှာ ထိုအိမ်ကြီးရှေ့၌ မြင်းများကို ကိုယ်စီရပ်လိုက်ကြသည်။

ဖေးထိုက်က ကျော်ပေါင်အား လှည့်၍....

'မင်းတို့အိမ်က ဒီအိမ်လား'

ကျော်ပေါင်က ခေါင်းညိတ်၏။

'ဟုတ်ပါတယ်'

အိမ်ကြီးမှာ တိတ်ဆိတ်နေသည်။

ဖေးထိုက်က သက်ပြင်းတစ်ချက်ချပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။

ကျော်ပေါင်ကလည်း ဆင်းလိုက်သည်။

ထိုအခါ....

www.burmeseclassic.com

www.burmeseclassic.com



ကျိုပေါင်ပြန်ရောက်လာသည်ကို မြင်တွေ့လိုက်ရသော အိမ်နီးနားချင်းများက ထွက်လာကြသည်။

'ကျိုပေါင်...မင်း...မင်းမသေဘူးနော်'

အသက်ငါးဆယ်ကျော် အဘိုးအိုတစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

သူက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်အဘ၊ ကံကောင်းထောက်မပြီး ဟောဒီက ထောက်လှမ်းရေးအဖွဲ့နဲ့တွေ့ပြီး ကျွန်တော့်ကို ကယ်လိုက်ကြလို့ ကျွန်တော့်ကို အခုလို တွေ့ရတာပေါ့'

အသက်လေးဆယ်ကျော် လူကြီးတစ်ယောက်က...

'ကျိုပေါင်...မင်း ဒဏ်ရာတွေ ရထားတယ် ဟုတ်လား'

ကျိုပေါင်က...

'ဟုတ်တယ်၊ ကျွန်တော့်မြို့စားကြီးအိမ်မှာ ဆေးကုသမှု ခံနေရလို့ အခုလို ရက်ကြာသွားတယ်'

သူ၏မျက်နှာ ရုတ်တရက် ညှိုးနွမ်းသွားပြီး...

'ဒါနဲ့ ကျွန်တော့်မိဘရဲ့ ရုပ်အလောင်းကို တယ်မှာ မြှုပ်နှံပြီး သင်္ဂြိုဟ်ထားကြလဲဟင်'

အဘိုးအိုက သက်ပြင်းချပြီး...

'ရွာပြင်မှာပဲ မြှုပ်နှံကြတယ်'

ကျိုပေါင်က...

'အိမ်ဖော်တွေတော့ တစ်ယောက်မှ အသက်မရှင်ကြဘူး မဟုတ်လား အဘ'



အဘိုးအိုက ခေါင်းညိတ်၏။

'ဟုတ်တယ်ကွယ်၊ မင်းတို့အိမ်က အိမ်ဖော်တွေကတော့ အတော်ကို သစ္စာရှိကြတဲ့ လူတွေပဲကွာ'

ကျိုပေါင်က...

'ဟုတ်ပါတယ်အဘ သူတို့ဟာ ထွက်ပြေးလို့ ရရဲ့သားနဲ့ မထွက်ပြေးကြပဲ သူတို့သခင်နဲ့ သခင်မနဲ့အတူ ရင်ဆိုင်တိုက်ပွဲဝင်ကြတယ်'

ဖေးထိုက်ကဝင်၍...

'ဒါဖြင့် မင်းတို့တစ်အိမ်သားလုံးက သိုင်းပညာအခြေခံ ရှိကြတာပေါ့'

ကျိုပေါင်က ခေါင်းညိတ်၏။

'ဟုတ်ပါတယ် ဖေဖေကံ သိုင်းပညာတတ်တာကြောင့် အိမ်သားတွေအားလုံးကိုပါ သင်ပေးထားတာပါ'

ဖေးထိုက်ကဟ

'ဒါဖြင့် မင်းတ်မိသားစုက အတော် စည်းရုံးကြတာပဲ၊ အခုလိုဖြစ်သွားတာ စိတ်မကောင်းပါဘူး'

ကျိုပေါင်က ဖေးထိုက်အား...

'အစ်ကိုတို့ အိမ်ပေါ်တက်ကြပါ'

ဖေးထိုက်က...

'မင်း...မင်းမိဘကို သွားမကန်တော့ဘူးလား'

'သွားမှာပါ၊ လောလောဆယ် အစ်ကိုကြီးတို့ကို ဧည့်ဝတ်မကျေမှာစိုးလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က....

'ငါတို့အတွက် ခေါင်းထဲထည့်မနေပါနဲ့ မင်း သွားပါ၊

'ငါတို့ ဒီကပဲစောင့်နေမယ်'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

ကျံပေါင်က မြင်းပေါ်ပြန်တက်ကာ ရွာပြင်သို့မောင်းနှင်သွားလေတော့သည်။

မြင်းကိုမောင်းနှင်ထွက်သွားသော ကျံပေါင်၏နောက်ကျောပြင်အားကြည့်၍ လူကြီးက ဖေးထိုက်အား....

'အင်း...ဒီသူငယ်တော့ မိသားစုက အင်မတန်မှ စိတ်ကောင်း နှလုံးကောင်းရှိကြတာ၊ ဒီလို မိသားစုရဲ့ကြားမှာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မှ ကြုံရတယ်လို့ စိတ်မကောင်းစရာပါပဲဗျာ'

ဟု ပြောလိုက်သည်။

ဖေးထိုက်က....

သူမှာ တစ်ခြားမြို့ရွာမှာနေတဲ့ ဆွေမျိုးတွေကော ရှိကြသား'

လူကြီးက....

'ရှိတော့ရှိမှာပေါ့၊ ဒါပေမယ့် သူတို့မိသားစုက ဘယ်ဆွေမျိုးအကြောင်းကိုမှပြောတာ မကြားရဘူး၊ ကျံပေါင်ကို မေးကြည့်ပြန်တော့လည်း သူ မသိဘူးလို့ ပြောတယ် သူ့အဖေနဲ့အမေကလည်း သူ့ကို ဘယ်ဆွေမျိုးအကြောင်းမှ ပြောမပြဘူးလို့ပြောတယ်'



ဖေးထိုက်က....

'ဒါဖြင့် သည်ကောင်လေးကို တိုင်းပြည်အတွက်အကျိုးပြုနိုင်မယ့် မင်းမှုထမ်းတစ်ယောက်တော့ ဖြစ်စေချင်တယ်'

အဘိုးအိုက....

'ဟုတ်ပါတယ်၊ သူ့ကို ဒီအတိုင်း ပစ်ထားမယ်ဆိုရင် သူ့ဘဝဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တယ်၊ ထောက်လှမ်းမှုတို့က သူ့ကို ဝိုင်းဝန်းကူညီ စောင့်ရှောက်ပြီး သူ့ဘဝလေးကို မြှင့်ပေးမယ် ဆိုရင်တော့ ဝမ်းသာစရာပဲပေါ့ဗျာ'

လူကြီးက ဝင်၍....

'ထောက်လှမ်းရေးမှူးတို့ကို အားနာစရာဗျာ၊ အိမ်ပေါ်ကို ခေါ်သွားကြရအောင်'

အဘိုးအိုက....

'ဟုတ်ပါ့ဗျာ၊ လာပါ ထောက်လှမ်းရေးမှူးတို့အိမ်ပေါ်ကို တက်ကြပါ'

ဤသို့ဖြင့်....

ဖေးထိုက်တို့လူစုသည် အဘိုးအိုတို့၏လမ်းပြခေါ်ဆောင်သွားမှုကြောင့် ကျံပေါင်၏ အိမ်ဂေဟာ ပေါ်သို့ တက်သွားကြသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အကြံကောင်း

ဟူမင်သိုင်းဆရာကြီး၏ အခန်းတွင်း၌ တုတ်၊ ပုန္နင့် ချန်းမိ တို့က ရောက်ရှိနေကြပြီဖြစ်သည်။

ဟူမင်သိုင်းဆရာကြီးကလည်း ထိုအခန်းထဲ၌ ငြိမ်သက်စွာ ထိုင်နေ၏။

သို့သော်....

သူက မည်သည့်စကားကိုမျှ မပြောသေးချေ။

တုတ်က မနေနိုင်တဲ....

'ဆရာကြီး ကျွန်တော်တို့ ရောက်နေပါပြီ'

ဟု ပြောလိုက်သည်၊

ဆရာကြီး၏ အသံ ထွက်လာသည်။

'ငါသိတယ်၊ မင်းတို့ ပါးစပ် ပိတ်ထားကြ'

'ဟုတ်....ဟုတ်ကဲ့'



တုတ်က ပါးစပ်ပိတ်သွားသည်။

သို့သော်....

အတန်ကြာသည်အထိ ဆရာကြီးထံမှ မည်သည့် အသံမှ ထွက်မလာပေ။

ထို့ကြောင့်....

သူတို့ သုံးဦးမှာ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

ထိုအချိန်မှာပင်....

ဆရာကြီး၏ အသံ ထွက်ပေါ်လာသည်။

'မင်းတို့ စဉ်းစားထားကြပြီးပြီလား'

အဆက်အစပ်မရှိ မေးလိုက်သော စကားကြောင့်....

တုတ်၊ ပုန္နင့် ချန်းမိတို့ သုံးယောက်မှာ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

မည်သို့ ပြန်ဖြေရမည်ကိုလည်း မသိဖြစ်နေ၏။

'ကျွန်....ကျွန်တော်တို့ ဘာကို စဉ်းစားရမှာလဲ ဆရာ ကြီး'

'ဝုန်း'

တုတ်၏ မေးခွန်းကြောင့် ဆရာကြီးမှာ ဒေါသတကြီးဖြင့် စားပွဲအား လက်ဝါးဖြင့် ရိုက်ချလိုက်၏၊

'မင်းတို့ တော်တော် အသုံးမကျတဲ့ ကောင်တွေပဲ .... မင်းတို့ အသုံးမကျတာက အတော်ကို လွန်နေပြီ ....'

www.burmeseclassic.com



ချန်းမိတို့ သုံးယောက်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ....

'စိတ်မဆိုးပါနဲ့ ဆရာကြီး၊ ကျွန်.... ကျွန်တော်တို့ မေ့သွားလို့ပါ ဆရာကြီး၊ နောက်တစ်ခေါက်လောက် ပြန်ပြောပါလား'

ဟု ပုက ပြောလိုက်သည်။

တုကလည်း ဝင်၍....

'ဟုတ်ပါတယ် ဆရာကြီး၊ ဆရာကြီးရဲ့ ဒေါသကို ခဏလျှော့ထားပါ'

ချန်းမိက လည်း....

'ဟုတ်ပါတယ်၊ ဒီအချိန်ဟာ ရန်သူကို ရင်ဆိုင်ဖို့ အရေးအကြီးဆုံး အချိန်ကို ရောက်နေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့တစ်တွေ တစ်ယောက်နဲ့ တစ်ယောက် စိတ်ဆိုးပြီး သေ့နကြဲလို့ မဖြစ်ဘူး'

'တော်...မင်းတို့ ဆရာလုပ်မနေနဲ့'

ဆရာကြီးက ဆက်၍....

'အေး....ဒီတစ်ခါ ငါ ခွင့်လွှတ်လိုက်ပြီ၊ မင်းတို့ကို ထပ်ပြောပြမယ်၊ နောက်တစ်ခါဆို ငါ့စကားကို မနာခံလို့ကတော့ မင်းတို့ မလွယ်ဘူးမှတ်'

'ဟုတ်ကဲ့ပါ၊ ဒါနောက်ဆုံးပါပဲ'

'ဖေးထိုက်ကို ဒီမြို့မှာ မနေနိုင်တဲ့ ပြန်ပြေးသွားအောင် လုပ်ဖို့ နည်းလမ်းကောင်းတွေ မင်းတို့ကို ရှာထားခိုင်းတယ်လေ'



'ဩော်... မေ့နေလိုက်တာ၊ ဟုတ်တယ်.... ဟုတ်တယ်၊ အခုမှ သတိရတယ်'

တုက ပြောလိုက်သည်။

ပုနှင့် ချန်းမိလည်း သတိရသွား၏။

'ဟုတ်တယ်...ကျွန်တော်တို့လဲ သတိရပြီ၊ ဆရာကြီးကျွန်တော်တို့ကို စဉ်းစားခိုင်းထားတာပဲ'

ဆရာကြီးက မျက်မှောင်ကုတ်လျက်....

'ကဲ....ပြော....မင်းတို့မှာ အကြံဉာဏ်တွေ ရှိသလား'

ပုက....

'ရှိတာပေါ့ဗျာ'

'ဘာလဲ ပြောစမ်း'

ဆရာကြီးက မေးလိုက်သည်။

ပုက အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'ဒါက အလွယ်လေးပါ၊ ဒီနယ်မှာ ဆရာကြီးကို ကျော်နိုင်တဲ့လူ တစ်ယောက်မှ မရှိဘူး မဟုတ်လား'

'အေး...ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ'

'အဲဒါ...ဆရာကြီး အရင်လူတွေလိုပဲ ဖေးထိုက်ကို စိန်ခေါ်လိုက်ပေါ့'

'တိတ်စမ်း၊ မင်းအကြံကို ငါသဘောမကျဘူး'

ပုက စိတ်ပျက်သွားသည်။

'ဒီလောက်ကောင်းတဲ့ အကြံကို လက်မခံဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက....

'ကျုန်တဲ့လူတွေရော ဘယ်လို အကြံအစည်ရှိတယ်ဆိုတာ ပြောစမ်း'

တုက်....

'ကျွန်တော်ကတော့ အဖွဲ့သားတွေ အားလုံးကို စုစည်းပြီး သူတို့ တည်းခိုနေထိုင်တဲ့ မြို့စားကြီးခြံဝင်းထဲကို အလစ်ဝင်ရောက် တိုက်ခိုက်ချင်တယ်၊ ဒါဆို သူတို့ အငိုက်မိပြီး တော်တော် အထိနာသွားမယ်'

ဟူမင်သိုင်းဆရာကြီးက မျက်နှာရှုံ့မဲ့၍ခေါင်းခါယမ်းလိုက်ပြန်သည်။

'ဒီအကြံဥာဏ်လဲ သိပ်ဘောမကျသေးဘူး၊ ချွန်းမိရော'

သူက ချွန်းမိအား မေးလိုက်သည်။

ချွန်းမိက....

'ကျွန်တော်ကတော့ သူတို့ ဒီမှာကြာကြာမနေနိုင်အောင် သူတို့စိတ်တွေ ချောက်ခြားသွားအောင် လုပ်ချင်တယ်'

ဆရာကြီးက....

'ပြောစမ်းပါဦး၊ ဘယ်လိုလုပ်မယ်ဆိုတာ'

ချွန်းမိက....

'ကျွန်တော်တို့ ကိုယ်ယောင်ဖျောက်ပြီး သူတို့ လူတွေကို တစ်နေ့တစ်ယောက်ဆီ သတ်ပစ်မယ်၊ အဲဒီအခါ သူတို့တွေ အတော် ချောက်ချားသွားမယ်၊ ကြာကြာလဲ နေရဲတော့မှာ မဟုတ်ဘူး'



ဆရာကြီးက....

'ဒီအကြံကတော့ မဆိုးဘူး'

ချွန်းမိက ရင်ကော့လိုက်သည်။

သို့သော်....

ဆရာကြီးက....

'ဒါပေမယ့်....ဒီလို လုပ်တာဟာ ကံစမ်းမဲ့ နှိုက်သလိုပဲ မသေချာဘူး၊ တကယ်လို့သာ သူတို့ လူတွေရဲ့ အစွမ်းက တို့လူတွေထက် သာနေရင် တကယ်တမ်း ဆုံးရှုံးရမှာက ငါတို့ဘက်က လူတွေ ဖြစ်နေလိမ့်မယ်၊ ဒီအကြံကိုလဲ ငါလက်မခံဘူး'

ချွန်းမိက မျက်နှာရှုံ့မဲ့သွားသည်။

ဟူမင် သိုင်းဆရာကြီးကဆက်၍....

'မင်းတို့အကြံတွေတင်ပြပြီးပြီ၊ ဒါပေမယ့် ငါ ဘယ်လို အကြံကိုမှ လက်မခံဘူး၊ အခု ငါ့အကြံပဲရှိတော့တယ်'

တု၊ ပုန္နင့် ချွန်းမိက....

'ဆရာကြီးက ဘယ်လိုများ စဉ်းစားထားသလဲ ပြောပါဦး'

ဟူမင်သိုင်းဆရာကြီးက သူ၏ မေးစေ့ကို လက်ဖြင့်ပွတ်လိုက်ပြီး....

'ဒီလိုကွ....ဒီလို ကြေးစားလူသတ်သမားတွေကို အဆိပ်သိန်းငှက်ကို ငွေကြေး ထိုက်ထိုက်တန်တန်ပေးပြီး သတ်ခိုင်းလိုက်ရင်ပြီးတာပဲပေါ့၊ ဒါဆိုရင် မင်းတို့လည်း ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ရောက်စရာအကြောင်းမရှိတော့ဘူး၊ ဟား.... ဟား.... မပိုင်လား ငါ့အကြံ'

တုက....

'ဆရာကြီး...သည်လူက ဘယ်မှာနေလို့တုန်း'

'ကျောက်တစ်လုံးတောင်'

ပုက....

'သူက ဖေးထိုက်ကို လုပ်ကြံမယ့်ကိစ္စကို လက်ခံပါ့မလား'

ဟုမင် သိုင်းဆရာကြီးက....

'လက်ခံရမှာပေါ့၊ ဘာကြောင့်လည်းဆိုတော့ အဲ့သည်လူဟာ ငါ့ရဲ့အဆိပ်ဘုရင် ကျွမ်းလုံရဲ့တပည့်ဖြစ်နေလို့ပဲ။ ဒါကြောင့် ဘယ်လိုနည်းနဲ့မဆို သူ ငါ့ရဲ့တောင်းဆိုမှုကို လက်ခံမှာပဲ'

ချွန်းမီ ဝမ်းသာသွားသည်။

'ဆရာကြီးရဲ့ အကြံဉာဏ်ပိုင်ပါပေတယ်'

တုက်လည်း....

'ဟုတ်တယ် ဆရာကြီးပြောတဲ့အစီအစဉ်ကိုကျွန်တော်တို့သဘောကျတယ်။ ဖေးထိုက်ကိုသာ ရှင်းပစ်နိုင်ခဲ့ရင် သည်ကျန်းစီပြည်နယ်တစ်ခုလုံးကို ကျွန်တော်တို့ စိတ်ကြိုက် ထင်သလို ချယ်လှယ်နိုင်မယ်'

ဆရာကြီးက....

'ကဲ....ကဲ....သည်ကိစ္စကို ငါစီစဉ်လိုက်ဦးမယ်။ မင်းတို့လည်း သတိဝီရိယမပြတ်နေကြ ဟိုထောက်လှမ်းရေးအဖွဲ့ကိုလည်း မျက်ခြည်မပြတ်စောင့်ကြည့်နိုင်ရင် စောင့်ကြည့်ထားကြ၊ ကဲ...သွားကြတော့'



'ဟုတ်ကဲ့ဆရာကြီး'

သူတို့သည် လူစုခွဲ၍ ထွက်သွားကြလေတော့သည်။

....o....

www.burmeseclassic.com

# မြို့စားဂေဟာသို့

---

ကျော်ပေါင်သည် မိဘ၏ အုတ်ဂူသို့ သွားရောက် ကန်တော့ပြီး ပြန်ရောက်လာပြီဖြစ်သည်။

ထို့ကြောင့်....

ဖေးထိုက်က ကျော်ပေါင်အား....

'ကျော်ပေါင် မင်းမှာ ဆွေမျိုးတွေရှိလား'

ဟု မေးလိုက်သည်။

ကျော်ပေါင်က ခေါင်းခါ၏။

'ရှိတော့ရှိတယ်၊ ဒါပေမယ့် ဖေဖေနဲ့မေမေက သူတို့နေတဲ့နေရာတွေကို မပြောပြဘူး'

ဖေးထိုက်က....

'အင်း....ဒါဆို မင်းဟာ သည်အိမ်ကြီးမှာ တစ်ဦးထဲနေနေရမှာပေါ့'

သူက ပါးစပ်ပိတ်ထားလိုက်သည်။



ဖေးထိုက်ကဆက်၍....

'သည်လို နေလို့ မဖြစ်ဘူး ကျော်ပေါင်၊ မင်းအသက်က အခုမှ နှစ်ဆယ်တောင် မပြည့်သေးဘူးဆိုတော့ မင်းဘဝမှာ တက်လမ်းတွေ အများကြီးရှိသေးတယ်။ ဒါနဲ့ မင်း မင်းမှုထမ်း မဖြစ်ချင်ဘူးလား'

သူက ဖေးထိုက်အား မော့ကြည့်လိုက်သည်။

ပြီးနောက် သူက....

'ကျွန်တော်က မင်းမှုထမ်းအရမ်းဖြစ်ချင်တယ် ဒါပေမယ် ....'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ကျွန်တော် ထောက်လှမ်းရေးမှူးလို လူဆိုးထိန်းတော့ မဖြစ်ချင်ဘူး'

'ဒါဖြင့် ဘာဖြစ်ချင်တုန်း'

'လူဆိုးတွေ မတရားတဲ့လူတွေကို ဖော်ထုတ်ပြီး အပြစ်ဒဏ်ချမှတ်တဲ့ ပညာရှိသုခမိန်ဖြစ်ချင်တယ်'

သူ၏စကားများကြောင့် ဖေးထိုက်၏ မျက်လုံးများပြူးကျယ်သွားရသည်။

'ဟာ....မင်းရဲ့ ရည်မှန်းချက်က မြင့်လှချည်လား'

'ဟုတ်တယ် ကျွန်တော်က သည်အလုပ်ဘဲ ဝါသနာပါတယ်'

ဖေးထိုက်က သူ၏ ပခုံးအား ပုတ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မင်း နေပြည်တော်မှာ ကျောင်းသွားတက်ရမယ်၊ အရာရှိစာမေးပွဲတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဝင်ဖြေရမယ်'

သူက...

'ထောင့်လှမ်းရေးမှူး စီစဉ်ပေးနိုင်ရင် စီစဉ်ပေးပါလား၊ ငွေရေးကြေးရေးကတော့ ပူစရာမရှိပါဘူး၊ ကျွန်တော့မှာ မိဘပစ္စည်းတွေ အများကြီး ကျန်ခဲ့တယ်'

ဖေးထိုက်က...

'မင်းကို စီစဉ်ပေးရတာလွယ်ပါတယ်၊ ဒါပေမယ့် အခု လောလောဆယ်မှာ ဟူမင်ဂိုဏ်းကို ချေမှုန်းရဦးမှာမို့'

သူက စကားကို မဆက်ပဲ ရပ်လိုက်သည်။

ကျုံမေပါင်က...

'ရပါတယ် အစ်ကိုကြီး၊ ဒါနဲ့ ကျွန်တော်တစ်ခု ခွင့်တောင်းပါရစေ'

ဖေးထိုက်က...

'ဘာများလဲ'

သူက...

'အစ်ကိုကြီးတို့ ဟူမင်ဂိုဏ်းကိုဖြိုခွဲတဲ့အခါ ကျွန်တော်ပါ ပါဝင်ချင်တယ်'

ဖေးထိုက်က ခေါင်းခါ၏။



'မဖြစ်ဘူး၊ မင်းက သိုင်းပညာ အခြေခံလောက်ပဲတတ်ထားတာ၊ မင်းပဲ ပညာရှိ သုခမိန် လုပ်ချင်တယ်ဆို'

'ဟုတ်ပါတယ် အစ်ကိုကြီး'

'ဒါဖြင့် မင်းဘာမှ ရန်သူတွေကို ရင်ဆိုင်စရာမလိုဘူး၊ လက်စားချေစရာလဲ မလိုဘူး၊ သူတို့မိုက်ပြစ်နဲ့ သူတို့သွားလိမ့်မယ်၊ မင်းရဲ့ အဓိက လုပ်ရမယ့် တာဝန်ဟာ စာတွေ ဖတ်ဖို့ပဲ'

ဖေးထိုက်က စကားဆက်လိုက်၏။

'ဒီတော့ မင်းဒီမှာ မနေရဘူး၊ ငါနဲ့ လိုက်ခဲ့ရမယ်'

'ဗျာ...ကျွန်တော် ဘယ်ကို လိုက်ရမှာလဲ'

ကျုံမေပါင်က မေးလိုက်၏။

ဖေးထိုက်က...

'မြို့စားကြီး အိမ်ဂေဟာကိုပေါ့၊ အဲ့ဒီမှာ စာကောင်းပေကောင်းတွေ အများကြီး၊ မင်း နေပြည်တော်ကို မသွားခင် ကြိုတင် လေ့လာထားလို့ ရတာပေါ့'

ကျုံမေပါင်က...

'ဖြစ်ပါ့မလားဗျာ၊ ဟို...ချင်းချင်းဆိုတဲ့ မိန်းကလေးကြောင့် ကျွန်တော် စာကောင်းကောင်း ဖတ်လို့ ရပါ့မလား'

ဖေးထိုက်က...

'ဒီအတွက် စိုးရိမ်ပါနဲ့ကွာ၊ ပညာရေးအတွက် ကြိုးစားနေတဲ့ အချိန်မှာ မင်းကို ဘယ်သူမှ မနှောင့်ယှက်ပါ

www.burmeseclassic.com



ဘူး။ သူလည်း ပညာတတ် မိန်းကလေး တစ်ယောက်ပဲ။ ဒီလောက်တော့ နားလည်မှာပါ'

ကျွဲပေါင်က အနည်းငယ် စဉ်းစားလိုက်၏။

သူသည် ချင်းချင်းအား ဘုကလန့် ပြောဆို၍ ထွက်လာခဲ့ခြင်းဖြစ်သဖြင့် ယခု သူမနှင့် ထပ်၍ မျက်နှာချင်း ဆိုင်ရမည်ကို မရဲသလို ဖြစ်နေသည်။

သို့သော်....

သူသည် ချက်ချင်း၏ အစ်မ မှုကျင်းကိုတော့ တွေ့ချင်နေသည်။

မှုကျင်း၏ အပြုံးများက သူ့မျက်စိထဲမှ မထွက်။

သူက သက်ပြင်းတစ်ချက်ချပြီး....

'ဘာဖြစ်ဖြစ် ငါလိုက်သွားမယ်။ ချင်းချင်းနဲ့ငါ ဆက်ဆံရတာ အဆင်မပြေပေချင်မယ် မှုကျင်းနဲ့ဆက်ဆံရတာ ကောင်းတယ်၊ ငါလိုက်သွားမယ်'

ဟု ရင်ထဲ၌ ရေရွတ်လိုက်သည်။

....o....

စည်းရုံးခြင်း

---

မြင်းတစ်စီး ခရီးနှင်လျက်ရှိသည်။

ကျောက်တစ်လုံးထောင်ထိပ်သို့ ဦးတည် ပြေးလွှားနေလေသည်။

မြင်းပေါ်တွင် အဘိုးအိုတစ်ယောက်က လိုက်ပါလာသည်။

အဘိုးအိုမှာ ရှင်ဖျက်ထားသော ဟူမင်သိုင်းဆရာကြီးဖြစ်သည်။

မြင်းကုန်းနှီးဘေးတွင် အဝတ်အိတ်နှစ်လုံး ဘေးတိုက်ချိတ်ဆွဲပါရှိသည်။

အဝတ်အိတ်တစ်လုံး၏အတွင်း၌ ရွှေတုံးများထည့်ထားသည်။

ကျန်တစ်အိတ်မှာ....

သူကိုင်ဆောင်သောဓားကို အဝတ်ဖြင့်ပတ်လျက် ထည့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ကျောက်တစ်လုံးတောင်သို့ ဦးတည်၍ ခရီးနှင်နေခြင်းမှာ အဆိပ် ဓားသိန်းငှက်အား စည်းရုံးရန်ပင် ဖြစ်သည်။

မကြာမီ...

အဆိပ်ဓားသိန်းငှက်နေထိုင်ရာ ကျောက်လိုဏ်ဂူရှေ့သို့ ရောက်ရှိသွား၏။

ထိုဂူတွင် အဆိပ်ဓားသိန်းငှက် နေထိုင်သည်ကို သူသိလေသည်။

ယင်းနေရာတွင်ဟာ

အဆိပ်ဓားသိန်းငှက်သည် အလွန်ပြင်းထန်သောအဆိပ်ပေါင်းစုံကို တီထွင်ဖော်စပ်ပြီး သိုင်းပညာများကို စဉ်ဆက်မပြတ်လေ့ကျင့်၏။

အများအမြင်တွင် တောလိုက် မုဆိုးကြီး ကျန်းအောင်အဖြစ် ခံယူထားသည်။

ပိုက်ဆံချလျှင် ဘာမဆိုလုပ်သည့် ကြေးစားလူဆိုးတစ်ဦး ဖြစ်သည်။

၎င်းသည်ကို ဟူမင်သိုင်းဆရာကြီး က သိရှိထားသည်။

ထို့ကြောင့်လည်း....

သူသည် ၎င်းနေရာဆီသို့ ရောက်ရှိလာခြင်းပင် ဖြစ်လေသည်။

မြင်းခွာသံကြား၍ ကျောက်ဂူအတွင်း လျှို့ဝှက်အဆိပ်ဖော်စပ်နေသော မုဆိုးကြီး ကျန်းအောင် ဂူအပြင်သို့ ထွက်လာသည်။



'မြင်းပေါ်က ဘယ်သူလဲဟေ့'

မုဆိုးကြီးကျန်းအောင်က အလျင်ဦးဆုံး မေးလိုက်သည်။

ဟူမင်သိုင်းဆရာကြီးက ကျမ်းတစ်ပတ်ပစ်၍ မြင်းပေါ်မှ ကျန်းအောင်ရှေ့သို့ ခုန်သွားလိုက်သည်။

'ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ'

မုဆိုးကြီးကျန်းအောင်မှာ မိမိရှေ့ ဖြည်းညင်းစွာကျလာသည့် အဘိုးအိုအား ကြည့်ပြီး ချီးကျူးလိုက်သည်။

မြင်းပေါ်မှအဘိုးအိုမှာ လူငယ်တစ်ဦးနှင့်မခြား လှုပ်ရှားလိုက်ပုံမှာ အရွယ်နှင့်မလိုက်အောင်ဖြစ်နေ၍ ထိုအဘိုးအို၏ သိုင်းပညာနှင့်အတွင်းပညာမှာ အဆင့်မနိမ့်ကြောင်း ကျန်းအောင် သိလိုက်သည်။

'ဟဲ...ဟဲ မင်းက ကြေးစားလူသတ်သမား အဆိပ်ဓား သိမ်းငှက် မဟုတ်လား'

အဘိုးအိုပုံစံ ရုပ်ဖျက်ထားသော ဟူမင်သိုင်းဆရာကြီးက မြေပြင်ပေါ် ခြေချမိသည်နှင့် ကျန်းအောင်အား အမေးစကား ပြုလိုက်သည်။

'ခင်...ခင်ဗျား ကျုပ်ကိုသိနေတယ် ဟုတ်လား'

ကျန်းအောင်က အံ့ဩစွာ စကားဆိုလိုက်သည်။

ဟူမင်သိုင်းဆရာကြီးက....

'သိတာပေါ့ကွ၊ မင်းဟာ ငွေရရင် ဘာမဆိုလုပ်တဲ့ ကြေးစားလူသတ်သမား အဆိပ်ဓားသိမ်းငှက်ဆိုတာ ငါ သိတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းအောင်က....

'ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်ဆီလာတာ ဘာကိစ္စလဲ ဆိုတာကို'

ဟူမင်သိုင်းဆရာကြီးက....

'ပြောမှာပေါ့ကွာ၊ ငါလာတာ ကိစ္စရှိလို့ပဲပေါ့၊ တစ် နည်းအားဖြင့် မင်းကို အလုပ်လာအပ်တာပါ'

ကျန်းအောင်က....

'ပြောပါ'

ဟူမင်သိုင်းဆရာကြီးက....

'ငါဟာ ဟူမင်ဂိုဏ်းရဲ့ဂိုဏ်းချုပ် ဟူမင်သိုင်းဆရာကြီးပဲ'

ကျန်းအောင်က အံ့သြသွားသည်။

'ခင်ဗျားက ဟူမင်သိုင်းဆရာကြီး ဟုတ်လား'

'ဟုတ်တယ်'

ဟူမင်သိုင်းဆရာကြီး စကားဆက်လိုက်သည်။

'မင်းရဲ့ဆရာ အဆိပ်ဘုရင်ကွမ်းလုနဲ့ ငါနဲ့က မိတ်ဆွေ တွေပဲ၊ သူမသေခင်က ငါ့ကိုပြောပြခဲ့လို့ သူ့တပည့်ဆီ အကူအညီလိုရင် သွားဆိုတာနဲ့ အခု ငါလာခဲ့တာပဲ'

ကျန်းအောင် သဘောပေါက် နားလည်သွားသည်။

'ဩော်...ခင်ဗျားက ကျွန်တော့်ဆရာရဲ့ မိတ်ဆွေကိုး ပြောပါ...ကျွန်တော်ဘာကူညီရမလဲ၊ ကျွန်တော့်ဆရာရဲ့မိတ် ဆွေဆိုတော့ ကျွန်တော်ကူညီရမှာပေါ့'



ဟူမင်သိုင်းဆရာကြီးက....

'မင်းဆရာက ငါ့ကိုပြောပြခဲ့တယ်၊ သူ့မှာ တပည့်တစ် ယောက်ရှိတယ်၊ သူ့ပညာတွေ သူ့တပည့်ကို အကုန်သင် ကြားပေးထားတယ်၊ ဒီမှာ မုဆိုးကြီးအဖြစ် နေထိုင်ပြီး အဆိပ်ပညာ သိုင်းပညာတွေ လျှို့ဝှက်ဘီထွင်ဖော်စပ်နေ တယ်၊ သူ့တပည့်လုပ်တဲ့လုပ်ငန်းတိုင်း မအောင်မြင်ဘူးဆို တာ မရှိဘူး၊ သစ္စာရှိတယ်ဆိုတဲ့အကြောင်း....

ကျန်းအောင်က

'ခင်ဗျား ကျုပ်အကြောင်း အတော်သိထားတာပဲ၊ ဆို စမ်းပါလေ....လာရင်းကိစ္စအကြောင်းကို....'

ဟူမင်သိုင်းဆရာကြီးက....

'ငါ့မှာ အခက်အခဲတစ်ခု ဖြစ်နေတယ်၊ တခြားတော့ မဟုတ်ဘူး၊ ငါ့လုပ်ငန်းကို နှောင့်ယှက်ဖျက်ဆီးနေတဲ့လူတစ် ယောက်ရှိတယ်၊ အဲ့ဒီလူကို လုပ်ကြံပေးဖို့ပဲ'

'မင်းအတွက် ထိုက်ထိုက်တန်တန် ငါစီစဉ်ထားပါတယ်'

သူသည်ပြောပြီး မြင်းကုန်းနှီးတွင် ချိတ်ဆွဲ၍ထားသော အဝတ်အိတ်ကို သွားယူလိုက်သည်။

ထို့နောက်....

အဝတ်အိတ်ကို ဖြေပြလိုက်ပြီး....

'ရော့...ဒီဟာ စရန်တစ်ဝက်ပဲ၊ ငါပြောတဲ့ကိစ္စ အောင် မြင်ရင် ကျန်တစ်ဝက်ထပ်ပေးမယ်'

အဝတ်အိတ်အတွင်း ရွှေတုံးရွှေခဲများ တဝင်းဝင်းတောက် ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းအော်မှာ ရွှေများကိုမြင်သည်နှင့် လောဘရမ္မက်တက်၍သွားကြောင်း သူ၏မျက်နှာသိကြည့်ရုံနှင့် သိသာလှပေသည်။

သူက....

'ရပါတယ်...သည်ကိစ္စ ကျုပ်အတွက် ထမင်းစား ရေသောက် အသေးအမွှားပါ၊ မခက်ခဲပါဘူး၊ ပြောပါ... ကျုပ်သတ်ရမယ့် လူကို....'

'အဟမ်း'

ဟူမင်သိုင်းဆရာကြီးသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက်...

'ဖေးထိုက်...ထောက်လှမ်းရေးအရာရှိ ဖေးထိုက်၊ ကျွန်းစီးမြို့က မြို့စားကြီးဂေဟာရဲ့ အနောက်ဘက်တန်းလျားမှာ နေထိုင်တယ်၊ သူမှာ အဖွဲ့ဝင်တွေလည်း ရှိတယ်၊ ဒါပေမယ့် သူတစ်ဦးတည်းကိုပဲ မင်းသတ်ရမှာ၊ သူသေရင်ပြီးရော သူ့ကိုရှင်းပြီးရင် ကျွန်ုပ်တစ်ဝက်ကို အခုလိုမျိုး ကျုပ် ထပ်ပေးမယ်'

'ဟုတ်ပြီ...ကျုပ်လက်ခံတယ်။ သုံးရက်အတွင်း သူသေစေရမယ်လို့ ကျုပ်ကတိပေးတယ်'

အဆိမ်စားသိမ်းငှက်သည် ခပ်ပြတ်ပြတ် ပြန်ပြောလိုက်လေသည်။

'ကဲ ဒါဆို ကျုပ်သွားတော့မယ်၊ လုပ်ငန်းအောင်မြင်အောင်လုပ်ပေးပါ၊ ကျုပ်ဘက်က ကတိ မပျက်စေရပါဘူး စိတ်ချ'



ဟူမင်သိုင်းဆရာကြီးမှာ စကားဆုံးသည်နှင့် နောက်သို့ ကျွမ်းတစ်ချက်ပစ်လိုက်ရာ...

မြင်းကုန်းနှီးပေါ် မတ်တတ်ရပ်မိ၍သွားသည်။

ထို့နောက်....

မြင်းပေါ် လျှောချထိုင်လိုက်ပြီး မြင်းဇက်ကြိုးကိုဆွဲ၍ အတင်းဒုန်းစိုင်းစီးနှင်း၍ ထွက်ခွာသွားလေသည်။

...o...

www.burmeseclassic.com

www.burmeseclassic.com

စိန်ခေါ်သောစာ

---

အဆိပ်ဓားသိမ်းငှက်....

အဆိပ်ပညာ၊ ဓားပညာ ထူးချွန်ထင ်မြက်သော ကြေးစားသိုင်းသမား....

အများအမြင်တွင် မုဆိုးကျော်ကျန်းအော် အယောင်ဆောင်ထားသူ လျှို့ဝှက်ကြေးစား။ ဖွာဝရိုက် လျှို့ဝှက်သိုင်းသမား....

ငွေရလျှင်ပြီးရော ဘာမဆိုလုပ်ကိုင်သူ။

ဖေးထိုက်....

အဖြူရောင်သိုင်းသမား....

ဥပဒေအာက်တော်သား....

လျှို့ဝှက်ထောက်လှမ်းရေးသမား....

သိုင်းပညာထူးချွန်သူ....



အနက်ရောင်သိုင်းလမား၊ သိုင်းဂိုဏ်းများအား ဥပဒေ ဘောင်အတွင်း လျှို့ဝှက်စုံစမ်းဖော်ထုတ် အရေးယူနေမှုနှိမ်းနေသောသူ။

သူသည့် အဆိပ်ဓားသိမ်းငှက်အကြောင်း ယခင်ကတည်းက စုံစမ်းသိရှိ၍ထားသည်။

ယခု....

သူတို့နှစ်ယောက်သည် ထိပ်တိုက် ရင်ဆိုင်ဆုံတွေ့ရန် အကြောင်းပေါ်လာသည်။

ကျွန်းစီးမြို့ မြို့စားကြီး၏အိမ်ဖော်တစ်ယောက်မှတစ်ဆင့် စာတစ်စောင် လူဆိုးထိန်းဖေးထိုက်ထံ ရောက်ရှိလာသည်။

စာပါအကြောင်းအရာမှာ-

ဖေးထိုက်....

'မင်းနဲ့ငါ မနက်ဖြန်နံနက် (၁၀) နာရီ မြို့စွန်မှာတွေ့မယ်၊ မဆိုင်သူ ခေါ်မလာနဲ့။ သူရဲကောင်းပီသစွာ တစ်ယောက်ချင်းတွေ့မယ်'

အဆိပ်ဓားသိမ်းငှက်

ဖေးထိုက်သည် စာကိုဖတ်ရှုပြီး ပြုံးလိုက်သည်။

'ဆရာဖေးထိုက် ဘာရေးထားတာလဲ'

သူ၏ဂိုဏ်းသားတစ်ယောက်ဖြစ်သူ ရှောင်ကျို မေးလိုက်သသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က....

'ဟူမင်ဂိုဏ်းချုပ်က ငါ့ကို ကြေးစားလူသတ်သမားနဲ့ ပေးတွေ့ပုံရတယ်၊ ကြေးစားလူသတ်သမား အဆိပ်ခါးသိမ်းငှက်က ချိန်းဆိုတဲ့စာပဲ မင်းတို့ဖတ်ကြည့်'

ရှောင်ကျိက စာကိုဖတ်လိုက်ပြီး....

'အင်း....ဟူဗင်သိုင်းဆရာကြီးက ဆရာဖေးထိုက်ရဲ့ လက်စွမ်းကို သိချင်လို့ ကြေးစားငှားပြီး စမ်းသပ်တဲ့ သဘောနဲ့ တူတယ်'

ဟု မှတ်ချက်ချလိုက်၏။

ဖေးထိုက်က ခေါင်းညိတ်လိုက်သည်။

'အေး....ဟုတ်တယ်၊ ဟူမင်က လူလည်၊ ငါနဲ့ဘယ်မှာလာပြီး ထိပ်တိုက်ရင်ဆိုင်တွေ့မှာလဲ၊ သူ့လုပ်ငန်းကို ငါက အနှောင့်အယှက် ပေးနေတော့ ကြေးစားငှားပြီး ငါ့ကို အပြတ်ရှင်းမှာပေါ့....

'ဒီပွဲမှာ ကြေးစားက နိုင်သွားလဲ သူ့အတွက်အမြတ်ပဲ၊ မနိုင်လဲ ငါ့အစွမ်းကို သူသိရမယ်လေ၊ ဟင်း....ဟင်း အကြံကတော့ မဆိုးဘူး'

'ဆရာဖေးထိုက်....ဘာလုပ်မယ် စိတ်ကူးထားသလဲ'

'ဟား....ဟား....ဟား မင်းတို့ ငါ့အတွက် မပူပါနဲ့၊ ငါ သွားလိုက်ပါမယ်၊ မင်းတို့ ဒီမှာပဲ နေခဲ့ကြ'

သူသည် လက်သီးတစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး....



'တွေ့ကြသေးတာပေါ့...သိမ်းငှက်ရယ်၊ ငါကလဲ မင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲ'

ဟု ပြောလိုက်လေတော့သည်။

....၈....

နောက်တစ်နေ့....

နံနက်ပိုင်း....

ရာသီဥတုမှာ သာယာလျက်ရှိ၏။

နေရာကား....

ကျန်စီးမြို့စွန်။

လေနုအေးမှာ တဟူးဟူး တိုက်ခတ်လျက် နေသည်။

မြို့စွန် မြေကွက်လပ် နေရာမှာ လူနှစ်ဦး မျက်နှာချင်းဆိုင်လျက်ရှိ၏။

တစ်ဦးမျက်နှာ တစ်ဦး မမှိတ်မသုန် စူးစူးစိုက်စိုက်ကြည့်လျက်ရှိသည်။

လေတိုက်ခတ်မှုကြောင့် နှစ်ဦးစလုံး၏ဝတ်စုံများ တဖျပ်ဖျပ် လှုပ်ခတ်လျက်ရှိ၏။

အဖြူရောင်ဝတ်စုံကို ထက်အောက်ဆင်တူ ဝတ်ဆင်ထားသော လူတစ်ဦး၏ ကျောတွင် ရတနာ စီခြယ်ထားသော ဓားတစ်လက်ကို လွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ဦးမှာ အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူ၏ ကျော၌လည်း ဆောင်ဓါးတစ်လက် ရှိနေလေသည်။

အဖြူရောင်နှင့် လူမှာ ထောက်လှမ်းရေး အရာရှိ ဖေးထိုက်ပင် ဖြစ်သည်။

သူသည် ယခုအခါ လူဆိုးထိန်း ဝတ်စုံကို ဝတ်ဆင်ထားခြင်း မရှိ။

အပြင်ဝတ်စုံသာ ဝတ်ဆင်ထားခြင်း ဖြစ်သည်။

အညိုရောင် ဝတ်စုံရှင်မှာ အဆိပ်ဓါး သိမ်းငှက်ပင် ဖြစ်လေသည်။

တိတ်ဆိတ်ငြိမ်သက်စွာ တစ်ဦးကို တစ်ဦး မမှိတ်မသုန် စူးစိုက်ကြည့်နေဆဲပင်။

ထိုစဉ်...

တိတ်ဆိတ်မှုကို စတင်၍ ဖြိုခွဲလိုက်သူမှာ အဖြူရောင်ဝတ်စုံရှင် ဖြစ်သည်။

'အဆိပ်ဓါး သိမ်းငှက်၊ မင်းငါ့ကို ဘာဖြစ်လို့ ချိန်းတာလဲ'

ဟု မေးလိုက်သည်။

'ဟား...ဟား...ဟား'

အညိုရောင်ဝတ်စုံရှင်က အော်ဟစ်၍ ရယ်မောလိုက်တော့သည်။



ထို့နောက်...

'မင်းကို သတ်မလို့'

ဖေးထိုက်က....

'ဘာအကြောင်း သတ်ချင်တာလဲ'

အဆိပ်ဓါး သိမ်းငှက်က...

'မင်းမရှိမှ ဖြစ်မှာမို့လို့'

'ဟား ဟား ဟား'

ယခုတစ်ဖန် အဖြူရောင်ဝတ်ထံမှ ရယ်မောသံ ထွက်သွားသည်။

သူက ရယ်မောလိုက်ပြီး....

'လက်စသတ်တော့ မင်းက ယုတ်မာသောက်ကျစ်တဲ့ လူယုတ်မာ ဟူမင်သိုင်းဆရာကြီးရဲ့ လက်ကိုင်တုတ် ဖြစ်နေပါလား'

သူက ဆက်ပြောသည်။

'အပြစ်မဲ့တဲ့ ပြည်သူတွေကို နည်းမျိုးစုံနဲ့ လုယက်သတ်ဖြတ်၊ အမျိုးမျိုး နှိပ်စက်တဲ့ လူသတ်ကောင်ရဲ့ လက်ပါးစေ ဖြစ်နေခဲ့တဲ့ မင်းဟာ အလကားကောင်ပဲ'

'မင်းဘာပြောတယ်'

သိမ်းငှက်က ဒေါသတကြီး အော်လိုက်၏။

ဖေးထိုက်က...

'ဟုတ်တယ်၊ ကိုယ်တတ်ထားတဲ့ သိုင်းပညာကိုမှ အားမနာ၊ ငွေရပြီးရော၊ ပြည်သူတွေရဲ့ မျက်နှာကို မထောက်၊ မင်းကိုယ် ကိုယ်ကို မရှက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

ဖေးထိုက်၏စကားကြောင့် သိမ်းငှက်ဒေါသများ အဟုန်ပြင်းစွာ ထွက်လာကြသည်။

သူသည် ဖေးထိုက်အား စူးစူးရဲရဲ ကြည့်ပြီး....

'ဟေ့ကောင်....မင်းအပိုတွေ ပြောမနေနဲ့၊ ငါက ငါ့အလုပ်ငါလုပ်တာ၊ ငွေရပြီး ခိုင်းတာ လုပ်ရမှာက ငါ့ရဲ့အလုပ်ပဲ'

ဖေးထိုက်က....

'ငွေရရင် ပြီးရောတဲ့လား။ မင်းရတဲ့ ငွေတွေက ပြည်သူတွေ မျက်ရည်ပေါက်ကြီးငယ် ကျထားတဲ့ ငွေတွေ၊ သူတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်အားလုံး ပျက်စီးမှ ရထားတဲ့ငွေတွေကွ၊ ဒီငွေတွေကို မင်းက မက်ပြီး ငါ့ကို သတ်မလို့ နေပါ့လေ....

'မင်းတာ လမ်းမှားကို အကြီးအကျယ် ရောက်နေပါလား၊ မင်းအတွက် ငါတစ်ခုပြောမယ်၊ ငါ့ဟာ အဖြူရောင်သိုင်းသမား၊ တိုင်းပြည်နဲ့ လူမျိုးအတွက် သစ္စာရှိတဲ့ ဝန်ထမ်းတစ်ယောက်၊ မင်းငါ့ကို သတ်နိုင်ခဲ့ရင် တိုင်းပြည်က လူကောင်းတစ်ယောက် ဆုံးရှုံးမှာပဲ၊ မင်းအတွက်ရော ဘာအကျိုးရှိမှာလဲ၊ မင်းကို ခိုင်းတဲ့လူက ဘယ်သူလဲ....

'ပြည်သူကို ဒုက္ခပေးနေတဲ့ အနက်ရောင် သိုင်းဂိုဏ်းခေါင်းဆောင်၊ ပြည်သူဆီက လုယက် သိမ်းဖြတ်ထားတဲ့ ငွေတွေ မင်းကို ပေးပြီး ပြည်သူကို သစ္စာဖောက်ခိုင်းတာ။ ဒါကို မင်းစဉ်းစားမိရဲ့လား....



'မင်းလို သိုင်းသမားကောင်း တစ်ယောက်ရဲ့ အသက် အလဟဿ အဆုံးအရှုံးမခံချင်ပါနဲ့၊ တိုင်းပြည်နဲ့ လူမျိုးအတွက် မင်းတတ်တဲ့ပညာနဲ့ အားပြုလိုက်စမ်းပါ၊ အမြင်မှန် ရစမ်းပါကွာ'

အဆိပ်ခါး သိမ်းငှက်က....

'ဟေ့ကောင်၊ မီးကျောင်းမင်း ရေခင်းလာပြီး တရားဟောမနေနဲ့၊ သတ္တိရှိရင် ခါးထုတ်ပြီး တစ်ယောက်ချင်း ရင်ဆိုင်လိုက်ပါ၊ ငါတစ်ဖက်သတ် အနိုင်မယူချင်ဘူး၊ တရားသဖြင့်ပဲ ငါအနိုင်ယူလိုတယ်'

အဆိပ်ခါးသိမ်းငှက်က အော်ငေါက်၍ ပြောလိုက်လေသည်။

ဖေးထိုက်မှာ ဂရုမစိုက်ဘဲ လေးနက်တည်ကြည်စွာဖြင့် ဆက်ပြောပြန်သည်။

'ကျုပ် သတင်းကြားတာတွေ ပြောရဦးမယ်၊ မင်းက ဒီအနက်ရောင်သိုင်းဂိုဏ်း လူယုတ်မာ ဟူမင်သိုင်းဆရာကြီး အကြောင်း မသိဘူးလား၊ သိရင် မရှက်ဘူးလား၊ ပြည်သူ လူထုရဲ့ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းက ကာကွယ်ရမယ့် အစား မင်းက ငွေရရင် ပြီးရော လက်ခံလိုက်ရသလားဗျ၊ သိုင်းသမားလူစွမ်းကောင်းဆိုတာ သိုင်းပညာကို သင်ယူတယ်ဆိုကတည်းက မိမိနိုင်ငံနဲ့ လူမျိုးအကျိုးကို သယ်ပိုး ထမ်းဆောင်ပါမယ်လို့ ကတိပြုထားရတယ်၊ လေ မင်းက အခု ပြောင်းပြန် ဖြစ်နေတယ်၊ မျိုးချစ်စိတ်မရှိတဲ့ အတိုင်းပဲ'

www.burmeseclassic.com



အဆိပ်ခေါ်း သိန်းငှက်မှာ သဘောမပေါက်တဲ့ ခေါင်း မော့စူနှင့်ပင်....

'ရှမ်း....'

ခန့် အသံမြည်စွာ သောင်ခေါ်းကို ဆွဲထုတ်လိုက်လေသည်။

'ဟော ....ဖေးထိုက်၊ မင်း ငါ့ကို နိုင်မှာပဲ၊ စကားဆက်ပြောခဲ့မတော့ ငါရှုံးရင် မင်းပြောတဲ့ စကားအတိုင်း ငါ လိုက်နာမယ်၊ အေး...ငါနိုင်လို့ကတော့ မင်းအသက်ခံရပြီသာ မှတ်ပေတော့'

ဟု ပြောလိုက်သည်။

ဖေးထိုက်က ခေါင်းကို တစ်ချက် ဆတ်ခနဲ ညိတ်လိုက်ပြီး....

'ကောင်းပြီလေ မင်းကတိတည်ပါစေ'

ဖေးထိုက်ကလည်း စကားဆုံးသည်နှင့်....

'ရှမ်း....'

ကနဲ ရတနာ ကျောက်စီခေါ်းကို ခေါ်းအိမ်အတွင်းမှ ဆွဲထုတ်လိုက်သည်။

နေရောင်ခြည် အောက်တွင် ရတနာ ကျောက်စီခေါ်း၏ အသွား ပြိုးပြက်လင်းလက်၍သွားသည်။

'ကောင်းလိုက်တဲ့ခေါ်း'

အဆိပ်ခေါ်းသိန်းငှက်က တအံ့တသြဖြင့် ရေရွတ်လိုက်ပြီး စတင်တိုက်ခိုက်လိုက်သည်။



'ယား....'

'ချွမ်း....'

ခေါ်းနှစ်လက် လေထဲပြင်းထန်စွာ ထိခတ်မိသွားသည်နှင့် မီးပွင့်ထွက်သွားလေသည်။

ဖေးထိုက်မှာ စမ်းသပ်သည့်အနေဖြင့် ခေါ်းကို အစွမ်းအား ထည့်မထားပေ။

ထိုနောက်....

အဆိပ်ခေါ်းသိန်းငှက်၏ခေါ်း မည်သို့မျှဖြစ်မသွားခြင်းဖြစ်သည်။

'ချွမ်း....'

'ထန်း....'

ထပ်မံ၍ ခေါ်းချင်း ထိတွေ့သွားပြန်သည်။

ဖေးထိုက်မှာ အဆိပ်ခေါ်းသိန်းငှက်၏ အဆိပ်များသုတ်လိမ်းထားသဖြင့် ခေါ်းချက်မထိစေရန် သတိထား၍ နေရသည်။

နောက်တစ်ကြိမ်တွင်....

ဖေးထိုက်က လေထဲခုန်လွှားတက်ပြီး ရတနာကျောက်စီခေါ်းကို အောက်မှ မင့်ဆွဲယူလိုက်သည်။

'ဝှစ်....'

'ယား....'

သိန်းငှက်ကလည်း အလျင်အမြန် ခုန်လှား၍ ရှောင်တိမ်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သိန်းငှက်မှာလည်း အဆင့်မြင့် သိုင်းသမားပင်ဖြစ်လေ ထို့ကြောင့်....

အပြန်အလှန် တိုက်ခိုက်နေရသည်။

နှစ်ဦးသားမှာ မျက်နှာချင်းဆိုင် တိုက်ခိုက်နေကြလေသည်။

တစ်ခါ သိန်းငှက်မှာ ယခုတစ်ကြိမ်၌ အတွင်းအားကို အပြည့်တည့်၍ ဖေးထိုက်ထံ လွှားခနဲ ခုန်ဝင်ပြီး ကြမ်းကြမ်း ရမ်းရမ်း တိုက်ခိုက်လိုက်သည်။

'ထန်း....'

'ထန်း....'

ဖေးထိုက်မှာ အဆိပ်ဓားသိန်းငှက် မည်မျှပင် ကြမ်းကြမ်း ရမ်းရမ်း တိုက်ခိုက်၍နေသော်လည်း သူ၏ ရတနာကျောက်စီဓားအား အတွင်းအား အနည်းငယ်သာထည့်၍ ခုခံပြီး ရှောင်တိမ်းလျက်နေ၏။

'ယီး....ယား....'

'ထန်း....ထန်း'

ဖေးထိုက်မှာ....

ယခုအချိန်ထိ သူ၏ ရတနာကျောက်စီဓားကို အတွင်းအား အနည်းငယ်သာ ထည့်ပြီး ခုခံ၍ ရှောင်တိမ်းနေဆဲပင်....။

အတွင်းအား အပြည့်အသုံးတိုက်ခိုက်လျှင်ဖြင့် အဆိပ်ဓားသိန်းငှက်အား အချိန်အနည်းငယ် အတွင်းမှာ အနိုင်ယူနိုင်မည်ဖြစ်သည်။



သို့သော်....

သူသည် ရည်ရွယ်ချက်တစ်ခု ရှိသဖြင့် အလိုက်သင့်ပင် အလျော့ပေး တိုက်ခိုက်နေခြင်းဖြစ်သည်။

ဓား ဓားချင်း ထိခိုက်မိ၍ နေရောင်မှာပင် မီးပွင့်ထွက်၍ အငွေ့များပင် ထွက်၍နေသည်။

တိုက်ခိုက်မှု အနေအထားမှာ သိန်းငှက်က အတွင်းအား အကုန်သုံးပြီး အငြိုးကြီးစွာဖြင့် တိုက်ခိုက်နေသော်လည်း ဖေးထိုက်ကို မနိုင်ပေ။

ထို့ကြောင့်....

သူသည် ဥာဏ်နီ ဥာဏ်နက်ထုတ်၍ တိုက်ခိုက်ရင်း တန်းလန်း လက်တစ်ဖက်ကို အင်္ကျီအိတ်အတွင်း နှိုက်ထုတ်စေ ယမ်းလိုက်သည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းများ လွင့်စင်လာ၏။

ဖေးထိုက်မှာ အဆိပ်ဓားသိန်းငှက်ကို မျက်ခြေ မပြတ် ကြည့်၍ နေ၏။

ယင်းကြောင့်....

သိန်းငှက်က လက်တစ်ဖက် အိတ်အတွင်း နှိုက်ယူလိုက်သည်နှင့် သူသည် ရုတ်ခြည်း မြေပြင်ပေါ် အိပ်လှဲချလိုက်ကာ....

အထက်မှ တရစပ်ကျရောက်လာသော အဆိပ်သင်ချွန် လက်နက်ပုန်းကို စကောဝိုင်း လေ ကြာဖြတ်သိုင်းကွက်ဖြင့်

www.burmeseclassic.com



အဆက်မပြတ် ရှတနာကျောက်စီဓားကို ဝေ့ယမ်းပစ်လိုက်သည်။

'ဝှီး…ဝှီး…ဝှီး'

'ထန်း ထန်း ထန်း'

အဆိပ်လက်နက် ဆူးချွန်များ အားလုံး ဘေးသို့ လွင့်စင်ထွက်သွားပြီး….

ဖေးထိုက်သည် ဓားကို လေထဲ တရစပ် ဝှေ့ယမ်းနေသည်။

သူသည် မြေပြင်အား ခြေဖြင့်ကန်၍ လေထဲသို့ တစ်ပတ်ကျွမ်းပစ် ထွက်ကာ ခပ်လှမ်းလှမ်း နေရာသို့ ပေါ့ပါး ညင်သာစွာ ကျရောက်သွား၏။

သိမ်းငှက်မှာ သူ၏ လှုပ်ရှားမှုကို ကြည့်ပြီး အထူးပင် အံ့သြမိသည်။

သူမှာ သိမ်းငှက် ပစ်လွှတ်လိုက်သည့် လက်နက်ပုန်းတို့ ထိမှန်ခြင်း မရှိပေ။

သိမ်းငှက်က ထပ်မံ၍ ခုန်လွှား တိုက်ခိုက် လာပြန်လေသည်။

'ထန်း ထန်း ထန်း'

ဖေးထိုက်ကလည်း ပြန်၍ တိုက်ခိုက်လိုက်၏။

'ချွမ်း ချွမ်း ချွမ်း'

ဓားကွက် ခြောက်[illegible] ကျော်လာခဲ့ပြီ။



နေမှန်းတည့်၍ လာသည်။

ပူပြင်းသော နေရောင်ခြည် အောက်တွင် ဓားရောင်များ တဝင်းဝင်း တလက်လက် ထွက်ပေါ်နေသလို ဓားနှစ်လက် ထိလိုက်တိုင်း အသံမြည်ဟိန်း၍ အခိုးအငွေ့များ ထွက်နေသည်။

သိမ်းငှက်မှာ ထိပ်တန်း အဆင့်မြင့် ဓားသမားတစ်ဦး ဖြစ်သည်။

သူ၏ ဓားချက်များမှာ လေအဟုန် ကြီးမားပြီး ထက်မြက်၍ ကြောက်စရာကောင်း၏။

တော်ရုံတန်ရုံ သိုင်းသမားဆိုလျှင် အနိုင်ယူသွားနိုင်ပြီသည်။

သို့သော်…

ယခု သူတွေ့ဆုံနေရသည်မှာ သာမန်သိုင်းသမားမဟုတ် အဆင့်မြင့် သိုင်းသမား ဖေးထိုက်။

ထိပ်တန်းသိုင်းပညာများ တတ်မြောက်ထားပြီး ရှတနာကျောက်စီဓားကို ပိုင်ဆိုင်ထားသူ။

ထို့ကြောင့်…

သူ့ကို အဆိပ်ဓားသိမ်းငှက် အနိုင်မရနိုင်ခြင်း ဖြစ်လေသည်။

ဖေးထိုက်မှာ သိုင်းပညာ သာသော်လည်း အဆိပ်ဓား မထိရန်ကိုမူ သတိထားနေရ၏။

ဓားငွေ့တိုးသံများ တဟူးဟူး တဝှီးဝှီး ထွက်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဓါးချက်တို့မှာ ဖေးထိုက်အား မည်သို့မျှ မထိနိုင်အောင် ဖြစ်နေ၏။

တော်ဆင့်ပေပြီ။

သူသည် ယခုထက် ရေရှည် အချိန်မဆွဲတော့ပါ။

သူက အတွင်းအားများ စုစည်း၍ ဓါးသို့ ပို့လွှတ်ပြီး တိုက်စစ်အဟုန် မြှင့်တင်လိုက်၏။

ကြောက်ခမန်းလိလိ ထိုးနှက်တိုက်ခိုက်လာသော အဆိပ်ဓါး သိမ်းငှက်၏ဓါးချက်ကို ဖေးထိုက်က ရတနာကျောက်စီဓါးဖြင့် အားထည့်၍ တန်ပြန် ရိုက်ထုတ်လိုက်ရာ....

'ထန်း'

'ဝှန်း'

ဓါးနှစ်လက် အရှိန်အဟုန် ပြင်းထန်စွာ ရိုက်ခတ် မြည်ဟိန်း၍ သိမ်းငှက်မှာ လက်တစ်ခုလုံး ထုံကျဉ်သွားပြီး ဓါးမှာ လွှတ်ထွက် ကျသွား၏။

ကစ်ဆက်တည်း....

သူက သိမ်းငှက်အနီးသို့ ရွေ့လျား၍ လူချင်း ပူးကပ်ပြီး ရင်ဝကို ဒူးဖြင့် တိုက်ချပစ်လိုက်၏။

'အင့်'

'ဝုန်း'

သိမ်းငှက်မှာ ဝမ်းဗိုက်ကို ဒူးချက်ထိမှန်ပြီး မချိမဆန့် အော်ဟစ် ညည်းညူလိုက်၏။

သိမ်းငှက်မှာ အံကြိတ်ပြီး လက်တစ်ဖက်က ဗိုက်ကိုနှိပ်၍ ဖေးထိုက်အား ၄ အစုံကို ရုတ်တရက် ကွေးညွှတ်ဆန့်



တန်းလိုက်ပြီး သိမ်းငှက် တစ်ကောင်ပမာ ခုန်ပျံလိုက်တော့သည်။

သူသည် အတော်ပင် ဒေါသထွက်သွားပုံရ၏။

ဘယ်ညာ ခြေပြန်ကန်ချက်များဖြင့် ဖေးထိုက်အား တရစပ် တိုက်ခိုက်လေ၏။

ဖေးထိုက်မှာ ရှောင်တိမ်းရင်းနှင့် လက်တွင်းမှ ဓါးကို ဓါးအိမ်အတွင်း ထည့်လိုက်၏။

ထိုအခါ....

သိမ်းငှက်မှာ ဒေါသပိုထွက်သွား၏။

ဖေးထိုက်က မိမိဓါးကို ဓါးအိမ် အတွင်း ထည့်လိုက်ခြင်းမှာ တမင်ပင် လက်နက်မဲ့ခြင်း ညီမျှသွားရန် ဖြစ်လေသည်။

သိမ်းငှက်မှာ ဒေါသထွက်ရင်း ဖေးထိုက်အား အတင်းပင် ဖိ၍ တိုက်ခိုက်နေသည်။

'ဝှစ်....'

'ဝှီး....ဝှီး'

ဖေးထိုက်က တိုက်ခိုက်လာသမျှ ခြေကန်ချက်များကို နွဲ့ကာ ယိမ်းကာဖြင့် လှပစွာ ရှောင်တိမ်းလိုက်ပြီး....

'ယား'

ဟု အော်၍ ခြေပြန်တစ်ချက် ပေးလိုက်ရာ....

'အင့်'

ခြေဖျားကန်ချက်မှာ သိမ်းငှက်၏ မျက်နှာကို ထိမိသွားပြီး အင့်ခနဲအော်၍ လဲကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လဲကျနေရာမှ သိမ်းငှက်သည် အိတ်အတွင်းမှ လက်နက်ပုန်းများ ရှုတ်တရက် နှိုက်ထုတ်၍ ပစ်လွှတ်လိုက်၏။

'ဝှစ်…'

'ထောက်'

'ချွမ်း'

ဖေးထိုက်က ဘယ်လက်ဖြင့် ဓားကို ဆွဲမြှောက်ပြီးယမ်းထုတ်လိုက်ရာ လက်နက်ပုန်း အဆိပ်သံဆူးချွန် တစ်ချောင်း အဝေးသို့ လွင့်စင်ထွက်သွားသည်။

သိမ်းငှက်မှာ ထိုမျှနှင့် မရပ်သေးချေ။

လဲကျနေရာမှ ခုန်ထပြီး အင်္ကျီစလက်ကို ရမ်းခါထုတ်လိုက်ပြန်သည်။

'ဝှီး ဝှီး ဝှီး'

အတော်ပင် ခြောက်မက်ဖွယ် ကောင်းလှသည့် အဆိပ်လက်နက်ပုန်းလေးများ တစ်မုဟုတ်ချင်း ဖေးထိုက်ထံဝဲပျံ၍ သွားပြန်သည်။

သူက ရတနာကျောက်စီဓားကို ဆွဲထုတ်ပြီး အလျင်အမြန်ပင် လေထဲ ၄ဝှံ့ ယမ်းလိုက်ရ၏။

'ထန်း…ထန်း…ထန်း'

အဆိပ်လက်နက်ပုန်းလေးများ လွင့်စင်ထွက်၍ သွားပြန်သည်။

ရှုတ်ခြည်းပင်…



ဖေးထိုက်က သိမ်းငှက်၏ခေါင်းပေါ် အတွင်းအားလေသိုင်းဖြင့် ခုန်လွှား ကျော်လွှားတက်လိုက်သည်။

သိမ်းငှက်က လက်ဖြင့်ကာလိုက်သော်လည်း နောက်ကျသွားလေသည်။

ဖေးထိုက်၏ ဓားဦးက သူ၏နောက်ကျောကို ထောက်ထားပြီးဖြစ်သည်။

'အ…'

'ကိုင်း…သိမ်းငှက်…ခင်ဗျားရှုံးပြီ'

ဖေးထိုက်က နောက်ကျောကို ထောက်ထားသော ဓားဦးချွန်ကို ဖိရင်းပြောလိုက်သည်။

ဓားဦးချွန်ထိပ်ဖျားမှာ သိမ်းငှက်၏ နောက်ကျောကို စားဝင်နေ၍ သူသည် အတော်ပင် ထိတ်လန့်တုန်လှုပ်၍ သွားသည်။

မျက်နှာမှာ သွေးရောင်ပင်မရှိအောင် ဖြူဖွေး၍သွားလေသည်။

နဖူးမှ ချွေးပေါက်များ သီးထွက်၍လာသည်။

သူသည် စကားတုန်တုန်ယင်ယင်ဖြင့် ဖေးထိုက်ပြားပြောလိုက်သည်။

'ဟုတ်…ဟုတ်ပါတယ် ဆရာဖေးထိုက်၊ ကျုပ်ရှုံးသွားပါပြီ'

တုသည် ယောကျ်ားပီပီ ဝန်ခံလိုက်သည်။

ဖေးထိုက်က တည်ကြည်သောမျက်နှာထားဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း…ခင်ဗျားပေးခဲ့တဲ့ ကတိအတိုင်း အခုအချိန်က စပြီး တိုင်းပြည်နဲ့လူမျိုးအတွက် ခင်ဗျားတတ်ထားတဲ့ သိုင်းပညာကို အသုံးချရလိမ့်မယ်၊ မျိုးချစ်သိုင်းသမားတွေကို ကူညီရမယ်…

မကောင်းသူပယ် ကောင်းသူကိုကယ်ရမယ်၊ ပြည်သူတွေ အေးချမ်းသာယာစွာ နေထိုင်ရေးအတွက် ဒုစရိုက်သမားတွေကို ချေမှုန်းသုတ်သင်တဲ့ လုပ်ငန်းတွေမှာ ကျုပ်နဲ့အတူ ပူးပေါင်းဆောင်ရွက်ရမယ်၊ ခင်ဗျားသဘောတူပြီ မဟုတ်လား'

သူက ခေါင်းညိတ်၍…

'ကျုပ်…အခုချိန်ကစပြီး ကြေးစားဒုစရိုက်ဘဝကို စွန့်လွှတ်လိုက်ပါပြီ၊ အဖြူရောင်သိုင်းသမား ဘဝကို ခံယူပြီး ခင်ဗျားနဲ့ ပါဝင်ကူညီဆောင်ရွက်ပါတော့မယ်'

ဟု လေးလေးနက်နက် ကတိစကား ပြောကြားလိုက်လေသည်။

ထို့နောက်…

ဖေးထိုက်သည် ဓားကို ချက်ချင်းပင် ရုပ်သိမ်းလိုက်ပြီး ဓားအိမ်အတွင်း ထည့်သိမ်းလိုက်သည်။

'ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားအခုလို အမြင်မှန်ရတာကို ဝမ်းသာမဆုံးပါဘူး၊ ကျုပ်နဲ့အတူ ပြည်သူ တစ်ရပ်လုံး ခင်ဗျားကို ကောင်းချီးပေးပြီး လက်ကမ်းကြိုဆိုနေမှာပါ၊ အင်မတန် ဂုဏ်ရှိတဲ့စကားပါပဲ၊ ခင်ဗျားကို ကျုပ်တို့အားလုံးက ကြိုဆိုပါတယ်ဗျာ…



'တကယ်တော့ ခင်ဗျားတတ်တဲ့ပညာကို ကျုပ်တို့နဲ့လက်တွဲပြီး ဒုစရိုက်သမားတွေကို ချေမှုန်းသုတ်သင်တဲ့ နေရာမှာ အသုံးချမယ်ဆိုရင် မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိ ဆိုသလို ရာဇဝတ်ဘေး ပြေးမလွတ်ဘဲ အနက်ရောင် သိုင်းသမားတွေ ကင်းစင်ပပျောက်သွားမှာပါပဲ'

'ဟုတ်ပါတယ်…ကျုပ် အခု ကောင်းကောင်း သဘောပေါက် နားလည်ပါပြီ၊ နောင်တလည်း ရမိပါတယ်၊ ကျုပ်က ကိုယ့်ကိုယ်ကို အထင်ကြီးနေတာ၊ ခင်ဗျားနဲ့တွေ့မှ ကျုပ်ပညာ ဘာမှမဟုတ်သေးပါလားဆိုတာသဘောပေါက်သွားတယ်…

'တိုင်းပြည်နဲ့လူမျိုးအတွက် ကျုပ်တတ်တဲ့ပညာနဲ့ အကျိုးရှိရှိ အသုံးချပါတော့မယ်၊ ကျုပ် အရင်ကပြုခဲ့တဲ့ မကောင်းမှု ဒုစရိုက်တွေကို လုပ်ခဲ့တဲ့အပြစ်တွေကို နှစ်ဆတိုးပြီး ခင်ဗျားနဲ့အတူ လက်တွဲပြီး ဆောင်ရွက်သွားပါတော့မယ်'

သူက အားတက်သရော ပြောဆိုကတိပေးလိုက်သည်။

ထို့နောက်…

သူသည် ဖေးထိုက်၏နောက်သို့ လိုက်ပါလာခဲ့လေတော့သည်။

သူသည် မျိုးချစ်စိတ်ရှိသူတစ်ယောက်ဖြစ်သဖြင့် နောက်ပိုင်း၌ တိုင်းပြည်နှင့်လူမျိုးအတွက် အားထားရမည့် သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်၏ အဖွဲ့ဝင်များအားလုံး သိရှိလိုက်သောအခါ ဝမ်းသာရျှမဆုံး ဖြစ်သွားကြသည်။

သူတို့မှာ ဟူမင်ဂိုဏ်းအား အမြစ်ပြတ်ချေမှုန်းရန် အင်အားတိုးသွားကြသည် မဟုတ်ပါလော။

....ဝ....

## တင်းပုတ်ကြီး လောက်ချိုပြဿနာ

---

'တောက်...ကြားလို့မှ ကောင်းသေးရဲ့လား၊ ငါ့ခိုင်းလိုက်တဲ့ ကြေးစားကောင်က ဟိုကောင်စည်းရုံးတဲ့နောက်ကို ပါသွားပြီ'

ဟူမင်ဆရာကြီးသည် ငယ်သားတစ်ယောက် လာရောက်သတင်းပေးမှုကြောင့် အကြီးအကျယ် ဒေါသူနေခြင်းဖြစ်လေသည်။

ချန်းမိက မယုံနိုင်စွာဖြင့်....

'ကျွန်ုပ် လူသူဘက်သားဖြစ်အောင် ဒီကောင်ဘယ်လိုများ လုပ်လိုက်ပါလိမ့်၊ သစ္စာဖောက် ကြေးစားကောင်ကို ကျွန်တော် တွေ့လိုက်ချင်စမ်းပါရဲ့'

ဟု ကျူးဝါးပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက....

'မင်း အခုမှကြုံးဝါးမနေနဲ့၊ နေပါစေတော့၊ နောက် ဒီကောင်နဲ့ တိုတွေ့ကြဦးမှာပဲ၊ အဲဒီတော့မှ အပြတ်ရှင်း လိုက်ကြတာပေါ့'

သူက ဆက်၍....

'မိစ္ဆာဂိုဏ်းက ခွဲထွက်ပြီး မြောက်ပိုင်းနယ်မှာ တစ်ကိုယ်တော်ခေါင်းပြုလုပ်နေတဲ့ တင်းပုတ်ကြီးလောက်ချိကို ငါတို့နဲ့ ပူးပေါင်းဖို့ စကားကမ်းလှမ်းလာတယ်၊ အဲဒီကိစ္စကို မင်းတို့ ဘယ်လိုသဘောရကြသလဲ'

ဟု မေးလိုက်သည်။

ထိုအခါ တုက....

'တင်းပုတ်ကြီး လောင်းကျိလား၊ သူ့ရဲ့ သိုင်းပညာက အတော်ကောင်းတယ်၊ မိစ္ဆာဂိုဏ်းမှာတုန်းက သူက အရေးပါ အရာရောက်တယ်၊ သူ့ကို အားထားနေကြတာ၊ တိုက်ရည် ခိုက်ရည် ကောင်းတယ်၊ ရန်သူကို ရင်ဆိုင်ချေမှုန်းရင် တော်ရုံလူ သူ့ဓားပုတ်အောက်က မလွတ်ဘူး'

ပုကလည်း ဝမ်းသာအားရဖြင့်....

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး သူ့သတင်းကို ကျွန်တော် လည်း ကြားသိထားတယ်၊ တစ်ကိုယ်တော် ခေါင်းပြုဆိုပြီး နာမည်အတော်ကြီးနေတယ်၊ ကျွန်တော်တို့ ဂိုဏ်းအတွက် တအားပါပဲ၊ ကျွန်တော်တို့ လုပ်ငန်းနဲ့ သူနဲ့ အတော်ကို



အဝင်ခွင်ကျဖြစ်မှာတော့ အမှန်ဘဲ၊ အခုလိုအခြေအနေမှာ သူက ကြေးဝါးသဘောပဲဖြစ်ဖြစ် သူကိုယ်တိုင်သဘောကျလို့ပဲဖြစ်ဖြစ် ပူးပေါင်းဖို့ဝင်လာတာကိုတော့ လက်ခံသင့်ပါတယ်'

'ကျွန်တော်တို့အဖွဲ့အတွက် အင်အား တောင့်သွားတာပေါ့'

ဟုမင်းသိုင်းဆရာကြီးက....

'ဟုတ်တာတော့ ဟုတ်ပါတယ်လေ၊ ကျုပ်ကလဲ ဒါကို စဉ်းစားမိပါတယ်၊ ဒါပေမယ့် သူ့ စကား ကမ်းလှမ်းတဲ့ အထဲမှာ တိုက်လို့ ခိုက်လို့ ရရှိတဲ့ပစ္စည်းရဲ့ ငါးပုံတစ်ပုံကို သူ့ကို ပေးရမယ်တဲ့။ ဒါကတော့ များမနေဘူးလား'

ချွန်မိက....

'ဂိုဏ်းချုပ်ကြီးအနေနဲ့ တစ်ခုစဉ်းစားရမှာက အခု ဘလော ငါတို့အဖွဲ့ကို ဒုက္ခပေးနေတဲ့ ဟို သောက်လှမ်း ရေးသမား ဖေးတိုက်ရဲ့ပြဿနာပဲ၊ သူ့ကြောင့် ကျွန်တော်တို့ အဖွဲ့ဝင်တွေ အမှည့်ခြွေ အခြွေခံရနေရတယ်၊ ကျွန်တော်တို့ အဖွဲ့တွေ ရှောင်တိမ်းနေရတယ်၊ နေရာအနှံ့မှာ သူ့အဖွဲ့တွေ ကျွန်တော်တို့ကို မျက်ခြေမပြတ် သတင်းစုံစမ်းနေကြတယ် သူတို့ကို သတိထားနေရလို့ ကြာလာရင် ကျွန်တော်တို့ ဂိုဏ်းနယ်ပယ် ကျဉ်းမြောင်းလာလိမ့်မယ်'

တုကလည်း....

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော်တို့ ဂိုဏ်းမှာ တင်းပုတ်ကြီး လောက်ကျိုလို သိုင်းစွမ်းရည် ထက်မြက်မြင့်မားတဲ့ ပုဂ္ဂိုလ်မျိုးတွေ လိုအပ် နေပါပြီ၊ ကျွန်တော်တို့ အင်အားကြီးမားအောင် တိုးချဲ့နိုင်မှ နောင် နှစ်ပေါင်းများစွာကို ဒီနယ်မှာ ချုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်၊ ဒါကိုလည်း စဉ်းစားဖို့လိုပါလိမ့်မယ်’

ဟုမင် သိုင်းဆရာကြီးမှာ ယဲသားသုံးယောက်၏တင်ပြ ချက်များကို အချိန် အတန်ကြာ အောင် စဉ်းစားလိုက်ပြီး နောက်....

‘အေးလေ လက်ခံလိုက်ပါမယ်၊ တို့မှာက ရှေ့လျှောက် သေးကြုပ်နဲ့ကြုပ် အခြေအနေကျရောက်တော့မှာကို ငါ ကြို မြင်နေတယ်၊ မင်းတို့ပြောသလို တို့ဂိုဏ်းကို အင်အားတိုး မှ ဖြစ်တော့မယ်’

ဤသို့ဖြင့်....

တင်းပုတ်ကြီးလောက်ကျိုကိစ္စနှင့် အခြားအဖွဲ့ကိစ္စ အဝံ လုယက်တိုက်ခိုက်မည့် အစီအမံများ ဆက်လက် ဆွေးနွေး ညှိနှိုင်းတိုင်ပင်လျက် ရှိနေကြလေတော့သည်။

....ဝ....

## မတည့်အတူနေ

ကျိုပေါင်သည် တောက်လျှမ်းရေမှုး ဖေးထိုက်၏ တိုက် တွန်းမှုကြောင့် မြို့စားဂေဟာကို ပြန်လည်ရောက်ရှိသွားရ သည်။

ကျိုပေါင် ပြန်လည် ရောက်ရှိလာသည်ကို မြင်သည်နှင့် ချင်းချင်းက အလွန်ပျော်သွားသည်။

သို့သော်....

သူမသည် သူမ၏ ပျော်ရွှင်မှုကိုထုတ်မပြဘဲ....

‘ရှင်...ဘာဖြစ်လို့ ပြန်လာတာတုန်း၊ ဘာလဲ ကျွန်မနဲ့ မိတ်ဆွေမဖွဲ့လိုက်ရလို့ နောင်တရပြီး ပြန်လာမိတ်ဆွေဖွဲ့လာ လား’

ဟု ဆီး၍ မှန်တွေ့လိုက်သည်။

ကျိုပေါင်က ပြန်မပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် နှုတ်မှ ဖွင့်မပြောသော်လည်း ရင်ထဲ၌မူ...

'မင်းကို မိတ်ဆွေဖွဲ့ချင်လို့ ပြန်လာတာ မဟုတ်ဘူးဟေ့ ငါက မင်းအစ်မ ခုန်ကျင်းနဲ့ မိတ်ဆွေဖွဲ့ချင်လို့ ပြန်လာတာ မင်းလို စပ်စလူးမျိုးကို ငါကလုံးဝစိတ်မဝင်စားဖူး အပေါင်းအသင်းလုပ်ဖို့လဲ ဆန္ဒမရှိဘူး'

ဟု ပြောလိုက်သည်။

အကယ်၍သာ...

ဤစကားကို သူက နှုတ်မှပြောထွက်လိုက်မည် ဆိုလျှင် ချင်းချင်းတစ်ယောက် ကျိုပေါင်အပေါ်၌ ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသထွက်မိမှာ အမှန်ပင်...

ယခုမှာမူ...

သူက ရင်ထဲ၌ပင် ပြောလိုက်သောကြောင့် သူမသည် မကြားသိနိုင်ပါ။

ထို့ကြောင့်...

နှုတ်ဆိတ်နေသော ကျိုပေါင်အားကြည့်ကာ ချင်းချင်း စိတ်အနည်းငယ်ပြေသွားသည်။

ထိုအခါ...

ထောက်လှမ်းရေးမှူး ဖေးထိုက်ကဝင်၍...

'ကျိုပေါင်ပြန်လာတာ နေပြည်တော်ကို သွားပြီးတော့ စာမေးပွဲဖြေမလို့ အဲဒါ မြို့စားကြီးဆီက စာကောင်းပေကောင်းတွေကို ကိုးလေ့လာလို့ရအောင် သည်ကို ပြန်ခေါ်လာတာ'



ချင်းချင်းက အံ့ဩသောတန်ဖြင့်...

'ဩော်...သူက နေပြည်တော်ကိုတက်ပြီး စာမေးပွဲဖြေမလို့ကိုး၊ ဂုဏ်ယူပါတယ်ရှင်...ဂုဏ်ယူပါတယ်'

ကျိုပေါင်က...

'ဟုတ်ကဲ့...အခုလို ကျုပ်အတွက် ဂုဏ်ယူတာ ကျေးဇူးတင်ပါတယ်'

ထိုအချိန်...

ခုန်ကျင်းလည်း အိမ်ဖော်မလေး နှစ်ယောက်နှင့်အတူ အနီးသို့ ရောက်ရှိလာသည်။

'ဟင်...ကျိုပေါင်၊ ရှင်ပြန်လာတယ်ဟုတ်လား'

ခုန်ကျင်းအား တွေ့လိုက်ရသောအခါ ကျိုပေါင်၏ မျက်နှာမှာ အလိုလို ပြောင်းလဲသွားသည်။

သူက ခုံကျင်းအား ပြုံးပြလိုက်ပြီး...

'ဟုတ်ကဲ့ မမခုံကျင်း'

ဟု ပြောလိုက်သည်။

ချင်းချင်းက သူ၏လက်မောင်းကိုကိုင်ရင်း...

'မမ... သူက ကျွန်မတို့ဆီမှာနေပြီး ဖေဖေ့ ဆီမှာရှိတဲ့ စာကောင်းပေကောင်းတွေကို လေ့လာဖို့လာတာတဲ့'

ဟု ပြောလိုက်သည်။

ခုံကျင်းက...

'ဟုတ်လား၊ ဒါဆိုကောင်းတာပေါ့၊ မင်းက ဖေဖေ့လို စာကြီးဖြစ်ချင်တာလား'

www.burmeseclassic.com

www.burmeseclassic.com



သူက....

'ကျွန်တော်က ပညာရှိသူခမိန် ဖြစ်ချင်တာပါ'

ခိုကျင်းက....

'ဟုတ်...ဒါဆို ပိုကောင်းပါတယ်၊ ဂုဏ်ယူပါတယ်...ဂုဏ်ယူပါတယ်၊ ကျွန်မကို ခွင့်ပြုပါဦး၊ မေမေခေါ်ထားလို့ သွားတွေ့လိုက်ဦးမယ်'

'ဟုတ်ကဲ့'

ကျိပေါင်ကပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ခိုကျင်းက ဖေးထိုက်ကိုလည်း နှုတ်ဆက်ပြီး ထွက်သွားလေသည်။

ကျိပေါင်မှာ....

ခိုကျင်းထွက်သွားရာသို့ ငေးမောကြည့်နေမိသည်။

လမ်းလျှောက်တာကအစ ကြံ့ခိုင်ရှိလှသော သူမအား ကြည့်ကာ....

သူ၏ ရင်ထဲ ဖော်မပြနိုင်လောက်အောင် ခံစားလာရသည်။

သူမ ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိသော သူ့အား....

'ဒီမှာ....ဒီမှာ'

ဟု ခေါ်လိုက်သည်။

ထိုအခါမှ သူသည် သတိပြန်ဝင်လာပြီး....

'ဘာလဲ'



ဟု ပြန်ထူးလိုက်သည်။

ချင်းမျင်းက....

'ဟိုမှာ....ထောက်လှမ်းရေးမှူး၊ ဖေဖေ့အခန်းကို ထွက်သွားပြီ၊ ရှင်ကော မလိုက်သွားဘူးလား၊ မပြောချင်ဘူး၊ မမကိုဗျားကြည့်နေလိုက်တာ၊ မျက်လုံးတွေလဲ ကျွတ်ကျကုန်ဦးမယ်'

ဟု မကျေမနပ်ဖြင့် ပြောလိုက်သည်။

ကိပေါင် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

'ဒါဆို...ကျုပ် ထောက်လှမ်းရေးမှူးနောက်ကို လိုက်သွားဦးမယ်'

ချင်းချင်းက....

'နေဦး'

ဟု ဟန့်ထားလိုက်သည်။

သူက....

'ဘာလုပ်ဖို့လဲ'

ချင်းချင်းက တစ်စုံတစ်ခုကိုပြောရန် ပြင်ပြီးမှ....

'ဘာမှမလုပ်တော့ပါဘူး၊ ရှင် သွားတော့'

ဟု ပြောလိုက်လေသည်။

ကျိပေါင်က မခိုးတစ်ချက်တွန့်လိုက်ပြီး ထို နေရာမှထွက်သွားလေတော့သည်။

...မှ...

www.burmeseclassic.com

www.burmeseclassic.com



သောက်လှမ်းရေးမှူး ဖေးထိုက်သည် မြို့စားကြီးအား အကျိုးအကြောင်းအားလုံးကို ရှင်းပြပြီးဖြစ်သည်။

ထို့ကြောင့်....

ကျုံပေါင်က နောက်မှဝင်သွားသည်နှင့်....

မြို့စားကြီးက သူ့အားဝမ်းသာအား ကြိုဆိုလိုက်သည်။

'ကျုံပေါင်....သောက်လှမ်းရေးမှူးက ကျုပ်ကိုအား လုံး ရှင်းပြပြီးပြီ၊ မင်းသတင်းကြားရတာ ကျုပ်ဝမ်းသာတယ်၊ မင်းလို ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်မှန်းချက် ကြီးကြီးမားမား ထားတာ ဝါကျက်ယူတယ်၊ မင်းစိတ်ချ၊ ငါမင်းကို အပ်ထား မှန်သမျှ ကူညီမယ်ကွာ၊ မင်းဘက်က ကြိုးစားဖို့ပဲ လိုတယ်'

သူက....

'စိတ်ချပါ မြို့စားကြီး၊ ကျွန်တော်ကြိုးစားမှာပါ'

'အေး....အေး၊ ကောင်းတယ်။ ကောင်းတယ်'

ဤသို့ဖြင့်....

သူသည် မြို့စားကြီးဂေဟာ၌ပင် ဆက်လက်နေထိုင်လာ ခဲ့ပြီး စာပေပညာများကို စတင်လေ့လာနေတော့သည်။

....o....



ကျော့စီးမြို့။

ကျော့စီးမြို့သည် စည်ကားသောမြို့တစ်မြို့ ဖြစ်သည်။

ကျော့စီးမြို့၏ မင်းလမ်းမတစ်လျှောက် ကုန်သည်ပွဲစားများ၊ အမှုထမ်းများနှင့် အရောင်းအဝယ်သမားများ၊ မြို့ခံလူများ ဥဒဟိုသွားလာနေကြသည်။

ကျော့စီးမြို့၏ မင်းလမ်းမကြီးသို့ သူငွေ့ကြီး လိပင်နှင့် တပည့်နှစ်ဦးတို့ မြင်းကိုယ်စီစီးနင်း၍ ဝင်ရောက်လာသည်။

လူသွားလမ်းများရှုပ်ထွေး၍ မြင်းများကို ဖြည်းညင်းစွာ စီးပြီး သတိထား လာနေရသည်။

သူတို့သည်....

ခရီးသွားရင်း ကျော့စီးမြို့ကိုဖြတ်သန်း၍ ခရီးတစ်ထောက် နားရန်ဖြစ်သည်။

သူတို့သည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်ကြသည်။

ထိုစားသောက်ဆိုင်ရှေ့တွင် ဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားသည်။

ဆိုင်းဘုတ်ပေါ်တွင် ရေးသားထားသည်မှာ....

'ရွှေနဂါး စားသောက်ဆိုင်'

ဟူ၍ ဖြစ်သည်။

ထိုစားသောက်ဆိုင်၏ နဖူးစည်းတွင် ရွှေရောင်တောက်ပစွာဖြင့် နဂါးပုံတစ်ခုကို ချပ်လုံးဖော်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစားသောက်ဆိုင်မှာ....

အထက်တန်း ကုန်သည်ပွဲစားများသာ ဝင်ရောက် တည်းခိုနိုင်သည်။

တော်ရုံတန်ရုံလူများ အနားမကပ်နိုင်။

ဈေးနှုန်းကြီးသည်။

ဈေးကြီးသလို အစားအသောက်မှာလည်း ကောင်းသည်။

သူဌေးကြီးလိပင်းနှင့် တပည့်နှစ်ဦးတို့ ဆိုင်ရှေ့၌ မြင်းများရပ်၍ ဆင်းလိုက်ကြသည်။

သူတို့သည် စားသောက်ခန်းမထဲ ဝင်ရောက်ပြီး စားပွဲလွတ် တစ်လုံး၌ နေရာယူလိုက်ကြပြီး အကောင်းစားအရက်နှင့် စားစရာများကို မှာကြားလိုက်သည်။

စားပွဲထိုးကို သူဌေးကြီးက....

'မြန်မြန်ယူလာပေးပါ'

ဟု အလေးထားကြီးမှာကြား၍ စားသောက်နေသူများအား တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ခဏအကြာတွင်....

မှာထားသော အရက်နှင့် စားသောက်ဖွယ်ရာများရောက်ရှိလာသည်။

သူဌေးကြီးက....

'မြန်မြန်စားလိုက်ကြရအောင်၊ နေမဝင်ခင် အိမ်ပြန်ရောက်မှဖြစ်မယ်၊ အိမ်ကငါ့ဇနီး မျှော်နေရော့မယ်'



သူသည် အသက်ငါးဆယ်ခန့်ရှိပြီး လွန်စွာဝဖိုင့်သည်။

သူ့မိန်းမသေဆုံး၍ မကြာခင်ကာလက မိန်းမငယ်ငယ်လေးကို ယူထားသည်။

သူသည် ဟိုတုံးနယ်၌ နေထိုင်သည်။

ထိုမြို့၌ ကုန်ရောင်းကုန်ဝယ် ပွဲရုံလုပ်ငန်း တည်ထောင်ထားသည်။

ယခု....

သူသည် ကုန်သည်များနှင့် အရောင်းအဝယ် ကိစ္စများ သွားရောက်ဆွေးနွေးပြီး ပြန်လာခြင်းဖြစ်သည်။

လမ်းခရီး၌ ကေ့စီးမြို့ကိုဖြတ်ရာ၌ ရှေ့နဂါးစားသောက်ဆိုင်၌ ခရီးတစ်ထောက်နား၍ ဝင်ရောက်စားသောက်နေခြင်းဖြစ်သည်။

မကြာမီ....

စားသောက်၍ ပြီးစီးသွားသည်။

ထို့နောက်....

စားပွဲထိုးအား ကျသင့်ငွေများရှင်းလင်း၍ ခရီးဆက်ထွက်ခွာ၍လာလေသည်။

သူတို့ထွက်လာခဲ့သာအချိန်မှာ နေမွန်းတည့်ချိန်ပင်ရောက်၍လာခဲ့သည်။

သူတို့သည် ဟိုတုံးမြို့သို့ ဦးတည်ရာလမ်းမကြီးအတိုင်း သွားနေသည်။

သူတို့သည် မြင်းများကို ဒုန်းစိုင်းစီးနှင်လျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ....

တောင်ခြေ မြေပြန့်လွင်ပြင်သို့ ရောက်ရှိ၍လာသည်။

လွင်ပြင်ကိုဖြတ်ပြီး တောစပ်တစ်ခုသို့အရောက် တောစပ် လမ်းမပေါ်၌ လူသန်ကြီးတစ်ယောက်သည် ကြီးမားသော တင်းပုတ်ကြီးတစ်ခုကို ကိုင်ဆောင်၍ လမ်းမပေါ်၌ရပ်လျက် နေသည်ကို တွေ့လိုက်ရလေသည်။

တောစပ်အစင်လမ်းက ကြမ်းတမ်း၍ လမ်းကျဉ်းသည်။ လမ်း၏နံဘေး၌ သစ်ပင်အချို့ ရှိနေ၏။

သူနှင့် တပည့်နှစ်ယောက်တို့မှာ ထိုလူ၏အနီးအနားသို့ လမ်းမလွတ်သဖြင့် မြင်းများကို အရှိန်လျှော့လိုက်ကြသည်။

'မိတ်ဆွေ လမ်းနည်းနည်းဖယ်ပါ'

တပည့်တစ်ယောက်က ပြောလိုက်သည်။

'ဟား...ဟား...ဟား'

လမ်းမပေါ် ပိတ်ရပ်နေသော တင်းပုတ်ကိုင် လူဘီလူး ကြီးက တဟားဟား အော်ရယ်လိုက်သည်။

'ဟိတ်...ပါတာအကုန်ထုတ်၊ချန်ထားမယ်မကြံနဲ့၊အကုန် ယေသွားမယ်။ အစ်ကိုယ်တော်ခါးပြ တင်းပုတ်ကြီးလောက် ချီဆိုတာ ငါပဲ'

ဟု ပြောလိုက်သည်။

အဝါရောင် ကတ္တီပါဝတ်ရုံ ဝတ်ဆင်ထားသော သူဌေး ကြီးမှ ထိတ်လန့်၍သွားသည်။



သို့သော်....

အဖော် တပည့်နှစ်ယောက်အားကိုးဖြင့်....

'တစ်ကိုယ်တော်ခါးပြမဲ့ကလို့ ဘာမဲဖြစ်ဖြစ် တို့သွား မယ် လမ်းက ဖယ်ပေးပါ'

'ပါလာတဲ့ပစ္စည်း အကုန်ထုတ်ပေးရင် မင်းတို့သွားချင် ရာ သွားလို့ရပြီ'

'အေး...ပစ္စည်းတော့မရဘူး ဒါပဲရမယ်'

'ချွမ်း'

သူက ဝဖိုင့်သော ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်ပြီး မြင်းဘေး၌ချိတ်ထားသော ဓားအိမ်မှ ဓားကိုဆွဲထုတ်၍ တပည့်နှစ်ယောက်အား အချက်ပြလိုက်သည်။

သူ၏ တပည့်သိုင်းသမားများမှ ဓားခေါင်းများဆွဲထုတ် ၍ လောက်ချီအား ဝင်ရောက်တိုက်ခိုက်သည်။

'ဝုစ်...ဝုစ်...ဝုစ်'

'ဝှီး....'

လောက်ချီမှာ လျင်မြန်လှသည်။

ကြီးမားလေးလံသော တင်းပုတ်လက်နက်ကို လွှဲရမ်း၍ ဝင်လာသောဓားချက်ကို တန်ပြန်ရိုက်ထုတ်လိုက်လည်း။

'ထန်း... ထန်း'

တင်းပုတ်ကြီးမှာ ကြီးမားလေးလံသဖြင့် သူ၏လက်ဆွဲ၌ ကြွက်တောင်မွေးပမာ သွက်လက်ပေါ့ပါး၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝှီး...ဝှီး
'ဂွန်း...ဂွန်း'

သူဌေးကြီး၏ သိုင်းသမားနှစ်ယောက်မှာ ခေါင်းတွင် တင်းပုတ်သုံးချက်လိမ်ရပြီး ဝုန်းခနဲ ဝုန်းခနဲ မြင်းပေါ်မှ လွင့်စင်ကျသွားသည်။

သူ့လူများထိသွားသဖြင့် သူဌေးကြီး ဒေါသထွက်ရှိသွားသည်။

သူသည် လွှားခနဲ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ဝဖိုင့်လောခန္ဓာကိုယ်မှာ အရှယ်နှင့် မလိုက်အောင်ပင် မြေပြင်ပေါ် ညင်သာစွာ ကျရောက်သွားသည်။

အတွင်းအား ကိုယ်ဖော့ပညာကောင်းကြောင်း ပြလိုက်ခြင်းပင် ဖြစ်သည်။

မြေပြင်သို့အရောက် လက်ထဲမှဓားကို တရစပ်လှုပ်ရှား လိုက်သည်။

'ဝှစ်...ဝှစ်...ဝှစ်
ထန်း ထန်း ထန်း'

ဓားနှင့် တင်းပုတ်အရိုး ထိခိုက်သံ ထွက်ပေါ်လာလေသည်။

'ဟိုင်း...ယား'
'ယိစ်'



'ထန်း...ဒလန်း...ထန်း'
အကြိတ်အနယ်ပင် တိုက်ခိုက်နေကြသည်။
ခဏကြာသော် သူဌေးကြီး လိပင်မှာ သက်လုံ ကျလာသည်။

'ခင်ဗျားပညာလောက်နဲ့ ကျုပ်ကို လာယှဉ်နေသေးတယ်ကဲ...သေပေတော့'

တစ်ကိုယ်တော် ဓားပြ လူ့တီလူးကြီးလောက်ချီက ကြုံးဝါး၍ လက်ထဲမှ တင်းပုတ်ကြီးအား သွက်လက်မြန်ဆန်စွာ လှုပ်ရှားလိုက်၏။

'ဝှီး ဝှီး ဝှီး'
'ထန်း ထန်း'
'အား'

သူဌေးကြီးလိပင်မှာ လက်တွင်းမှ ဓားဖြင့် ကြိုးစားပမ်းစား ခုခံကာကွယ်ရန် ကြိုးစားသော်လည်း နောက်ဆုံးတွင် မည်သို့မျှ မကာကွယ်နိုင်တော့ဘဲ တင်းပုတ်လက်ချက်မိသွားသည်။

'မလောက်လေး မလောက်စား ပညာလေးနဲ့ လာပြီးယှဉ်ချင်သေးတယ်'

မြည်တမ်းရေရွတ်၍ တစ်ကိုယ်တော် ဓားပြ တင်းပုတ်ကြီး လောက်ချီမှာ သူဌေးကြီးလိပင်၏ စီးတော်မြင်းပေါ် လွှားခနဲ ခုန်တက်ကာ ဒုန်းစိုင်း စီးနှင်း သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုင်း...ယား'

'ခွပ် ခွပ် ခွပ် ခွပ်'

....о....

ဟူမင် သိုင်းဆရာကြီး၏ ခေတ္တခဏ နားခိုရာ ဝခန်း။

တောတွင်းရှိ ဘုံကျောင်းပျက် နေရာ....

ဟူမင်ဂိုဏ်းချုပ်နှင့် တုံး ပုနှင့် ချန်းမိ စုရုံးပေါင်း လေးဦးသာလျှင် သိသော လျှို့ဝှက်စခန်း နေရာဖြစ်၏။

ဤနေရာမှာ သစ်ကြီးဝါးကြီး၊ လျှိုမြောင်ကြီးများ၊ ချုံမိုး အုံဆိုင်းလျက်ရှိ၏။

ရှေးက တောထွက်ရဟန်းများ၊ တရားဘာဝနာ ပွားများရာ နေရာ....

နေရာဟောင်း....

ယခု ပျက်စီး ယိုယွင်းလျက် ရှိနေ၏။

ဝန်းကျင်တစ်ခုလုံး တောရိုင်း သာရကာ တိရစ္ဆာန်များ မြူးတူးပျော်ပါးသံများ ထွက်ပေါ်လျက် နေ၏။

ထိုနေရာမှာ စိမ့်ကြီး၊ မြိုင်ကြီး၊ ဂနိုင်ကြီးများ ရှိနေလေသည်။



လူသူ အသွားအလာ မရှိ၊ လူဆိုးဓားပြများ ခိုအောင်းရန် အလွန်ကောင်းနေသည်။

ထိုနေရာကို လူသူ တစ်ဦးတစ်ယောက်တည်း ဖြတ်သန်းနိုင်ဖို့ရန် မရှိချေ။

မြင်းခွာသံ ထွက်ပေါ်လာ၏။

'ခွပ် ခွပ် ခွပ်'

လမ်းမြောင်တစ်လျှောက် မြင်းတစ်ကောင် ခရီးမြင်း နှင်လာနေ၏။

မြင်းမှာ မကြာမီ လမ်းမြောင်ခွဲထွက်၍ တောတွင်းသို့ ဝင်ရောက်သွားသည်။

မြင်းပေါ်တွင် လူတစ်ဦး လိုက်ပါလာ၏။

ထိုလူမှာ ထွားကြိုင်းပြီး တစ်ကိုယ်လုံး အမွှေးအမျှင်များ ထူထပ်စွာ ပေါက်နေ၏။

အမှတ်တမဲ့ လူဘီလူးကြီး တစ်ကောင်နှင့်ပင် တူနေသည်။

ထိုလူသည် ဘယ်လက်ဖြင့် မြင်းဇက်ကြိုးကို ထိန်းပြီး ညာလက်တွင် ကြီးမားသည့် တင်းပုတ်ကြီးတစ်ခုကို ကိုင်ဆောင်ထား၏။

မြင်းပေါ်မှ လူထွားကြီးသည် မြင်း၏ နံဘေးနှစ်ဖက်အား ဖနောင့်ဖြင့် လိုသလို တွန်းထိုး၍ ခရီးနှင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် တင်းပုတ်ကြီး လောက်ချိပင် ဖြစ်၏။

ယခင်က မိတ္တာဂိုဏ်းဝင်ဖြစ်ပြီး တစ်ကိုယ်တော် ဓားပြအဖြစ် ခွဲထွက်၍ မြောက်ပိုင်း ခရိုင်မှ တစ်ဦးတည်း ကျင်လည် ကျက်စားနေရာမှ ဟူမင်ဂိုဏ်းနှင့် ညှိနှိုင်းမှုရရှိပြီး ပူးပေါင်းရန် ဟူမင်ဂိုဏ်းချုပ်ရှိရာ တောတွင်း ဘုံကျောင်းပျက်သို့ ခရီးဝေးမှ နှင်လာနေခြင်းပင် ဖြစ်လေ၏။

သူစီးလာသော မြင်းမှာ အလွန်ကြီးမား ထွားကြိုင်းလှသည်။

အသွေးအရောင်မှာ နီညိုရောင်ရှိပြီး အမွေးများချောမွတ်စိုပြေသည်။

ဤကဲ့သို့ မြင်းကောင်း မြင်းသန့်ကို တော်ရုံလူများ မစီးနိုင်ပေ။

တန်ဖိုးကြီးမားလွန်း၍ ဖြစ်သည်။

နယ်စား၊ ပယ်စား၊ သူဌေး၊ သူကြွယ်ကြီးများသာ စီးနိုင်ကြသည်။

ယခု....

ထိုမြင်းကို တင်းပုတ်ကြီး လောက်ချိ စီးနှင်း၍ လာနေသည်။

မိမိ ပိုင်ဆိုင်သော ငွေဖြင့် ဤမြင်းကို ဝယ်ယူထားခြင်းပင်လော။

မဟုတ်ပါ။



လွန်ခဲ့သော ရက်သတ္တပတ်က ကျွဲစီးမြို့ပြင်မှာ သူဌေးကြီးလိမင်အား သတ်၍ ဓားပြတိုက် ယူဆောင်လာသော မြင်းကြီးပင် ဖြစ်၏။

မကြာမီမှာပင်....

တင်းပုတ်ကြီး လောက်ချိ စီးနှင်းလာသည့် မြင်းမှာ ဘုံကျောင်းပျက်ရှေ့ ရောက်ရှိသွား၏။

ဘုံကျောင်းပျက် ရှေ့တွင် အသင့် စောင့်ဆိုင်းနေသော အမည်းရောင် ခေါင်းစွပ် စွပ်ထားပြီး ကတ္တီပါ ဝတ်ရုံနက်ဝတ် ဟူမင်သိုင်းဆရာကြီးနှင့် ငယ်သားသုံးဦးတို့ ရင်လျက်ရှိသည်။

သူတို့သည် အဝေးမှ မြင်းခွာသံကြားကတည်းက ချိန်းဆိုထားသော တင်းပုတ်ကြီး လောက်ချိ ရောက်ရှိလာမည်ကို ကြိုတင် သိရှိနေသဖြင့် ထွက်စောင့်နေကြခြင်း ဖြစ်လေသည်။

'ဟီး ဟီး ဟီး'

'ဖူး ဖူး ဖူး'

ခရီးဝေးမှ အပြင်းနှင်လာသဖြင့် တင်းပုတ်ကြီး လောက်ချိ စီးနှင်းလာသည့် မြင်းမှာ နှာမှုတ်သံ တဖူးဖူး ထွက်ပေါ်နေ၏။

တင်းပုတ်ကြီးလောက်ချိက မြင်းကို ပတာပ်ရင်၍ ရပ်လိုက်ပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

သူ၏ တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်း ကပ်၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြိုဆိုပါတယ်...တင့်ပုတ်ကြီး လောက်ချို'

ဟူမင်ဂိုဏ်းချုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားဆိုလိုက်သည်။

လောက်ချိုက...

'ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်'

တင်းပုတ်လောက်ကျိုက ကိုယ်ကိုညွှတ်၍ အရိုအသေပြုလိုက်သည်။

'ဟူမင်ဂိုဏ်းက မောင်ရင့် ကြိုဆိုလက်ခံပါတယ်၊ အထဲကို ဝင်ပါ'

ဟူမင်သိုင်းဆရာကြီးက ထိုသို့ပြောပြီး ဘုံကျောင်းပျက်ထဲ ဦးဆောင်ဝင်ရောက်သွား၏။

...o...

## ဟူမင်ဂိုဏ်း

---

ဟူမင်ဂိုဏ်း...

လူသူအင်အား စုဆောင်း၍ နေသည်။

သူတို့၏ အင်အား မသေးလှပေ။

တစ်စတစ်စ အင်အားကြီးထွားလာ၏။

ဟူမင်အဖွဲ့၏ ဂိုဏ်းချုပ် ဟူမင်ဂိုဏ်းဆရာကြီး သိုင်းခွမ်းရည်တက်သော တူ၊ ပုံ၊ ချန်းမိနှင့်တင်းပုတ်ကြီးလောက်ကျိုစသည့်သိုင်းသမားများနှင့် လုယက်သတ်ဖြတ်မှုများကို ဦးဆောင်၍ နေသည်။

ယခုလည်း ဂိုဏ်းချုပ်နှင့် သူ၏ လက်ရုံးတပည့်နှင့်ဂိုဏ်းဂိုဏ်းအဖွဲ့ဝင်များ အားလုံး မြင်းကိုစီးနှင်းလျက် တိတ်တဆိတ် ခရီးနှင်နေ၏။

ကျန်ရှိသော ဂိုဏ်းဝင်များအားလုံး ရည်မှန်းချက်နေရာကို တိတ်တဆိတ် ချီတက်ရန် ညွှန်ကြားထားပြီး ဖြစ်သေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဒုစရိုက်လုပ်ငန်းတစ်ခု လုပ်ဆောင်တော့မည့်မှာ အမှန်ပင် ဖြစ်မေသည်။

လမိုက်ည....

သန်းခေါင်ယံ လူချေတိတ်ချိန်—

မုံစီးမြို့....

သေးငယ်သော မြို့လေးတစ်မြို့ဖြစ်သည်။

ကြယ်ရောင်မလက် လမိုက်ည၏ ပိန်းပိတ်အောင်မှောင်နေသည့် အမှောင်ထု အောက်တွင် မုံစီးမြို့ကလေးမှာအိပ်မောကျနေသည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ထု ဖုံးလွှမ်း၍ တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။

မကြာမီ....

ကျရောက်မည့် မုန်တိုင်းထန်သည့် အန္တရာယ်ကို မုံစီးမြို့ကလေးမှာ မသိသလို ရှိနေ၏။

မုံစီးမြို့အထွက် တောစပ်အတွင်း မြင်းစီး အုပ်စု တစ်စု ရောက်ရှိ၍နေသည်။

ဟူမင်ဂိုဏ်းပင် ဖြစ်သည်။

ဂိုဏ်းချုပ်ဟူမင်မှာ နေရာအနှံ့ ဖြန့်ခွဲထားသော ဂိုဏ်းပွဲဏ်းစင်အဖွဲ့ ကား....

ဤနေရာတွင် စုစည်း၍ လုပ်ဆောင် ရမည်အစီအစဉ်ကို စီစဉ်ညွှန်ကြား၍ နေ၏။

မကြာမီ....



ထိုမြင်းစီးအုပ်စုမှာ လက်တွင် ကိုင်ဆောင်ထားသော မီးတုတ်များအား မီးများ ထွန်းညှိ၍ မြင်းများအားဒုန်းစိုင်းစီးနင်းကာ မုံစီးမြို့ကလေး အတွင်း ထိုးဖောက်၍ဝင်ရောက်လာသည်။

နေ့လည်က စုံစမ်းသိရှိထားသော ကြွယ်ဝချမ်းသာသည့် နေအိမ် အဆောက်အဦး ဈေးဆိုင်များအတွင်း အတင်းဝင်ရောက်၍ ရွှေ၊ ငွေ လက်ဝတ်ရတနာဥစ္စာပစ္စည်းများအား လုယက်တိုက်ခိုက်ယူငင်ကြကုန်သည်။

"ဟူမင်ဂိုဏ်းတဲ့ဟေ့... မဆိုင်သူ မကပ်နဲ့ မုဆိုးမ ဖြစ်သွားမယ်"

ဟူမင် ဂိုဏ်းချုပ် ဟူမင် သိုင်းဆရာကြီးမှာ မျက်နှာဖုံးစွပ်လျက်နေ၏။

သူ၏ လက်ထောက်များ ဖြစ်သော တုံ၊ ပုနှင့်ချန်းမီနှင့်တင်းပုတ်လောက်ကျီတို့နှင့်အတူ ဦးစီး၍ ခုခံသူမည်းမည်းမြင်သမျှ အတင်းဝင်ရောက် တိုက်ခိုက် သတ်ဖြတ်ပြီး နေအိမ်အချို့အပေါ် မီးတုတ်များ ပစ်တင်၍နေသည်။

နေအိမ်အချို့ မီးစွဲလောင်လျက် ရှိ၏။

မြင်းခွာသံများ၊ အော်ဟစ်သံများ၊ ငိုကြွေးသံ ပြေးလွှားနေသူများဖြင့် မီးရောင် အောက်၌ မဟာ အဝီစိငရဲကဲ့သို့ ဖြစ်၍နေလေသည်။

ပစ္စည်းယူ၊ မီးရှို့၊ လုယက်တိုက်ခိုက် သတ်ဖြတ်သဖြင့် စိတ်တိုင်းကျ ထင်တိုင်းလုပ်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ဟူမင်ဂိုဏ်းသည်....

ကြောမီမှာပင် မြင်းများကို အတင်းဒုန်းစိုင်း စီးနှင်း၍ ထွက်ခွာသွားကြလေသည်။

မီးဟုန်းဟုန်း တောက်လောင်လျက်ရှိသော မုံစီးမြို့၏ အဖြစ်မှာ ရင်နင့်စရာပင် ဖြစ်သည်။

တစ်မြို့လုံး အုတ်အော်သောင်းနင်း ကမ္ဘာပျက်ဖတတ် ဖြစ်သွားသည်။

ဟူမင်ဂိုဏ်း၏ ရက်စက်ယုတ်မာမှုအောက်တွင် မုံစီးမြို့မှာ အညှိုးခံ၍ ကျန်ရစ်ခဲ့လေသည်။

.... ο ....

## ဖူးကျန်း အာမခံဌာန

ဖူးကျန်း အာမခံပို့ဆောင်ရေး လုပ်ငန်း....

ကျေစီးမြို့၌ ရှိသည်။

သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ဆောင်သော အဖွဲ့အစည်း အချို့ရှိ၏။

သို့သော် –

ဖူးကျန်း အာမခံပို့ဆောင်ရေးလောက် နာမည်မကြီး။

သူ၏ဂုဏ်သတင်းမှာ ကျေစီးမြို့သာမက အခြားမြို့များ၊ ပြည်နယ်များအထိ ပေါက်ရောက်ပျံ့နှံ့လျက် သတင်းမွှေးလေသည်။

ပစ္စည်းများ သယ်ယူပို့ဆောင်လိုပါက ဖူးကျန်းမှာ စိတ်ချရသည်ဟု ဆိုရလောက်အောင်ပင် သတင်းကြီးသည်။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်များ၊ ကျေးစီးမြို့သူမြို့များမှာ ဖူကျန်းအာမခံလုပ်ငန်းနှင့် ဆက်ဆံကြသည်။

ယခုကဲ့သို့....

လုပ်ငန်းအောင်မြင်သည်မှာ အားလုံး၏ စည်းလုံး ညီညွတ်မှုကြောင့် ဖြစ်ကြောင်း....

အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သဖြင့်....

စီးပွားဘက်များအဖြစ် လျှုတို့က ခံယူသည်။

ထို့ကြောင့်....

လျှုတို့အတွက်ဆိုလျှင် အသက်ပင်သေသေ ပေးဆပ်ရန် စိန်မလေးကြချေ။

အားလုံးက ချစ်ကြောက်ရိုသေသည်။

တာဝန်ကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်သည်။

တာဝန်ကို မထစ်ဟင်း မပေါ့ဆရန် ဂရုစိုက်ကြသည်။

လာဘ်စား လာဘ်ယူ သစ္စာမရှိမှုဆိုလျှင် ထိရောက်စွာ အရေးယူ အပြစ်ပေးသည်။

အာမခံပစ္စည်းပိုဆောင်သမျှ ပျောက်ဆုံးပျက်စီးမှု မရှိချေ။

ပျက်စီးရပျောက်ဆုံးလျှင်လည်း ပိုင်ရှင်ကို ပစ္စည်းတန်ဖိုးအတိုင်း မှန်ကန်စွာ ပေးလျော်စေသည်။

ထို့ကြောင့်....

ဖူးကျန်း အာမခံဌာနနှင့် အလုပ်လုပ်လျှင် လုံခြုံစိတ်ချ တိကျမှန်မြန်ဟူသော ကောင်းသတင်းပေါ်သည် ခိုင်မြဲစွာရပ်တည် နေခဲ့လေသည်။



ပိုင်ရှင်ဖြစ်သူမှာ ရှီးသားဖြောင့်မတ်သလို လက်အောက် ငယ်သားအားလုံးမှာ စည်းကမ်းအတိုင်း တိကျစွာ လုပ် ဆောင်သဖြင့် ဖူးကျန်းအာမခံလုပ်ငန်းမှာ တစ်နေ့တခြား စီးပွားဖြစ်ထွန်းလာလေသည်။

ဤသည်မှာ....

လွန်ခဲ့သော ခြောက်လခန့်၏ နောက်ပိုင်း အခြေအနေ သာပင် ဖြစ်သည်။

ဤဌာနနှင့်အပြိုင် အခြားအာမခံပို့ဆောင်ရေး လုပ်ငန်း ရှင်အချို့မှာ နာမည်ပျက်လျက်ရှိ၏။

အကြောင်းမှာ....

သူတို့ပို့ဆောင်သော ပစ္စည်းများ မကြားခဏစားပြတိုက် ဆုံးယက်ခံနေရခြင်းကြောင့် ဖြစ်သည်။

လုယက်တိုက်ခိုက်သော ဓားပြများမှာ ယခုတလော၌ ခေါင်းဆောင်ထလာသည်။

တူမင်ဂိုဏ်းကြောင့် ဖြစ်သည်။

ထိုဂိုဏ်း၏ လုယက်ဓားပြတိုက်မှုများကို အခြားအာမခံ ဌာနအချို့တို့ ခံကြရသည်။

လျှုတို့သည်....

ထိုသတင်းကို ကြားသိသည်နှင့် သူ၏အာမခံဌာနမှ ပစ္စည်းပို့တိုင်း သူကိုယ်တိုင် လိုက်ပါပြီး လုံခြုံရေးအစောင့် အရှောက် အစေ့အတွက်ကိုလည်း ပိုမိုတိုးချဲ့ပြီး လိုက်ပါစေ သည်။

www.burmeseclassic.com



ထို့ကြောင့်....

ယနေ့အထိ အမှားအယွင်းတစ်ကြိမ်မျှ မရှိသေးပေ။

သို့သော်....

ဟူမင်ဂိုဏ်း၏ အန္တရာယ်ကို လျှူတို့မှာ အထင်သေး၍ မရနိုင်တော့ချေ။

သူ၏လက်ရုံးရည် နှလုံးရည်ကြောင့်သာ အမှားအယွင်း မရှိ အောင်မြင်နေသော်လည်း သတိလက်လွတ် မရှိအောင် အထူးပင် ဂရုစိုက်နေရသည်။

ယနေ့....

ဖူးကျန်းအာမခံဌာနသို့ သူဌေးကြီးကာချမ်း ရောက်ရှိလာသည်။

အလုပ်လာအပ်ခြင်း ဖြစ်၏။

ဟူမင်ဂိုဏ်း၏ အန္တရာယ်ကို ကြောက်ရွံ့ထိတ်လန့်သဖြင့် သူဌေးကြီးမှာ စော်ကြူးမြို့ရှိ မိဘများထံ သူပိုင်ရတနာ ပစ္စည်းများအား ဖူးကျန်း အာမခံအဖွဲ့အား ပို့ဆောင်ပေးပါရန် လာရောက်ခြင်းဖြစ်သည်။

သူဌေးကြီး ကာချမ်းနှင့် အာမခံပိုင်ရှင် လျှူတို့တို့မှာ တစ်မြို့တည်းသား မိတ်ဆွေများလည်း ဖြစ်သည်။

လျှူတိုသည်....

သူဌေးကြီးကာချမ်းအား အဖန်ရည်များဖြင့် ဧည့်ခံ၍ အလုပ်ကိစ္စ ပြောဆိုနေကြသည်။

'ကျုပ်ပိုင် ပစ္စည်းတွေကို ကျုပ်နဲ့အတူ မသွားချင်ဘူး။ ဟူမင်ဂိုဏ်းရဲ့အန္တရာယ်က အချိန်မရွေး ရှိနေတယ်လေ'



ဟု သူဌေးကြီးက ပြောသည်။

လျှူတိုက....

'စိတ်ချပါ၊ ခင်ဗျားနဲ့ ကျုပ်နဲ့က မိတ်ဆွေတွေပဲဗျာ၊ ကျုပ်ကိုယ်တိုင် ဂရုတစိုက်နဲ့ လိုက်ပါပို့ဆောင်ပေးပါ့မယ်'

သူဌေးကြီးက....

'အေးဗျာ၊ ဟူမင်ဂိုဏ်းက ဘယ်အချိန် ဓားပြလို့တိုက်မလဲလို့ ကြီးလန့်စာစားဖြစ်နေတာ၊ အခုမှ စိတ်အေးရတော့တယ်၊ ခင်ဗျားကိုယ်တိုင် စောင့်ရှောက်ပေးပို့မယ်ဆိုတော့ ကျုပ်စိတ်ချတယ်'

လျှူတိုက....

'သူဌေးမင်း စိတ်ချစွာနဲ့ပြန်ပါတော့၊ ဒီပစ္စည်းပို့ဆောင်မယ့် ကိစ္စက အခုအချိန်ကစပြီး ကျုပ်ခေါင်းပေါ်ရောက်သွားပြီလို့သာ မှတ်လိုက်ပါတော့'

ကာချမ်းက....

'ကျေးဇူးပါပဲ၊ ဒါနဲ့ ဘယ်တော့ခရီးထွက်မယ် စိတ်ကူးပါလဲ'

'ထွက်ဆို မနက်ဖြန်မနက်စောစော သွားပါ့မယ်၊ ကျုပ်က အလုပ်ကို အချိန်မဆွဲတတ်ဘူး'

'ဒါဆို....ကျုပ်ကိုသွားခွင့်ပြုပါဦး'

'ကောင်းပါပြီ'

ဤသို့ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



ကာချမ်းသည် သေတ္တာသေးသေးလေးတစ်လုံးကို သော့ခတ် ချိတ်ပိတ်၍ ဖူးကျွန်းအာမခံပိုင်ရှင် လျှူတို့ထံအပ်နှံ၍ ပြန်သွားလေသည်။

နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် မော်ကြူး မြို့သို့ ထွက်ခွာရန် အာမခံအဖွဲ့သားများ အဆင်သင့်ဖြစ်၍ နေကြသည်။

သူတို့သည် မြင်းလေးကောင်ဆွဲသော ရထားလုံးမှာ ဝံ့ဝံ့ကြွားကြွားရှိလှကာ ဆေးရောင်စုံ ခြယ်သထားသည်။

အဝေးမှ အမှတ်တမဲ့ကြည့်လိုက်လျှင် လှေသင်္ဘောပုံ ဖြစ်နေသည်။

မြင်းရထားဆိုင်း၌ အလံတစ်ခု ထိုးစိုက်ထားသည်။

ဖူးကျွန်းအာမခံအဖွဲ့တံဆိပ် အလံဖြစ်၏။

မြင်းရထားမောင်းနှင်သူမှာ လက်တွင် ကြာပွတ်တ ချောင်းကို လိပ်၍ကိုင်ဆောင်ထားပြီး မောင်းနှင်ရန် အသ အနေအထားတွင် ရှိနေသည်။

မြင်းရထားမောင်းသူ၏ ခါးတွင် ဓားရှည်တစ်ချောင်း ချိတ်ဆွဲ၍ထားသည်။

သူ၏နံဘေး၌ အရံအဖြစ် လဲလှယ်မောင်းနှင်ရန် အခြ ရထားမောင်းသူက ထိုင်လျက်ရှိနေ၏။

မြင်းရထားကို ဆွဲနှင်မည့်မြင်းများမှာ ခရီးဝေးမည်ကို သိနေသည့်အလား ခွာတရှပ်ရှပ်၊ နှာမှုတ်သံတဖူးဖူးနှင့်အ ရှိနေ၏။

မြင်းများမှာ အပြစ်ဆိုစရာမရှိ။



တောင့်တင်းကြံ့ခိုင် ထွားကျိုင်းလှသည်။

မြင်းရထားကို လိုက်ပါစောင့်ရှောက်မည့် လက်ရွေးစင် သိုင်းသမားခြောက်ဦးတို့အား မြင်းခြောက်စီး၏အနားတွင် ဇက်ကြိုးများကိုယ်စီကိုင်လျက် ရပ်နေကြသည်။

သူတို့၏ ခန္ဓာကိုယ်ပေါ်၌ အပြာရောင်ဝတ်စုံ ထက် အောက် ဆင်တူဝတ်ဆင်ထားကြလေသည်။

လူတစ်ဦးလျှင် ဓားနှစ်လက် ကြိုးတစ်ထုံးစီကို ခါး၌ လည်းကောင်း၊ ကျော၌လည်းကောင်း၊ မြင်းကုန်းနှီးတွင် လည်းကောင်း အသီးသီး ဆောင်ထားကြ၏။

သူတို့စီးနင်းမည့် မြင်းများမှာလည်း တုတ်တုတ်ခိုင်ခိုင် ထွားကျိုင်းသန်မာသည်။

လေ့ကျင့်အားပြည့်ဝနေသည့် တိုက်ပွဲများစွာ အတွေ့ အကြုံရှိသော မြင်းအမျိုးအစားများ ဖြစ်သည်။

ခရီးစဉ်တစ်ခုလုံးကို အာမခံပိုင်ရှင် လျှူကိုက ဦးဆောင် မည်ဖြစ်ပြီး....

ကျွန်းသစ်ဓားသမား ရဲရှမ်းက ဒုတိယခေါင်းဆောင် အဖြစ် ဦးဆောင်ပေးလိမ့်မည်။

သူတို့၏ခရီးစဉ်မှာ ငါးရက်ကြာမြင့်မည် ဖြစ်သည်။

လူသူရိက္ခာ လက်နက် ပြည့်စုံမစုံကို လျှူတို့က မေး မြန်းလိုက်သည်။

'အားလုံး အဆင်သင့်ပဲလားဟေ့'

'အဆင်သင့်ပါပဲ'

ရဲရှမ်းက ပြန်လည်ဖြေကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး....တို့ဆောင်ရွက်မည့်လုပ်ငန်းကို အရင်ကထက်ပိုပြီး အစစအရာရာ သတိဝီရိယရှိပါစေ၊ လမ်းခရီးအခြေအနေက အရင်နဲ့မတူဘူး....

'ဟူမင်ဂိုဏ်း ထကြွသောင်းကျန်းနေတယ်၊ ဒါပေမယ် မစိုးရိမ်ပါနဲ့လေ၊ ကဲ....အားလုံး စထွက်မယ်ဟေ့'

လျှူတိုက အမိန့်ပေးလိုက်သည်။

ရှေ့ဆုံးမှ ရဲရှမ်းက မြင်းပေါ် လွှားခနဲခုန်တက်လိုက်ပြီး စတင် ခရီးထွက်ခွာလိုက်သည်။

ဖူးကျန်းမြင်းရထားက နောက်မှလိုက်ပါလာ၏။

ဘေးတစ်ဖက်တစ်ချက်စီ၌ ဓားသမားလေးဦးတို့ ခြံရံစီးနင်း၏။

နောက်၌ ခေါင်းဆောင်လျှူတို လိုက်ပါလာသည်။

အာမခံအဖွဲ့သည် ငင်းအတွင်းမှထွက်ခွာသွားကြလေပြီ။

အရှေ့မိုးကောင်းကင်မှ နေမင်း၏ ရှေ့ပြေးရောင်ခြည် ထွက်ပေါ်၍ လာနေပြီဖြစ်၏၊

ခရီးသွားအဖွဲ့၏ မြင်းခွာသံများသည် တဖြည်းဖြည်း ဝေးကွာသွားလေတော့သည်။

....ဖ....

## ခေါင်းခြောက်နေသော ဖေးထိုက်

---

ထောက်လှမ်းရေးမှူးဖေးထိုက်သည် တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်နေရသည်။

'ကျုပ်တို့ ဟူမင်သိုင်းဆရာကြီးရှိတဲ့နေရာကို အခုထိ ရှာ မတွေ့သေးဘူး'

အဖွဲ့ဝင်တစ်ယောက်က...

'ဟုတ်တယ်....ကျွန်တော်တို့လဲ သူတို့လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေတာပဲ၊ ဒါတောင် ဘာတကနေဘယ်လို ကျော့စီးမြို့ကိုသွားပြီး သောင်းကျန်းတယ်မသိဘူး'

ဖေးထိုက်က....

'ကျုပ်တို့ ဒီတစ်ခါလိုအဖြစ်မျိုး မကြုံတွေ့ရအောင် တားဆီးနိုင်မှဖြစ်မယ်၊ နို့မဟုတ်ရင် ကျုပ်တို့ရောက်လာမှ သူတို့ငြိမ်သက်နေရင် ကျုပ်တို့အားလုံး အပြစ်တင်မှုကို ခံရလိမ့်မယ်'

'ဟုတ်တယ် အခု ကျွန်တော်တို့ရတဲ့ သတင်းအရဆိုရင် တင်းပုတ်ကြီးလောက်ချီ ဟူမင်ဂိုဏ်းနဲ့ ပူးပေါင်းလိုက်ပြီလို

www.burmeseclassic.com

www.burmeseclassic.com



ကြားတယ်၊ ဒီထော့ လော့က်ချိက သူ့အစွမ်းတွေကိုထုတ်ပြနေတာတော့ပေါ့'

ဖေးထိုက်က...

'အင်း...နောက်ထပ် သူတို့ဘာလျှပ်ရှားမှုတွေ လုပ်ကြဦးမလဲ မသိဘူး၊ ခက်တာက သူတို့အဖွဲ့တွေကိုလဲ လိုက်ချေမှုန်းနေရတာ အဖွဲ့တွေကို ဘယ်လောက်ခွဲထားမှန်း မသိတော့ဘူး။ တာဝန်ကတော့ဖြစ်သွားဘာပေါ့'

တစ်ဦးက...

'ဟုမင်သိုင်းဆရာကြီးရဲ့စခန်းကို တွေ့တော့မှာပါ၊ မကြာတော့ပါဘူး'

ဖေးထိုက်က...

'ဒီတစ်ခါ ကျုပ်တို့ လုပ်ရခဲ့ပြီးတော့ တော်တော်မှ ဖြစ်တော့မယ်၊ အားရုံကြိုလည်း အခါတိုင်းတည်း တိုက်ပွဲဝင်နိုင်အောင်လည်း၊ သူအင်အားအဆင့်ရှိနေရမယ်'

'ဟုတ်ကဲ့ပါ...ဆရာ'

'သူတို့လှုပ်ရှားမှုကို ငါတို့မပြတ် လုပ်ရခဲ့ပြီး စောင့်ကြည့်ရမယ်'

'ဟုတ်ကဲ့ပါ ဆရာ'

ဤသို့ဖြင့် ထောက်လှမ်းရေးဖေးထိုက်တို့သည် အဖွဲ့နှစ်ခုခွဲ၍ လိုက်ကြလေသည်။

....၀....

ဖူးကျွန်းအာမခံဌာန၏ ကံကြမ္မာ

နန်းယုမြို့မှ တောင်ဘက်ရှူးစူးအရပ်တွင် ရှိသည်။

ဖူးကျွန်းအာမခံအဖွဲ့မှာ အာရုဏ်ဦး ရောင်နီအောက်တွင် ခြေလှမ်းမှန်မှန်ဖြင့် မြင်းများကို စီးနင်းလျက်ရှိ၏။

တွေ့စီး မြို့ပြင်သို့ ရောက်သည်နှင့် ကွင်းပြင်များမှ ဖြတ်သန်းတိုက်ခတ်လာသော နံနက်ခင်း လေပြေအေးကြောင့် ဖူးကျွန်းအာမခံ အဖွဲ့၏ အလံမှာ တဖျပ်ဖျပ် လွင့်၍နေလေသည်။

အာမခံ အဖွဲ့၏ ဒုတိယ ခေါင်းဆောင် ကျားသစ်စားသမား ရဲရှမ်းမှာ ရှေ့ဆုံးမှ မြင်းကို စိုင်းရင်း မျက်လုံးအစုံက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ရှု၍ သွားနေ၏။

သူသည် ဤဖူးကျွန်းအာမခံအဖွဲ့တွင် ခေါင်းဆောင်လျှို့တိုပြီးလျှင် လုပ်သက် အရင့်ဆုံးနှင့် သိုင်းပညာ အဆင့်မြင့်ဆုံးဖြစ်သည်။

ယခင်က အာမခံအဖွဲ့ ခရီးစဉ်တိုင်း သူ ဦးဆောင်သွားသည်။

တိုက်ရည်၊ ခိုက်ရည် ပြည့်ဝပြီး တော်ရုံလူ့ ကိုမယှဉ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လမ်းဓားပြ အဖွဲ့များသည် သူ့ကို ကြောက်ကြ၏။

အသက်အားဖြင့် လေးဆယ့် ငါးနှစ်အရွယ် ဖြစ်နေသော်လည်း ကျန်းမာသန်စွမ်း၏။

ခန္ဓာကိုယ်မှာ လူငယ်တစ်ယောက် သဏ္ဌာန်ရှိပြီး တော်ရုံလူငယ်များမင်လျှင် သူ့လောက် အကြမ်းပတမ်း ခံနိုင်ရည် မရှိကြပေ။

ရန်သူကို တိုက်ခိုက်ရာတွင် သွေးအေးပြီး ကျားသစ်တစ်ကောင် ချောင်းမြောင်း တိုက်ခိုက်သကဲ့သို့ လွှားခနဲပျံဝဲ၍ လျင်မြန်သည့် ဓားချက်နှင့် ရန်သူကို အပေါ်စီးမှ လျှပ်ပြက်သလို တိုက်ခိုက်တတ်၏။

သူ၏ တိုက်ခိုက်မှုအောက်တွင် လူသူများမှာ မလှုပ်သာ မဆုတ်သာ အရှုံးပေးသွားရသည်။

ထို့ကြောင့်....

ကျားသစ်လို ရဲရင့်သန်မာ လျင်မြန်သော တိုက်ရည်ခိုက်ရည် ပြည့်ဝသည့် သူ့ကို ကျားသစ်ဓားသမားဟု ဝိသေသပြု၍ ခေါ်ဝေါ်ကြခြင်းပင် ဖြစ်၏။

ဤခရီးကို ရှေ့ဆုံးက ဦးဆောင်တာဝန်ယူထားနေသဖြင့် သူ့အဖို့ အစစအရာရာ သတိဝီရိယနှင့် မျက်လုံးအစုံ၊ နားအစုံ ဖွင့်လျက် စွင့်ပြီး သွားနေခြင်း ဖြစ်၏။

သူစီးသော မြင်း၏ ခြေကျကို လိုက်၍ မြင်းလေးကောင်ကသော ရထားလုံးဖြစ်သည်။

ဖူးကျွန်းရထားလုံးက မှန်မှန် မောင်းနှင်၍ လိုက်ပါလာသည်။



သူ့မြင်းကြီး မြန်လျှင် မြန်သလို၊ နှေးလျှင် နှေးသလို မြင်းရထား မောင်းသမားက မောင်းနှင်၍နေသည်။

ထို့အတူ...

ရထားလုံး၏ ဘေးတစ်ဖက် တစ်ချက်မှ လိုက်ပါနေသော ဓားသမား လေးဦးတို့မှာလည်း မြင်းရထားလုံး၏ အရှိန်နှုန်းအတိုင်း အနှေးအမြန်ကို ချိန်၍ အနီးမှ ကပ်လိုက်လာကြသည်။

မြင်းရထား၏ နောက်ဆုံးမှ ကပ်၍ လိုက်ပါနေသော ခေါင်းဆောင် လူတို့မှာ သူ့ရှေ့ရှိ ရထားလုံးကြီးအား ကာကွယ်စောင့်ရှောက်ရန် ဘေးဘီကို အလစ်မပေးဘဲ ကျီးကန်းတောင်းမှောက် မျက်လုံးများ နားများကို အလုပ်ပေး လိုက်ပါနေ၏။

သို့ဖြင့်....

သူတို့သည် တောတစ်ခုသို့ ချဉ်းနင်း ဝင်ရောက်လာလေသည်။

တောမှာ တောင်ကုန်း၊ တောင်ကတုံးများ ပေါလှပေသည်။

တောင်ကြားလမ်းများလည်း ရှိသည်။

သစ်ပင်၊ ဝါးပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသည်။

ထိုတောကို ဝင်ရောက်ပြီး မကြာမီမှာပင် တောင်ကြားလမ်းတစ်ခုကို ဖြတ်သန်းရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ကြားလမ်းမှ ဖူးကျန်း အာမခံအဖွဲ့ အနေဖြင့် မစိမ်းပါ။

မှတ်မှတ်ရရ ရှိခဲ့သည့် အဖြစ်အပျက်များလည်း ရှိခဲ့ပါသည်။

ထို့ကြောင့်....

ကျားသစ် သိုင်းသမား ရဲရှမ်းမှာ သတိထား၍ နေလေသည်။

တောင်ကြားလမ်းသို့ ချဉ်းနင်း ဝင်ရောက်လိုက်သည်နှင့် တစ်ပြိုင်နက်....

လေတိုးသံစာစ်ခုကြောင့် ရဲရှမ်းမှာ အသင့်အနေအထားဖြင့် သူ့အဖွဲ့အား အချက်ပြလိုက်၏။

ထို့နောက်....

ဓားကို အလျင်အမြန် ဆွဲထုတ်လိုက် မျက်လုံးအစုံကို နေ့်းကျင်သို့ ဖျတ်ခနဲ ကြည့်လိုက်၏။

'ရှပ်....'

အရှိန်အဟုန် ပြင်းထန်သော လေတိုးသံကို ကြားလိုက်ရသည်။

မြားတံတစ်စင်း လေထုထဲကို ဖောက်ထွင်း ဝင်လာလေသည်။

'ချွတ်'

ရဲရှမ်းက လျှင်မြန်စွာ ဓားကို ဝှေ့ယမ်းလိုက်ရာ....

သူ့ထံ မာန်အဟုန်ပြင်းစွာ ဝင်ရောက်လာသည့် မြားတံမှာ ကျိုးပဲ့လွင့်စင်ထွက်သွားသည်။



'ရန်သူ'

ရဲရှမ်း၏ နှုတ်မှ အသံကျယ်လောင်စွာ ထွက်လာသည်။

ဖူးကျန်းလက်ရွေးစင် ဓားသမားတို့မှာ အတွေ့အကြုံရှင့် ကျက်သူများပီပီ ရန်သူကို ရင်ဆိုင်ရန် ဓားကိုယ်စီ ဆွဲထုတ်လျက် တိုက်ပွဲဝင်ရန် အသင့်ပြင်လိုက်ကြ၏။

'ဟား ဟား ဟား'

တောင်ကြားလမ်း တစ်ဖက်ရှိ တောင်စွန်းအထက်ဆီမှ အော်ဟစ်ရယ်မောသံ ပေါ်လာ၏။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေး ရှည်လျားထူပျစ်စွာ ကျနေသည့် လူထွားကြီးတစ်ဦး ထီးထီးရပ်နေပြီး ရယ်လျက်ရှိ၏။

သူ၏ ကြီးမားတုတ်ခိုင်မှုသော ခန္ဓာကိုယ်မှာ ရယ်သံနှင့်အတူ လှုပ်ခါလျက်ရှိ၏။

'ကျုပ်တို့ ဖူးကျန်း အာမခံအဖွဲ့ကပါ၊ မနှောင့်ယှက်ပါနဲ့၊ ကျုပ်တို့ရဲ့ ဓားမတွေ သွေးမစွန်းချင်ဘူး၊ မေတ္တာ ရပ်ခံပါရစေ မိတ်ဆွေ'

ဖူးကျန်းအဖွဲ့ ခေါင်းဆောင် လျူတိုက ရှေ့သို့ ကျော်တက်လျက် အတွင်းအားဖြင့် ပြော၏။

သူတို့အဖွဲ့မှာ ဖူးကျန်းဖြစ်ကြောင်း သတိပေးပြောကြားလိုက်ခြင်းဖြစ်၏။

အချို့ ဓားပြအဖွဲ့မှာ သူတို့ကို သတိမထားဘဲ အခြားခရီးသွားများထင်မှတ်၍ ရှုတ်တရက် မှားယွင်း တိုက်ခိုက်မိတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တိုက်ခိုက်ပြီးမှ ဖူးကျန်း အဖွဲ့မှန်း သိသွားသော အခါ....

ကြောက်၍ ပြီးရင်မဆိုင်ရဲဘဲ ပြန်ပြေးသွားသူများလည်း ရှိခဲ့သည်။

ထို့ကြောင့်....

လျှူတိုက မှားယွင်း တိုက်ခိုက်မည်ကို စိုးသဖြင့် သတိပေးလိုက်ခြင်းလည်း ဖြစ်၏။

ရန်သူများမှာ တောင်စွန်းအကွယ်တို့မှ ထွက်လာကြ၏။

စုစုပေါင်း အင်အားနှစ်ဆယ်ခန့် ရှိ၏။

လက်နက်မျိုးစုံ ကိုင်ဆောင်လာကြသည်။

'ဟား....ဟား....ဟား ဖူးကျန်းမကလို့ ဘာအဖွဲ့ပဲ ဖြစ်ဖြစ် အသက်မသေချင်ရင် မြင်းရထားပေါ်က သယ်လာတဲ့ ပစ္စည်းတွေကို အသာတကြည်နဲ့ ပေးပေတော့'

လျှူတိုက....

'မင်းတို့ ဘယ်ဂိုဏ်း အဖွဲ့ကလဲ'

လူနှစ်ဆယ်ခန့်ကို ခေါင်းဆောင်လာသူက....

'ဟဲ့....ဟဲ.... တို့အကြောင်းကို မသိသေးဘူးနဲ့ တူတယ်၊ ပြောရဦးမှာပေါ့၊ တို့က ဟူမင်ဂိုဏ်းကပဲ၊ ဒီအဖွဲ့မှာ တင်းပုတ်လောက်ချီ ငါခေါင်းဆောင်ပဲ'

လျှူတိုက....

'ဩော်....မင်းက မိစ္ဆာဂိုဏ်းက ခွဲထွက်ပြီး ဟူမင်ဂိုဏ်းကို သန္ဓာခံလိုက်တဲ့ တစ်ကိုယ်တော်ဓားပြကြီး တင်းပုတ်လောက်ချီကိုး'



လောက်ချီက....

'အေး...ဟုတ်တယ်၊ အသာတကြည်နဲ့ အညံ့ခံပါ၊ မဟုတ်ရင် မင်းတို့တစ်ဖွဲ့လုံး အားလုံး မသာပေါ်သွားမယ်'

လျှူတိုက....

'ဟား ဟား ဟား ဟူမင်ဂိုဏ်း မကလို့ ဘယ်အနက်ရောင် သိုင်းသမားမဆို ဖူးကျန်းအဖွဲ့က ဂရုမစိုက်ဘူး၊ သေချင်ရင် ပစ္စည်းတွေ ငင်လုလေ'

သူ၏ စကားအဆုံးတွင် လောက်ချီ၏ ဒေါသပေါက်ကွဲသွားပြီး သူ့ဂိုဏ်းကို အမိန့်ပေးလိုက်သည်။

'ဟေ့....အားလုံး ဝင်တိုက်ကြ'

သူ၏ ကြီးမားသော အမိန့်ပေးသံ သြသြကြီးမှာ တောင်တန်းတစ်လျှောက် ပဲ့တင် ထပ်သွားသည်။

'ဟိတ်'

'ဟေး'

'ယား'

'ကျား'

အော်ဟစ်မာန်သွင်း ကြုံးဝါးသံ မျိုးစုံဖြင့် ဟူမင်ဂိုဏ်းသားတို့ ရထားလုံးနှင့်ရာသို့ ပြေးဝင်လာကြ၏။

'အားလုံး အသင့်ပြင်'

လျှူတိုက သူ၏ အဖွဲ့အား အသင့်ပြင်ခိုင်းလိုက်ပြီး ရန်သူရင်ဆိုင်ရန် ရှေ့သို့ တိုးထွက်လိုက်၏။

'ရန်သူကို ရထားနား အကပ်မခံနဲ့ဟေ့'

တစ်ဆက်တည်း ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားလမ်းမှာ ကျဉ်းမြောင်းပြီး....

ဘေးတစ်ဖက်တစ်ချက်စီမှ ကျောက်နံရံများကကာစီးထား
သည်။

ရထားလုံးနှင့် မြင်းနှစ်စီး၊ သုံးစီးခန့်သာ လမ်းမှာဝင်ဆန့်
သည်။

....ကြောင့်....

ရန်သူမှာ ဘေးနှစ်ဖက်မှ ဝင်မတိုက်ပါပေ။

ရှေ့နောက် များမှသာ ဝင်ရောက် တိုက်ခိုက်ကြလေ
သည်။

ကျားသစ်နက်ဂိုဏ်း သိုင်းသမားရဲရှမ်းက နောက်မှသိုင်း
သမား နှစ်ဦး နှင့်အတူ ရန်သူကို ရင်ဆိုင်လိုက်၏။

ရန်သူမှာ ရှေ့နောက် နှစ်ဖက်ခွဲ၍ ရှေ့တိုး တိုက်ခိုက်
လာသည်။

ရှေ့ဆုံးမှာ လျှုတို့သည် ရင်ဆိုင်တိုက်ခိုက်လာသည့်
မင်ဂိုဏ်းသား လေးဦးအနက် လှံတံကိုင်တစ်ဦး၊ ခရင်းခွ
တစ်ဦးနှင့် ဓားသမားတစ်ဦးကိုမှာ မိုက်မဲ့စွာ ဓားချက်ထဲ
တရကြမ်း ဝင်လိုက်ကြ၏။

ထိုအခါ....

လျှုတို၏ ဗတ်ဓားချက်နှင့်လှံ တံကိုင်တစ်ဦး လဲကျသွား
သည်။

သူ၏ တပည့် သိုင်းသမား၏ ဓားပြားတွင် ခရင်းခွ
ရန်သူမှာ ရင်အစ်ထုတ်ချင်းဖောက်သွား၏။



ရန်သူ ဓားသမား တစ်ဦး ခုန်ဝင်လာပြန်ရာ လျှုတို၏
တ်ဓားချက်မိပြီး ကားရားကြီး အော်ဟစ် လဲကျသွားပြန်
သည်။

လဲကျသွားသော လူများကို ကြည့်ပြီး ဟွမင်ဂိုဏ်းသား
ဆို ထပ်မံ၍ အတင့်ရဲစွာ ရှေ့သို့ တိုးဝင် မလာတော့ပါ
ချ။

ရထားလုံး၏ အနောက်ဘက်တွင်လည်း ကျားသစ်ဓား
သမား ရဲရှမ်း၏ ခပ်ကြမ်းကြမ်း ဓားချက်ကြောင့် ရှေ့တိုး
ဝင်လာသည့် ရန်သူနှစ်ဦး၏ ခေါင်းများ တစ်ချက်ထိမှန်၍
ကျသွားသဖြင့် ဟွမင် ဂိုဏ်းသားတို့ ရှေ့မတိုးရဲဘဲ တွန့်
သွားကြသည်။

နောက်မှ လျှုတို့မှာ တပည့်တစ်ဦး၏ ဓားချက်ကြောင့်
သူ ဂိုဏ်းသားတစ်ဦး၏ လက်တစ်ဖက် ပြတ်သွားတော့
သည်။

ထိုမြင်ကွင်းကို မြင်ပြီး ရန်သူ ဂိုဏ်းသားများ ရှိန်သွား
သည်။

ခြံ၍ဆိုရလျှင် ဖူးကျန်း အာမခံအဖွဲ့ သိုင်းသမားများ
အားလုံး ကိုယ့်ကိုယ်ကို လုံခြုံအောင် ကာကွယ်နိုင်ခဲ့ကြလေ
သည်။

ဓားကွက်များကို ဖော်ထုတ်၍ တန်ပြန် တိုက်ထုတ်လိုက်
သော ဓားချက်တို့တွင် ရန်သူ၏ အသက်များကို ခေါ်ယူ
သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဂိုဏ်းသားများ အထိနာသည်ကို မြင်သဖြင့် တင်းပုတ်ကြီး လောက်ချိမှာ သူကိုယ်တိုင် တင်းပုတ် လက်နက်ကြီးကို ကိုင်ပြီး တိုက်ခိုက်ရန် ပြင်လေသည်။

'ဝှီး....'

နှုတ်မှလည်း တိရစ္ဆာန် တစ်ကောင်နှယ် အားကုန်ဟစ်အော်၍ ကိုယ်ကို ပတ်ချာလည် လှည့်ကာ သက်ဝေ့ယမ်းတိုက်ခိုက်လိုက်၏။

'ဝှီး ဝှီး ဝှီး'

လူကောင်ကြီးသလို ကိုင်ဆောင်သောတင်းပုတ်လက်နက်မှာလည်း ကြီးမားလေးလံသည်။

သို့သော်....

ဝေ့ယမ်း လှုပ်ရှားရာတွင် တဝှီးဝှီးဖြင့် ပေါ့ပါးနေလေသည်။

တင်းပုတ်ကြီးအား ဝေ့ယမ်းပြီး ခန္ဓာကိုယ်မှာလည်း ရှေ့သို့ တဖြည်းဖြည်းတိုးလာရာ လျှူတိုနှင့် နီးကပ်လာလေသည်။

လျှူတိုက ကိုယ်ကို အသာ စောင်းလိမ့်ပေးလိုက်သဖြင့် တင်းပုတ်ကြီး ထုချက် လွဲချော်သွားသည်။

ထိုစဉ်ဆက်တည်းပင်....

လျှူတိုက လက်တွင်းမှ ဓားကို အတွင်းအား အပြည့်ထည့်၍ လျှင်မြန်သွက်လက်စွာ ဝေ့ယမ်းလိုက်၏။

'အိ....'



လောက်ချိမှာ သူ၏ အင်အားကြီးမားမှုကို အထင်ကြီးနေရသည်။

လျှူတို ရှောင်တိမ်း နောက်ဆုတ်သွားမည်ဟု ယုံကြည်သည်။

လျှူတိုမှာ ထိပ်တန်းပညာရှင်ဖြစ်ပြီး အတွင်းအား ပြင်းထန်စွာဖြင့် လျှပ်တစ်ပြက် တန်ပြန် တိုက်ခိုက်လိုက်သောအခါ....

တင်းပုတ်ကြီး လောက်ကျိ မခံနိုင်....

လျှူတို၏ ဓားချက်ထိမှန်၍ အော်ပြီး လဲပြိုကျသွားရတော့သည်။

'ဟာ....'

ဟူမင်ဂိုဏ်းသားများမှာ သူတို့အဖွဲ့ခေါင်းဆောင် တင်းပုတ်ကြီး လောက်ကျိ လျှူတိုဓားချက်ဖြင့်လဲကျသွားသည် မြင်တွေ့လိုက်သောအခါ အားလုံး တုန်လှုပ်သွားကြ

မြေပြင်ပေါ်တွင် တင်းပုတ်ကြီးလောက်ကျိမှာ အသံကြီးဖြင့် အော်ဟစ်လူးလိမ့်၍ နေသည်မှာ လူတစ်ကောင် ဒဏ်ရာရ၍ အော်နေပုံပင် တူနေ၏။

တင်းပုတ်ကြီး လောက်ကျိမှာ လက်နှစ်ဖက်စလုံးသည် ပခုံးဆောင်ဆစ်မှ ပြတ်ထွက်သွားခြင်းကြောင့်ဖြစ်သည်။

သူကိုင်ဆောင်သော ကြီးမားလေးလံသော တင်းပုတ်ကြီးမှာလည်း သူ့ကို မကယ်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကြီးမားသော အတွင်းအားကြောင့် ကျောက်တောင် နံရံနှင့် ပြင်းထန်စွာ ရိုက်ခတ်မိပြီး....

အက်ပိုင်းကျိုးသွားရှာလေပြီဖြစ်သည်။

ဟူမင် ဂိုဏ်းသားများမှာ နောက်သို့ ဆုတ်သွားကြလေသည်။

ခေါင်းဆောင်ဖြစ်သော တင်းပုတ်ကြီး လောက်ကျိ [illegible] ဒဏ်ရာရ သေဆုံးသူများအား သယ်မချီပိုးကာ ဒရောသော [illegible] ပါး ဆုတ်ခွာသွားကြသည်။

ရန်သူ ခြောက်ယောက် ကျဆုံးသွားပြီး ရှစ်ယောက်ခန့် ဒဏ်ရာရရှိသွားသဖြင့် ကျန်အဖွဲ့သားများမှာ ဆက်လက် [illegible] မတိုက်ဝံ့ တော့ဘဲ ဆုတ်ခွာသွားကြခြင်းပင် ဖြစ်သည်။

အဖွဲ့ခေါင်းဆောင်တင်းပုတ်ကြီး လောက်ကျိမှာ အပ် [illegible] ခဲ့သမျှ နောင်တွင် ဆက်လက်၍ မိုက်တွင်းနက်နိုင်တော့မည် မဟုတ်သည်မှာ သေချာလေသည်။

ဖူးကျွန်းအာမခံဌာန အဖွဲ့သားအားလုံး မည်သူတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြချေ။

အာမခံ အဖွဲ့ခေါင်းဆောင် လျူတိုသည် သူ့အဖွဲ့အ [illegible] စစ်ဆေးကြည့်ရှုလိုက်ပြီး....

မြင်းရထားလုံပေါ် လှမ်းကြည့်၍ အမိန့်ပေးလိုက်သ [illegible]

"ဆက်ထွက်မယ်ဟေ့ ...."

သူတို့အဖွဲ့သည် ခရီး ဆက်လက်ထွက်ခွာသွားရာ [illegible] မီ ထိုတောင်ကြားကို ဖြတ်ကျော်လွန်လာနိုင်ခဲ့လေပြီ။

....o....



၇

ထိုတောင်ကြားကို ဖြတ်သန်းကျော်လွန်လာသောအခါ အတန်ငယ် ညီညာပြန့်ပြူးသော လွင်ပြင်ချိုင့်ဝှမ်းတစ်ခုသို့ ရောက်ရှိလာသည်။

ဘေးပတ်လည်၌ တောင်ကုန်း တောင်တန်းများဝန်းရံလျက်ရှိ၏။

ထိုလမ်းကို ဖြတ်သန်းနေစဉ်မှာပင်....

နေမှာ တဖြည်းဖြည်း အနောက်ဘက်ရှိ တောင်တစ်လုံးပေါ် မေးတင်၍ နေလေပြီ။

အလင်းရောင်များ တစ်စတစ်စ လျော့နည်း၍ လာလေသည်။

"ငါတို့ ဒီနေရာမှာညအိပ်နားကြရင် ကောင်းမယ်၊ ရှေ့ဆက်သွားရင် သိပ်ပြီး မှောင်သွားလိမ့်မယ်၊ ဒီလို ညီညာပြန့်ပြူးတဲ့ နေရာကောင်းမျိုးရှိချင်မှ ရှိမယ်"

ဖူးကျွန်းအာမခံဌာန ခေါင်းဆောင် လျူဘိုက ကျားသစ်ခေါသမား ရဲရှမ်းအား မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီညာပြန့်ပြူးပြီး ခြေခင်းလက်ခင်းကောင်းတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဘေးပတ်ပတ်လည်က ညွှဲပြီး ရန်သူ ဝိုင်းတိုက်ခိုက်လာရင် တိုက်ခိုက်လို့ လွယ်ကူတဲ့နေရာ ဖြစ်နေမလားပဲ'

ဟု ကျွားသစ်ခါးသမားရဲရှမ်းက အခြေအနေကိုတင်ပြ လိုက်သည်။

ဂိုဏ်းခေါင်းဆောင် လျှုတိုက ခေတ္တမျှ စဉ်းစားတွေး တော့ပြီး....

'တိုက်ခါမှတိုက်ရော တို့အဖွဲ့ရော မြင်းတွေပါ သိပ်ပြီး ပင်ပန်းနေကြပြီ တော်ကြာ သည်ထက် ကောင်းတဲ့နေရာ ရှာမတွေ့ဘဲ ပိုပြီး ညဉ့်နက်သွားရင် ဒုက္ခရောက်နိုင်တယ်၊ လုံခြုံရေး အထူးဂရုစိုက်ပြီး သတိဝီရိယထားပြီး နားကြ တာပေါ့'

ကျွားသစ်ခါးသမားရဲရှမ်းအား ထိုကဲ့သို့ ပြောလိုက်ပြီး နောက်....

'ကဲ...အားလုံး ညအိပ်နားကြမယ်ဟေ့'

လျှုတိုမှာ သူ၏ အဖွဲ့အား အမိန့်ပေးလိုက်သည်၊

လျှုတိုသည် ပတ်ဝန်းကျင်အား သေချာကြည့်ရှုလိုက် သည်။

လမ်းမှာ စမ်းချောင်းငယ်ကို ကန့်လန့်ဖြတ်လျက်ရှိလေ သည်။

ရေမှာ ခြေကျဉ်းဝတ်ခန့်သာနက်ပြီး ကြည်လင်အေးမြ နေ၏၊



ထိုစမ်းချောင်းနံဘေးတွင် မြင်းရထားရပ်၍ ခေတ္တမျှ အခြေပြု စခန်းချရပ်နားလိုက်သည်။

မြင်းများအား ဖြုတ်၍ ရေတိုက်ခြင်း အစာကျွေးခြင်း အဖွဲ့ဝင်များမှာ ပါလာသော ရိက္ခာခြောက်များ ထုတ်၍ စားသောက်ခြင်းများ ပြုလုပ်ကြသည်။

နေလုံးမှာ တောင်ထိပ်မှ ငုပ်လျှိုးပျောက်ကွယ်၍ သွား သည်၊

အမှောင်ထုက ဝင်ရောက်လာသည်။

စားသောက်ပြီးစီး၍ အားလုံး ခြေဆန့်လက်ဆန့်အမော ပြေ အနားယူ၍ နေလေသည်။

မီးမွေးရန် လျှုတို၏ တပည့်နှစ်ဦးတို့ နေကွယ်ရာတစ်ခု တွင် မီးဖိုတစ်ခု အလျင်အမြန် ပြုလုပ်၍နေကြသည်။

သူတို့သည် ထင်းခြောက် သစ်တုံး သစ်ကိုင်းခြောက် များ ရှာဖွေစုပုံနေကြသည်၊

နေဝင်ရီရော အချိန်ဖြစ်၍ အမှောင်ထုမှာ တဖြည်းဖြည်း ပိုကဲလာနေသဖြင့် တစ်ယောက်နှင့်တစ်ယောက် ခပ်ရေးရေး သာ မြင်နေရပေသည်။

လျှုတိုက ယင်းကိစ္စကို ကျွားသစ်ခါးသမား ရဲရှမ်း အား စီစဉ်စေသည်။

ကျွားသစ်ခါးသမားက အလှည့်ကျ တစ်ဝက်အိပ် တစ် ဝက်နိုး ကင်းစောင့်ရန် စီစဉ်ညွှန်ကြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ညဦးပိုင်းကို ဦးဆောင်တာဝန်ယူပြီး မိုးလင်းပိုင်းကို ခေါင်းဆောင်ဖြစ်သော လျှုတို့အဖွဲ့က တာဝန်ယူမည်ဖြစ်သည်။

မိုးချုပ်စဖြစ်၍ အားလုံး အနားယူ စကားစမြည် ပြောဆိုနေကြ၏။

မီးပုံကို အလယ်၌ထား၍ ဝိုင်းပတ်၍ စကားပြောဆိုနေသည်။

ပြီးမှ....

သစ်ကိုင်းသစ်ခြောက်များအား လောင်ကျွမ်းမနေသဖြင့် တဖြောင်းဖြောင်း မြည်၍နေ၏။

ကျားသင်ခါးသမားရဲရှမ်းက....
'ကဲ...ငါနဲ့သုံးယောက် ညဦးပိုင်း ကင်းစောင့်ကြမယ်၊
ဟု စကားဝိုင်းထဲ လှမ်း၍ပြောလိုက်၏။

ထို့နောက်....

မြင်း၊ လှည်း၊ လူများအစ ဝိုင်းပတ်လျက် အရပ်လေးမျက်နှာသို့ ဖြန့်ခွဲ၍ နေရာယူလိုက်ကြသည်။

လျှုတို့က လှမ်းမကမ်းတွင် အနားယူနေရာမှ ထလာပြီး....

'ကဲ...ကျန်တဲ့လူတွေ မိုးလင်းပိုင်း ငါနဲ့အတူ ကင်းစောင့်ကြမယ်ဆိုတော့ အိပ်ကြတော့'



ပြောလိုက်သည်။

စကားပြောဆိုနေသူများ လူစုခွဲ၍ မီးပုံအနီး အသီးသီး နေရာယူ လဲလျောင်းအိပ်စက်ကြလေသည်။

ကျားသစ်ခေးသမားရဲရှမ်းမှာ နားနေရာ၏ အနောက်ဘက်ရှိ ကျောက်တုံးတစ်တုံးအား အကွယ်၌ သွားထိုင်လိုက်လေသည်။

ကျန်ကင်းသမားသုံးယောက်တို့မှာ အသီးသီး ဖြန့်ခွဲနေရာယူစောင့်ကြပ်၍ နေလေသည်။

မီးပုံအား၌ လျှုတို့နှင့်အဖွဲ့ဝင် သုံးယောက်တို့မှာ မကြာမီမှာပင် ခရီးပန်းလာကြသဖြင့် လျင်မြန်စွာ အိပ်ပျော်၍ သွားကြ၏။

ရဲရှမ်းမှာ အရုတ်မြည်တောင်ပိုင်းသားတစ်ယောက် ဖြစ်လေသည်။

သိုင်းပညာပြည့်ဝ၍ တိုက်ရည်ခိုက်ရည် ရှိသည်။

ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်သောအခါ အလွန်ပင် သွေးအေးရက်စက်သည့်စရိုက် ရှိသည်။

သူသည် အနောက်ဘက်သို့ မျက်နှာမူ၍ နားမျက်စိတို့ကို စွင့်လျက် ရှိလေသည်။

ညဦးနက်၍ လာလေသည်။
တောင်ပေါ်မှ လေနုအေး တိုက်ခတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထူထဲသော သူ့တို အင်္ကျီဝတ်စုံများ အတွင်းသို့ အအေး ဓာတ်က စိမ့်ဝင်လာသည်။

ကျားသစ် ခေါ်းသမား ရဲရှမ်းမှာ အိပ်စက်အနားယူနေသော မိမိလူများကို တစ်ချက် လှမ်းကြည့်လိုက်၏။

မီးပုံမှာ မီးညွှတ်အရောင်ကြောင့် အရိပ်များ လေအလျှင်ဖြင့် ယိမ်းထိုးလှုပ်နေသည်။

ညဉ့်နက်လာ၏။

ယခုအချိန်ထိ အန္တရာယ် တစ်စုံတစ်ရာမရှိဘဲ ကင်းရှင်းနေသည်။

မကြာမီ....

ညဉ့်နက်ပိုင်း ရောက်ရှိ၍ ညဦးတာဝန် လှန်ဆုံးပေတော့မည်။

ရဲရှမ်းသည် ကောင်းကင်အား မော့ကြည့် လိုက်မိလေသည်။

ကြယ်နက္ခတ် တာရာများ စုံစုံလင်လင် ရှိနေ၏။

သို့သော်....

လကိုကား ရှာမတွေ့ချေ။

လကွယ်ရက် ဖြစ်ကြောင်း သတိပြုမိလိုက်၏။

လေမှာ တဖြူးဖြူး တိုက်ခတ်နေသည်။

အအေးဓာတ်မှာ ပိုကဲလာသည်။



မီးပုံမှာ လောင်စာ ထပ်မထည့်သဖြင့် မီးညွှတ်ကျိုးကာ သစ်တုံးကြီးမှာ တငွေ့ငွေ့သာ လောင်နေ၏။

သူသည် အနောက်ဘက်သို့ မျက်နှာမူလိုက်၏။

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေသည်။

ထိုစဉ်—

'ချွတ်....ချွတ်'

အသံသဲ့သဲ့ ကြားလိုက်သည်။

သူသည် ခေါင်းထောင်၍ အသံလာရာကို နားစွင့်လိုက်သည်။

အဝေးမှ မိမိတို့ထံ ချဉ်းကပ်လာသည့် အသံများကို ကြားရသည်။

သူသည် ကင်းအဖွဲ့များကို ကျော်ခဲ့ဖြင့် ပစ်ခေါက်၍ အချက်ပေးလိုက်၏။

အဖွဲ့ခေါင်းဆောင် လျူတို့နှင့် အိပ်ပျော် နေသူများပါ အားလုံး နိုးထလာကြ၏။

ကင်းသမားတို့မှာ ပတ်ဝန်းကျင်ကို ကြည့်ရှုနားစွင့်လျက် ရှိနေသည်။

အားလုံးမှာ ရထားလုံးကို စက်ဝိုင်းပုံဝိုင်းပတ်ကာကွယ် နေရာယူလိုက်သည်။

'ချွတ်....ချွတ်'

www.burmeseclassic.com

www.burmeseclassic.com



ရဲရှမ်းမှာ ကျောက်တုံးဘေး၌ ကိုယ်ခန္ဓာကို ဝပ်လျက် အကာအကွယ် ယူနေရာမှ ချုတ်နင်းသံနှင့်အတူ မိမိရှေ့တွင် ချဉ်းကပ်လာသည့် ရန်သူခေတ်စုံနက် တစ်ဦးအား ဘွားခနဲ တွေ့လိုက်ရလေတော့သည်။

နားဦးစို့။

မိုးကျော်သူ

# မိုးကျော်သူ

## မေ ညာ တူ ပြိုင်

( ဒုတိယပိုင်း ဇာတ်သိမ်း )

www.burmeseclassic.com



'အား'

ရဲရှမ်း၏ စူးရှစွာ အော်သံ ထွက်ပေါ်လာသည်။

သူသည် ရန်သူ့ လက်ပျက်ဖြင့် ခေါင်းအဆုံးသွားရပြီ မဟုတ်လား။

တစ်ဆက်တည်း....

'ဝိုင်းဟော'

'ဝိုင်းဟာ'

'တစ်ယောက်မှ မလွတ်စေနဲ့'

'ယား'

ဟိုမှာသည်မှာ ဝိုင်းရံတိုက်ခိုက်လာသည့် ရန်သူများ၏ အော်ဟစ်သံတို့ဖြင့် ဆူညံသွားသည်။

ထို့နောက်....

တိုက်ပွဲ ပြင်းစွာ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူမှာ အင်အားများပုံရသည်။

အလုံးအရင်းနှင့် အရှေ့ ရှစ်မျက်နှာမှ ပေါ်ထွက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြသည်။

ဖူးကျွန်းခေါင်းဆောင် လျူဝိုက

'အားလုံး ရထားလုံးကို ဝိုင်းပတ် ကာကွယ်ကြ'

သူလူများကို အလျင်အမြန် စုစည်းကာကွယ်ရန် အော်ပြောလိုက်သည်။

ရဲရှမ်းနှင့် ကင်းသမားသုံးဦးတို့ နောက်ဆုတ်ရင်း လျူတို့အဖွဲ့နှင့် ပူးပေါင်း၍ ရထားလုံးကို ဝိုင်းပတ် ကာကွယ်လိုက်သည်။

'ဟီး ဟီး ဟီး'

'ယား ယား'

ရထားလုံး၌ ကြိုးချည်နှောင်ထားသည့် မြင်းများ၏ဟွန်းဆိုး ရှန်းတန် ဟာ သံများ၊ အော်ဟစ်သံများဖြင့် ဆူညံနေသည်။

ဖူးကျွန်း အာမခံအဖွဲ့သားး ရှစ်ဦးတို့မှာ ရန်သူကို လက်ဂလည်အောင် တွန်းလှန် တိုက်ခိုက် ကာကွယ်နေရ၏။

'ဟူမင်ဂိုဏ်းကဲ့နော'

'အားလုံးကို ငါတို့မစ'

ရန်သူ၏ အနီးကပ် အော်ဟစ်သံမှာ မိမိအနီး ခေါင်းဆောင် တိုက်ခိုက်နေသူထံမှ ပေါ်ထွက်လာသဖြင့် ထိုလူ လျူတို့ ကြည့်လိုက်၏။

'ဟင်'



ရန်သူကိုကြည့်ပြီး သူသည် အံ့ဩသွား၏။

အော်ဟစ်လိုက်သူမှာ ခေါင်းတွင် ခေါင်းစွပ်နက် စွပ် ထားသဖြင့် ဟူမင်ဂိုဏ်းချုပ် ဖြစ်မည်ဟု မှန်ပျပျ မီးရောင် မြင်ရသည်။

မိမိမှာ ခေါင်းဆောင် ဖြစ်သူနှင့် တွေ့နေရပြီကို သူသိရှိ ကသဖြင့်....

ထိုခေါင်းစွပ်နက်ကို ဦးတည်၍ ငှက်တောင်ပံ ဓားကွက် ဓားချက်ဖြင့် တိုက်ခိုက်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

'ဝှီး ဝှီး ဝှီး'

'ထန်း ထန်း'

လျူတို့၏ ဓားချက်အားလုံးကို ခေါင်းစွပ်နက်က လွယ် ဆီး၍ ခံလိုက်သည်။

ပြီးနောက်....

သူထံ ဓားကွက် တစ်ကွက် ထုတ်လွှတ်လိုက်၏။

'ဝုန်း ဝုန်း'

ဓားလဲသံမှ သူများ ဓားများကဲ့သို့ အသံ မထွက်ဘဲ ဝုန်းဝုန်းနှင့် အားအင်းအား ပြည့်ဝစွာဖြင့် လေကို ခွဲထိုး သံ ထွက်သွားသည်။

'ချွမ်း'

ခေါင်းစွပ်နက်၏ဓားချက်မှာ လေပြင်းဒဏ် သက်ရောက်သို့အရှိန် အဟုန်ကြီးမားသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှုတိုက မိမိခါးဖြင့် ခံလိုက်စဉ် ဓားကိုင်လက်မှာ ခါယမ်းသွားသည်။

မိမိ ရင်ဆိုင်နေသော ခေါင်းစွပ်နက်၏ အတွင်းအားမှာ မိမိထက် သာလွန်နေကြောင်း သိလိုက်၍ စိုးထိတ်သွားရသည်။

သူသည် နောက်သို့ ခြေတစ်လှမ်း ဆုတ်၍ အခြေအနေကို အကဲခတ် ကြည့်လိုက်၏။

မိမိလူများမှာ အသည်းအသန်ပင် ခုခံနေရကြောင်းတွေ့ရသည်။

ရန်သူ အင်အားမှာ အဆမတန် များပြားနေ၏။

ထိုစဉ်....

ခေါင်းစွပ်နက်၏ ထိုးနှက်ချက်က ဝင်လာပြန်သည်။

လျှုတိုမှာ အတွင်းအားကို စုစည်း၍ ထိုလူ၏ ထိုးနှက်ချက်ကို ရှောင်တိမ်းနေသည်။

နောက်ဆုံး မလွတ်သာ၍ ဓားဖြင့် ဆီးခံလိုက်ရာ...

'ချွမ်း ချွမ်း'

'ထန်း'

'ဖြောင်း'

လျှုတို၏လက် ကျဉ်တက်သွားသည်။

ဓားမှာလည်း ထက်ပိုင်းကျိုးသွား၏။

တစ်ဆက်တည်းမှာပင်....

ခေါင်းစွပ်နက်၏ ခြေကန်ချက် တစ်ချက် တိုက်ရိုက် ထိမှန်ခံရသည်။



'အ....'

သူ၏ ခန္ဓာကိုယ်မှာ ကန်ချက်အရှိန်ဖြင့် သွင့်စင်လိမ့်ထွက်သွားပြီး ရထားလုံးအောက် ရောက်ရှိသွား၏။

လက်မောင်းတစ်ဖက် ပြုတ်ထွက်လုမတတ် နာကျင်သွားသည်။

ကျန်လက်တစ်ဖက်ဖြင့် အိတ်အတွင်းမှလက်နက်ပုန်းထုတ်၍ ပစ်လွှတ်လိုက်ရာ....

'ယား'

'ဝုန်း'

ခေါင်းစွပ်နက်က ရထားလုံးပေါ် ကျွမ်းပစ် ရှောင်ထွက်သွားပြီး ရောက်သွား၏။

ရထားလုံး တံခါးအား လက်ဝါးရိုက်ချက်ဖြင့် ဖွင့်ပြီး အတွင်းမှ ရတနာသေတ္တာအား ပိုက်၍ အဝေးသို့ ခုန်လွှားထွက်သွားသည်။

လျှုတိုမှာ ရထားလုံးအောက်မှ လိမ့်ထွက်၍ လက်နက်ပုန်းနှင့်ပစ်ရန် ကြံရွယ်သော်လည်း မိမိလူများ ခံနေ၍ မမှီလိုက်တော့ပေ။

ခေါင်းစွပ်နက်မှာ ပစ္စည်းရသည်နှင့် သူ့လူများအား အော်လိုက်လေသည်။

'အားလုံးဆုတ်'

တူမင်ဂိုဏ်းချုပ်မှာ ရတနာပစ္စည်းများ လက်တွင်း ရရှိသွားသည်နှင့် သူ့လူများအား ဆုတ်ခွာ သွားစေလိုက်လေသည်။

www.burmeseclassic.com



မကြာမီ...

တိုက်သံ ခိုက်သံများ ပျောက်ကွယ်သွားသည်။

တိုက်ပွဲမှာ ပြီးဆုံးသွားလေပြီ။

ရန်သူများမှာ ဒဏ်ရာရသူများအား သယ်ဆောင် ထွ
ခွာသွားကြလေသည်။

'တောက်'

အာမခံခေါင်းဆောင်မှာ ရှုလူများ၏ အခြေအနေကို
တစ်ချက်ကြည့်လိုက်ပြီး တောက်တစ်ချက်ကို ခပ်မြင်းမြ
ခေါက်လိုက်သည်။

တိုက်ပွဲတွင် သူ၏လူသုံးဦး ကျဆုံးသွားကြသည်။

ရဲတနာပစ္စည်းများ ပါသွားသည်။

ကျဆုံးသူများထဲ၌ သူအားကိုးရသော ကျားသစ်ထိုး
သမား ရဲရှမ်းပင်ဝင်သဖြင့် ပို၍ ယူကြုံးမရ ဖြစ်သွားရသေး
သည်။

သူအပါအဝင် သုံးဦးဒဏ်ရာရရှိပြီး နှစ်ဦးသာလျှင်
ခိုက်ဒဏ်ရာရရှိမှုမှ ကင်းလွတ်သည်။

ဟူမင်ဂိုဏ်းကြောင့် မိတ္တလူအချို့နှင့် စီးပွားရေးလုပ်ငန်း
ပျက်စီးသွားလေပြီ။

နောက်ဆက်တွဲပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းရ
ဦးတော့မည်။

ဟူမင်ဂိုဏ်းမှာမူ အောင်ပွဲခံရန် သွားလေပြီ ဖြစ်သ
မပါတပါလား။

....o....



'တောက်...ခေါင်တော်ခြေသွက်တဲ့အဖွဲ့ပဲ၊ ငါတို့ သည်
လောက် စောင့်ကြည့်နေတာတောင် ဘယ်လိုက ဘယ်လို
ထွက်သွားကြတယ်မသိဘူး၊ ကျွဲစီးမြို့အပြင် တောင်ကြား
လမ်းတစ်နေရာမှာ အာမခံအဖွဲ့ တိုက်ခိုက်ခံလိုက်ရတယ်တဲ့'

ဖေးထိုက်က မကျေမနပ်ဖြင့် ပြောလိုက်သည်။

အဖွဲ့သားတစ်ယောက်က...

'ဟုတ်တယ်ဆရာ ဒီကောင်တွေအဓတ်လျှင်တယ်၊ ကျွန်
တော်တို့ စောင့်ကြည့်နေတဲ့စခန်းက မလှုပ်ရှားဘဲ ဘယ်
နေရာကနေ ဘယ်လိုလှုပ်ရှားနေလဲမသိဘူး'

ဖေးထိုက်က...

'ဒါကြောင့်လဲ သူတို့ကို မြို့စားမင်းက စောင်နှိမ်နင်းလို့
မရ ဖြစ်နေတာပေါ့'

သူက ဆက်၍...

'ဒါပေမယ့် မြို့စားကြီးက ကျုပ်တို့ကို အားကိုးကာမှ
ကျုပ်တို့အကိုက မဖြိုခွင်းနိုင်သေးတော့ ကျုပ်ဖြင့် မြို့စား
ကြီးကို ဘယ်လို မျက်နှာပြရမှန်းတောင် မသိတော့ဘူး'

ယောသားတစ်ယောက်က...

'ကျွန်တော်တို့အခက်အခဲကို မြို့စားကြီး နားလည်ပါ
တယ်၊ ဒါကြောင့်သာ မြို့စားကြီး ဘာမှမပြောတာပေါ့၊
ပြီးတော့ ဆရာက ညံ့တာမဟုတ်ဘဲ၊ လူဆိုးတွေခိုတဲ့
နေရာကို ခြေရာမခံမိသေးတာပဲ ရှိတာပါ၊ တနေ့ယ်လို့
ဟူမင်ဂိုဏ်းဆရာကြီးနဲ့သာ ထိပ်တိုက်တွေ့ရင် ပြီးပြီးသွား
မှာ...

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလိုက်ရသောအခါ ဖေးထိုက်က အကြံ တစ်ခုကို ရလိုက်လေသည်။

'ခင်ဗျားပြောမှ ကျုပ် အကြံတစ်ခုရလာတယ်'

ငယ်သားက....

'ဘာအကြံလဲ ပြောစမ်းပါဦး'

ဖေးထိုက်က....

'ကျုပ် ဟူမင်သိုင်းဆရာကြီးကို စိန်ခေါ်လိုက်ရင်ကောင်း မယ်'

ငယ်သားက သူ၏အကြံကို ထောက်ခံလိုက်သည်။

'ဟုတ်တယ်....ဆရာကြီးအကြံ ကောင်းတယ်၊ ကျွန်တော် က ပထမကတည်းက ဒီအကြံကိုပေးချင်နေတာ၊ ဒါပေမယ့် ဟူမင်သိုင်းဆရာကြီးရဲ့ သိုင်းပညာအကြောင်း မျက်ဝါး ထင်ထင် မမြင်ရသေးတော့ တော်ကြာ ဆရာမနိုင်မှာစိုးပြီး အကြံမပေးရဲတာ'

ဖေးထိုက်က မဲ့ပြုံး တစ်ချက်ပြုံးလိုက်ပြီး....

'တကယ်လို့သာ ကျုပ်ထက် ပညာမြင့်နေရင် ကျုပ်ကို သည်မြို့မှာ ဘယ်နေခိုင်းတော့မှာလဲ၊ အစောကတည်းက ကျုပ်နဲ့ယှဉ်ပြိုင်ပြီး ကျုပ်ကို အသေသတ်ဖို့ ကြိုးစားနေပြီ အခု သူတို့က မနိုင်မှန်းသိလို့သာ ကျုပ်ကို ရှောင်နေတာ ပေါ့'

ငယ်သားက....

'ဟုတ်တယ်ဆရာ....တကယ်လို့သာ ဆရာစိန်ခေါ်တာကို သူလက်မခံရင် သူ့အရှက်ကွဲမှာ'



ဖေးထိုက်က....

'ဒါဖြင့် ကျုပ် သူ့ကို စိန်ခေါ်ဖို့ စီစဉ်လိုက်တော့မယ်'

'ကောင်းတယ်ဆရာ ကောင်းတယ်'

ငယ်သားများက ထောက်ခံလိုက်ကြလေသည်။

....ဝ....

ထောက်လှမ်းရေးမှူး ဖေးထိုက်တို့က ရန်သူကို မည်သို့ မည်ပုံ ချေမှုန်းရန် ခေါင်းချင်းဆိုင် ဆွေးနွေးနေကြစဉ်.... မြို့စားကြီး အိမ်ဂေဟာအတွင်း၌မူ....

ကျိပေါင်တစ်ယောက်မှာလည်း မြို့စားကြီး၏ စာကြည့် ခန်းထဲ၌ စာအုပ်များနှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေ လေသည်။

သူသည် မည်သည့်အလုပ်ကိုမဆို လုပ်ကိုင်မိပြီဆိုလျှင် ဇွဲအားလွန်ရှိလှသည်။

ယခုလည်း....

သူသည် နေပြည်တော်၌ စာမေးပွဲ သွားရောက်ဖြေဆို ရန်အတွက် စာအုပ်စာတမ်းများကို များစွာ လေ့လာ၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လေ့လာနေရာ၌ အစားအအိပ်မမှန် ကြိုးစား ပမ်းစား လေ့လာ၍နေလေသည်။

သူ အစားအအိပ် မမှန်သည်ကို သူ့အား မျက်ခြည် မပြတ် အကဲခတ်ကြည့်နေသော ချင်းချင်းက သိနေလေသည်။

သူမက သူ့အား အအိပ်အစားမှန်ရန် သတိပေးလိုက်သေးသည်။...

သူက ဘုကလန့်ပြန်ပြောလျှင် မိမိက မခံဘဲ ရန်တွေ့မိကာ မိမိတို့နှစ်ယောက်၏ ဆက်ဆံရေး မပြေမလည်ဖြစ်မည် စိုး၍ သူမက အသာကြည့်နေရလေသည်။

ယခု....

ကျိုပေါင်သည် မည်သည့်အရာကိုမျှ စိတ်မဝင်စားတော့၊ အရာရာကိုမေ့-ထားကာ စာထဲ၌သာ အာရုံစိုက်နေလေတော့သည်။

....o....



ချင်းချင်းတစ်ယောက် စိတ်ညစ်နေ၏။

သူမသည် ကျိုပေါင်ပြန်ရောက်လာ၍ ဝမ်းသာပြီး ကျိုပေါင်နှင့် ပြေလည်အောင် ဆက်ဆံတော့မည်ဟု စိတ်ကူး ထားရာမှ ကျိုပေါင်မှာ အချိန်ပြည့် နေ့စဉ်ရက်ဆက် အားလပ်ခြင်းမရှိဘဲ စာအုပ်နှင့်မျက်နှာမခွာဘဲ ရှိနေသဖြင့် သူမ စိတ်ဓာတ်ကျနေခြင်း ဖြစ်သည်။

သူမသည် ခုတင်ပေါ်၌ လဲလျောင်းရင်း တစ်ယောက်တည်း တွေးတောငေးမောစဉ်...

'ဒေါက်...ဒေါက်'

တံခါးခေါက်သံ ကြားလိုက်ရသည်။

ချင်းချင်းက...

'ဘယ်သူလဲ'

ဟု လှမ်းမေးလိုက်သည်။

အပြင်ဘက်မှအသံ ထွက်ပေါ်လာသည်။

'မမပါ'

ခိုကျွင်း၏အသံ ဖြစ်သည်။

ချင်းချင်းက တံခါးသွားရောက်ဖွင့်ပေးလိုက်သည်။

'မမ မအိပ်သေးဘူးလား'

ချင်းချင်းက မေးလိုက်သည်။

ခိုကျွင်းက-

'မမ မအိပ်ချင်သေးလို့'

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံး၍…

'မမကိုတော့ မအိပ်သေးဘူးလားလို့ မေးတယ်၊ ညီမကကော မအိပ်သေးဘူးလား'

သူမက ပြန်မေးလိုက်သည်။

ချင်းချင်းက….

'အိပ်လို့ မရပါဘူး မမရယ်'

ခိုင်ကျင်းက….

'ဘာအကြောင်းတွေ တွေးနေလို့ ညီမက အိပ်လို့မရဖြစ်နေတာလဲ'

ချင်းချင်းက….

'ကျိုပေါင်ပေါ့၊ ကျိုပေါင်အကြောင်းကို တွေးနေလို့ အခုလို အိပ်မရဖြစ်နေတာပေါ့'

ခုန်ကျင်းက ပြုံး၍….

'ကျိုပေါင်က ညီမလေးကို အရေးမစိုက်လို့ မဟုတ်လား'

ချင်းချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ဘယ်မမ၊ ကျိုပေါင်က ကျွန်မနဲ့ ဆက်ဆံတဲ့အခါ မမနဲ့ဆက်ဆံသလောက် မျက်နှာမချိုဘူး၊ စကားပြောတဲ့အခါမှာလည်း အဆင်မပြေဘူး၊ ဘုကလန့်ပဲ ပြောတယ်'

ခုန်ကျင်းက ရယ်မောပြီး….

'ငါ့ညီမကတော့လေ သူများကိုပဲ အပြစ်တင်တတ်တယ် ငါ့ညီမကကော ဘယ်လောက်များ မျက်နှာချိုနေလို့လဲ



စကားပြောတော့ကော ဘယ်အခါ ပြေပြေပြစ်ပြစ် ပြောဖူးလို့လည်း မမအမြင်ကတော့ ညီမက သူ့အပေါ် မပြေမလည်ဆက်ဆံတာကိုဘဲ မြင်ရတယ်။ ဒီတော့ သူဘက်က ကြည့်မယ်ဆိုလဲ သက်တူရွယ်တူ လူငယ်တွေဆိုတော့ မခံချင်စိတ်ဆိုတာ ရှိမှာပေါ့'

ချင်းချင်းက….

'မမကာ ဘာသိလို့လည်း ကျွန်မက သူ့ကိုမပြေမလည်ချပြီး ဆက်ဆံတာမဟုတ်ဘူး။ သူက ကျွန်မကို မပြေမလည် ဆက်ဆံလို့ ကျွန်မကလဲ သူ့လို ပြတ်ပြီး မပြေဆက်ဆံရတာ'

ခုန်ကျင်းက….

'ကဲပါလေ….ဒါတွေခဏထားလိုက်ပါ၊ ဒါနဲ့ မမ ညီမကို တစ်ခုမေးမယ်'

သူမက….

'ဘာမေးမလို့လဲ မမ'

ခုန်ကျင်းက….

'ညီမ ကျိုပေါင်အပေါ် စိတ်ဝင်စားနေပြီလား'

ထိုစကားကြောင့် ချင်းချင်းက….

'ဟာ….မမကလဲ ဘာတွေလာမေးနေတာလဲ၊ ကျွန်မက သူ့ကို စိတ်မဝင်စားပါဘူး'

'ဟုတ်လို့လား'

မုံကျင်းက ပြုံးစိစိဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်းက…

'ဟုတ်တယ်၊ ကျွန်မက သူလို ယောကျ်ားမျိုးကို လုံးဝ စိတ်မဝင်စားဘူး'

ခုန်ကျင်းက ပြုံး၍…

'အင်း…ဒါဆိုရင်တော့ မေမေတို့ရဲ့ အစီအစဉ်ကို ဖျက်နိုင်းရတော့မှာပဲ'

ချင်းချင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ဘာ အစီအစဉ်လဲဟင်၊ မေမေတို့က ဘာတွေ စီစဉ်ထားလို့တုန်း'

သူမက သိလိုဇောဖြင့် ပြန်မေးလိုက်သည်။

ခုန်ကျင်းက…

'ဟိုတစ်နေ့က မေမေက မမကို ခေါ်ပြီးတော့ တိုင်ပင်တယ်'

'ဘာ တိုင်ပင်တာလဲဟင်'

'ချင်းချင်းကို ကျိုပေါင်နဲ့ စီစဉ်မယ်ဆိုရင် သမီးကြီး ဘယ်လို သဘောရတုန်းတဲ့'

'ဟယ်…တကယ်ပြောတာလား မမ'

'ဟင်…ခုနက စိတ်မဝင်စားဘူးဆို၊ အခု ဘယ်လိုဖြစ်သွားရတာတုန်း'

'မဟုတ်ပါဘူး၊ ကျွန်မ အံ့ဩသွားလို့ပါ'

'ကဲ…ဘယ်လိုတုန်း ညီမက ကျိုပေါင်ကို စိတ်မဝင်စားဖူးဆိုတော့ မမ မေမေရဲ့ အကြံအစည်ကို ဖျက်ခိုင်းလိုက်မယ်'



'ဟာ…နေပါစမ်းဦး မမရဲ့ ကျွန်မ စဉ်းစားလိုက်ဦးမယ်'

ချင်းချင်းက ဆက်၍…

'မမကိုသာ အခုလို ကျွန်မရဲ့သဘောထားကို မေးနေတယ်၊ တကယ်ဆို ကျိုပေါင်ရဲ့ သဘောထားကိုမေးရမှာ'

ခုန်ကျင်က ပြုံး၍…

'ဒါဆို ငါ့ညီမက သူ့ကိုကြိုက်နေပြီပေါ့'

သူမက အဖြေမပေးပါ။

ပြုံး၍သာ ခေါင်းငုံ့ထားလိုက်သည်။

ခုန်ကျင်းက ဆက်၍…

'သူ ငါ့ညီမကို စိတ်ဝင်စားလာမှာပါကွယ်၊ ငါ့ညီမဖက်ကသာ အနေအထိုင်ကိုဆင်ခြင်ရလိမ့်မယ်၊ အရင်လို ကလေးဆန်ဆန် မနေရတော့ဖူး'

ချင်းချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါမမ၊ သူက မမလို ဣန္ဒြေရရ မိန်းကလေးမျိုးကိုမှ စိတ်ဝင်စားမှန်း ကျွန်မ ရိပ်မိပါတယ်၊ ဩော်… ဒါနဲ့ ကျွန်မ တစ်ခုမေးရဦးမယ်'

ခုန်ကျင်းက…

'ဘာမေးမလို့တုန်း မေးလေ'

သူမက…

'မမကော ကျိုပေါင်ကို စိတ်မဝင်စားဘူးလားဟင်'

ခုန်ကျင်း၏ မျက်နှာ ကွက်ခနဲပျက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

သူမက ချက်ချင်းပင်ပြုံးပြီး....

'မမက သူ့ကို မောင်လေးတစ်ယောက်လိုသဘောထားတာပါ'

မမ် တကတ်ပြောတာလား'

'တကယ်ပေါ့'

ခုန်ကျင်းက နှုတ်မှ ယင်းသို့ ပြောလိုက်သော်လည်း....

သူမ၏ ရင်ထဲ၌မူ....

'မမလည်း ညီမလေးလိုဘဲ ကျ ုပ်ပေါင်ကို စိတ်ဝင်စားနေခဲ့ပြီ၊ ဒါပေမယ့် ညီမလေးအတွက် မမသူ့ကို မောင်လေးတစ်ယောက်လို သဘောထားတော့မယ်ကွယ်'

ဟု ရေရွတ်၍ နေမိလေတော့သည်။

....၀....

## ဟူမင် ဂိုဏ်းအား စိန်ခေါ်ခြင်း

---

ဟူမင်ဂိုဏ်းအား စိန်ခေါ်သည့် စာတစ်စောင် ဟူမင်
ဏ်းသားများထံမှ တစ်ဆင့် ဟူမင် သိုင်းဆရာကြီးထံသို့
ောက်ရှိလာခဲ့လေသည်။

စာထဲ၌ ရေးသားထားသည်မှာ....

'ဟူမင်သိုင်းဆရာကြီး

ခင်ဗျား တကယ်သတ္တိရှိတယ်ဆိုရင် ကျုပ်နဲ့ ရင်ဆိုင်
ါ၊ ခင်ဗျားဘက်က လူအင်အား ကြိုက်သလောက်
ုံးနိုင်ပါတယ်။ ဒါမှမဟုတ်လည်း ခင်ဗျားနှင့် ကျုပ်
စ်ယောက်တည်းလည်း ရပါတယ်၊ တကယ်လို့သာ
ခင်ဗျား သတ္တိ မရှိဘူးဆိုရင်တော့ ကျုပ်ချိန်းတဲ့နေရာကို
လာနဲ့ပေါ့၊ နေရာကတော့ ကျွန်းစီးမြို့အနောက်ဘက်
တောစပ်နားမှာ မနက်ဖြန်နံနက် နေမထွက်ခင်....

ထောက်လှမ်းရေးမှူး
ဖေးထိုက်...'

www.burmeseclassic.com

www.burmeseclassic.com



စာဆုံးသွားသည်နှင့် ဟူမင်သိုင်းဆရာကြီးမှာ ဒေါသ တကြီးဖြင့် စာကို လုံးချေပစ်လိုက်လေသည်။

သူ၏အမူအရာကို အကဲခတ်ကြည့်နေသော ချန်းမိတို့က မျက်မှောင်ကုတ်သွားကြပြီး....

ချန်းမိ ၏....

'ဆရာ....ဘာတွေရေးထားလို့ ဆရာကြီး ဒီလောက် ဒေါသကြီးနေရတာလဲ'

ဟု မေးလိုက်သည်။

ဆရာကြီးက....

'ဆောက်လုပ်ရေးမှူးအစုတ်ပလုတ် ငါ့ကို စိန်ခေါ်တာပေါ့'

'ဆရာကြီးကို သူကစိန်ခေါ်တယ် ဟုတ်လား'

'ဟုတ်တယ်'

တုက ဝင်၍....

'ဒါဆိုရင် ရင်ဆိုင်လိုက်ပေါ့ဆရာကြီးရယ်၊ ဒါမှ သူ ဆရာကြီးရဲ့ အစွမ်းအစကိုသိပြီး တစ်ခါဟည်း ကျန်းစီးမြို့ နေ ပြန်ပြေးသွားကြမှာ'

ဟု ထိုးတွန်းပြောဆိုလိုက်သည်။

ဆရာကြီးကမူ ပါးစပ်ပိတ်ထားသည်။

သူသည် ကျိုက်စွကို အတော်ပင်စဉ်းစားရမည်ဖြစ်သည့် အကြောင်းမှာ....

သူသည် ဖေးထိုက်နှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း မရှိသေးသော်လည်း....



သူ၏စိတ်ထဲ၌ ဖေးထိုက်အားရင်ဆိုင်ရမှာ မဝံ့မရဲဖြစ်နေသလိုလို စိတ်မပါသလိုလို ဖေးထိုက်ကိုလည်း အလိုလို အထင်ကြီးနေမိသောကြောင့် ဖြစ်သည်။

အကယ်၍....

သူသည် ဖေးထိုက်အား ရှုံးနိမ့်လျှင်ဟူသော အတွေး ဝင်လာမိသည့်အခါ တပည့်များအလယ်၌ အရှက်ရမည့် အဖြစ်ကိုလည်း တွေးမိပြီး သူက စိုးရိမ်မှုများစွာ ဖြစ်ပေါ် ၍ နေလေသည်။

'ဆရာကြီး....ဆရာကြီး'

ခေါ်သံများကြောင့် ဆရာကြီးမှာ သတိပြန်ဝင်လာပြီး....

'ဘာလဲကွ၊ ဘာဖြစ်လို့ ဒီလောက်ခေါ်နေရတာလဲ'

ပုက....

'ဆရာကြီးက ကျွန်တော်တို့ခေါ်တာ ထူးမှမထူးဘဲ၊ ဆရာကြီးဘာဖြစ်သွားသလဲလို့ စိုးရိမ်သွားတာပေါ့'

ဆရာကြီးက....

'ငါဘာမှမဖြစ်ဘူး အတွေးလွန်နေတာ'

ပုက၍....

ဆရာကြီး ဘာတွေတွေးနေတာလဲ'

ဆရာကြီးက....

'ငါ ဖေးထိုက်ရဲ့ စိန်ခေါ်မှုကို လက်ခံရင် ကောင်းလား၊ လက်မခံရင် ကောင်းမလားလို့ တွေးနေတာ'

www.burmeseclassic.com

www.burmeseclassic.com



ပုက....

'ဟာ....ဆရာကြီးကလည်း ဒါ ဘာတွေးစရာလိုတော့လဲ၊ လက်ခံသင့်တာပေါ့'

ချွန်းမီကလည်း....

'ဟုတ်တယ်....ဆရာကြီး လက်ခံသင့်တယ်'

တပည့်များအားလုံးက တိုက်တွန်းနေသဖြင့် ဆရာကြီးမှာ မည်သို့ပြုလုပ်ရမည်မသိ ဖြစ်သွားရလေသည်။

အကယ်၍....

သူက ငြင်းပယ်လိုက်မည်ဆိုလျှင်လည်း ဖေးထိုက်နှင့် ရင်မဆိုင်မီကတည်းက အရှက်ရပေတော့မည်။

မည်သို့ဆိုစေ....

သူသည် ဖေးထိုက်အား နိုင်မှဖြစ်မည်။

သို့ပါ၍....

သူသည် အခြေအနေမဟန်လျှင် ကောက်ကျစ်သည့်အကြံကိုပါသုံးရန် စိတ်ကူးမိလိုက်ပြီး....

'ကောင်းပြီ....ငါ သူနဲ့ရင်ဆိုင်မယ်'

ဟု ပြောလိုက်လေတော့သည်။

....o....

## ရည်မှန်းချက်ကြီးသော ကျိုပေါင်

ကျိုပေါင်သည် မြို့စားကြီး၏ စာကြည့်ခန်းထဲ၌ စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေလေသည်။

ထိုအချိန်....

အခန်းထဲသို့ မြို့စားကြီး သုမ်းဝင်လာသဖြင့်....

သူက စာအုပ်ကို ခဏပိတ်ထားလိုက်ပြီး မြို့စားကြီးအား အရိုအသေပေးလိုက်သည်။

မြို့စားကြီးက သူ့အား ပြုံးကြည့်လိုက်ပြီး....

'ကျိုပေါင်....မင်းက အတော်ကြိုးစားတဲ့ သူငယ်ပဲကွ၊ ငါကတော့ မင်းကို အတော်သဘောကျနေပြီ ဟား....ဟားဟား'

သူက ပြုံး၍....

'ကျွန်တော် ရည်မှန်းချက်ကကြီးတော့ ဒီလောက် ကြိုးစားမှ တော်ရုံကျမှာမို့ ထို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ မင်းဒီလို ကြီးစားပုံမျိုးနဲ့ဆို မင်းရည်မှန်းချက် ကျိန်းသေ ပြည့်မှာပါကွာ'

'ဟုတ်ကဲ့...မြို့စားကြီး'

ကျိုပေါင်က တစ်စုံတစ်ခုကို သတိရသွားပြီး....

'ဒါနဲ့...မြို့စားကြီး၊ ထောက်လှမ်းရေးမှူးတို့ အခြေအနေ ဘယ်လိုရှိလဲ၊ ကျွန်တော်တောင် သူနဲ့ မတွေ့တာ အတော်ကြာသွားပြီ'

ဟု မေးလိုက်သည်။

မြို့စားကြီးက....

'ဘာကိုလဲကွ'

ကျိုပေါင်က....

'ထောက်လှမ်းရေးမှူးတို့ ဟူမင်ဂိုဏ်းကို ချေမှုန်းနေတဲ့ ကိစ္စလေ'

မြို့စားက သက်ပြင်းတစ်ချက် ချပြီး....

'ဘယ်လိုမှ မထူးခြားသေးဘူး၊ ထောက်လှမ်းရေးမှူးတို့ ရောက်လာမှ ဟူမင်ဂိုဏ်းရဲ့ လှုပ်ရှားမှုက ပိုများလာတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တစ်ရက်မှ စိတ်မအေးနိုင်ဖြစ်နေရတယ်'

ကျိုပေါင်က....

'ဒီလူတွေ သူတို့ကို ပညာပြနေတာပဲ ဖြစ်ရမယ်၊ ဒါပေမယ့် သူတို့က ထောက်လှမ်းရေးမှူးနဲ့ ထိပ်တိုက် မရင်ဆိုင်တာက သူတို့ ထောက်လှမ်းရေးမှူးကို ယှဉ်လို့ မရမှန်း သိလို့ပါ'



သူက ဆက်၍...

'ထောက်လှမ်းရေးမှူးနဲ့ ဟူမင်သိုင်းဆရာကြီးတို့ တစ်ဦးချင်း ရင်ဆိုင်လိုက်ရင် ကောင်းမယ်'

မြို့စားက....

'ဒီကောင်တွေက အတော်ဉာဏ်များတယ်၊ သူတို့မပိုင်တဲ့ အလုပ်ကို ဘာတစ်ခုမှ မလုပ်ဘူး၊ ဒီတော့ တစ်ဖက်ကလဲ သူတို့နဲ့ ရင်ဆိုင်ဖို့ အခက်တွေ့နေတာပေါ့'

ကျိုပေါင်က....

'မြို့စားကြီးက မြို့ခံလူဆိုတော့ သူတို့ရဲ့ စခန်းကို အရိပ်အငွေ့ လေးတောင် မသိဘူးလား'

မြို့စားက....

'မသိလို့ပေါ့၊ နို့မဟုတ်ရင် ဒီကောင်တွေ....'

သူက စကားမဆုံးမီ အခန်းထဲကို လူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရသဖြင့် မြို့စား၏စကား ပြတ်သွားရ၏။

'မြို့စားကြီး....ဒီကိုရောက်နေတယ်ဆိုလို့ ကျွန်တော်လိုက်လာတာ'

ထိုဝင်လာသူက ယင်းသို့ ပြောလိုက်သည်။

ထိုလူမှာ ထောက်လှမ်းရေးမှူး ဖေးထိုက်ပင် ဖြစ်လေသည်။

မြို့စားက ပြုံး၍ ကြိုဆိုလိုက်သည်။

'လာလာ ထောက်လှမ်းရေးမှူး၊ အခုပဲခင်ဗျားအကြောင်း ပြောနေတာ'

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က....

'ကျွန်တော့် အကြောင်း ဘာတွေ ပြောနေကြတာလဲ ဗျ....

မြို့စားက....

'ကျုံပေါင်က ဟူမင်ဂိုဏ်းဆို တိုက်ခိုက်နေတဲ့ အခြေအနေကို မေးနေလို့ ဖြေနေတာပါ'

ဖေးထိုက်က....

'ကျွန်တော်လဲ ဒီအကြောင်းကို ပြောဖို့ မြို့စားကြီးရှိတဲ့ နေရာကို လိုက်လာရတာပါ'

မြို့စားက....

'ဘာအကြောင်း ထူးလို့လဲ'

ဖေးထိုက်က....

'ဟူမင်ဂိုဏ်းက အတော်လျှင်တဲ့အဖွဲ့အစည်းတစ်ခုပဲ၊ ကျွန်တော်တို့ကို မျက်လှည့်ပြ ပြပြီး မကောင်းမှုတွေ တစ်ခြားမှာ လုပ်နေတဲ့ သတင်းတွေက ထွက်နေတော့ ကျွန်တော်တို့လဲ မျက်နှာအတော်ပူနေရပြီ၊ ကျွန်တော်တို့ ရှိလျက်နဲ့ ခါးပြတိုက်မှုတွေ၊ လူသတ်မှုတွေ ဖြစ်နေတယ်'

မြို့စားက....

'ဒါကတော့ ဇွဲရှိရမှာပေါ့လေ၊ ကျုပ်တောင် မြို့ခံဖြစ်ပြီး သူတို့ စခန်းကိုတောင် မသိတာ၊ ထောက်လှမ်းရေးမှူးတို့ဆီ ဖိုဆိုးတော့မှာပေါ့၊ ဒါပေမယ့် မလျော့သော ဇွဲနဲ့ ဆက်လက်စုံစမ်းရင်တော့ မကြာခင် ရန်သူ့ စခန်းကိုသတင်း ရတော့မှာပါ'



ဖေးထိုက်က....

'ကျွန်တော်ကတော့ သူတို့ စခန်းကို တွေ့မယ့်အချိန်သိ မစောင့်နိုင်တော့လို့ အကြံအစည်တစ်ခုကို အကောင်အထည်ဖော်ထားတယ်'

မြို့စားက....

'ဘာအကြံအစည်များလဲ'

ဖေးထိုက်က....

'ကျွန်တော် ဟူမင် သိုင်းဆရာကြီးနဲ့ တစ်ဦးချင်း ယှဉ်မလို့ စိန်ခေါ်ထားတယ်'

'ဟင်'

မြို့စားပါမက ကျုံပေါင်ကလည်း အံ့သြ သွားမိတော့သည်။

ကျုံပေါင်က စိုးရိမ်စွာဖြင့်....

'ထောက်လှမ်းရေးမှူး ဟူမင်သိုင်းဆရာကြီးနဲ့ ယှဉ်ပြိုင်မယ်ဟုတ်လား'

ဖေးထိုက်က ခေါင်းညိတ်သည်။

'ဟုတ်တယ်'

ကျုံပေါင်က....

'ဖြစ်ပါ့မလား၊ ဟူမင်သိုင်းဆရာကြီးကို ယှဉ်ပြိုင်နိုင်တဲ့လူ ကျွန်တော် မတွေ့ရသေးဘူး၊ ဘယ်သူမှ နှိမ်နင်းလို့ မရလို့တောင် ဒီအတိုင်း သူတို့လုပ်သမျှ လက်ပိုက် ကြည့်နေရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က....

'တကယ်လို့သာ သူ့သိုင်းပညာ ကျုပ်ထက်သာမယ်ဆိုရင် ကျုပ်ကို အစောကြီးကတည်းက စိန်ခေါ်နေပြီ၊ အခုသူတို့က မနိုင်မှန်း သိလို့သာ ရင်မဆိုင်ကြတာပေါ့'

ကျိုပေါင်က....

'အင်း – ဒါလည်း ဟုတ်တာပဲ'

သူက ဆက်၍....

'ထောက်လှမ်းရေးမှူး ကျွန်တော် ဘာအကူအညီပေးရမလဲ'

ဟု မေးလိုက်သည်။

ဖေးထိုက်က....

'ရပါတယ်ကွာ၊ ဟူမင်ဂိုဏ်းကိုချေမှုန်းပိုက မကြာတော့ဘူး။ ဒါကြောင့် မင်းဘက်ကသာ ပြင်ဆင်မှုတွေအမြန်ဆုံးလုပ်ထားတော့ ငါတို့က မကြာခင် နေပြည်တော်ကို ပြန်ရတော့မှာ'

ကျိုပေါင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါ၊ ထောက်လှမ်းရေးမှူး၊ ကျွန်တော်က ဟူမင်ဂိုဏ်းကို ကိုယ်တိုင်လက်စားချေချင်တာ'

ဖေးထိုက်က....

'သည်လိုလို့ ဘယ်ရမလည်း မကောင်းမှု ဒုစရိုက် လုပ်သူတွေက မကောင်းတဲ့ လမ်းကို သူတို့ဘာသာသူတို့သွားကြလိမ့်မယ်၊ အဲသည်ထဲမှာ ကောင်းသူတွေ မတရားအစစ်မပါစေနဲ့'



ကျိုပေါင်က ပါးစပ်ပိတ်ထား လိုက်သည်။

မြို့စားကြီးက ဖေးထိုက်အား မေးလိုက်သည်။

ခင်ဗျားရဲ့ စိန်ခေါ်မှုကို ဟူမင်သိုင်းဆရာကြီးက လက်ခံလား'

ဖေးထိုက်က....

လက်ခံတာပေါ့ တကယ်လို့သာ သူက်လက်မခံရင် သူ့တပည့်တွေ အလယ်မှာ သူ ဘယ်တို့ လက်မထောင်နေနိုင်တော့မှာတုန်း'

မြို့စားကြီးက....

'ထောက်လှမ်းရေးမှူး သတိတော့ထားပါ။ သူတို့တွေကကောင်းတဲ့လူတွေမဟုတ်ဘူး။ တော်ကြာ ယုတ်မာတဲ့အကြံအစည်တွေသုံးလာမှဖြင့်....'

ဖေးထိုက်က....

'ကျွန်တော် နားလည်ပါတယ်၊ ဒါကြောင့် ကျွန်တော်ဘက်ကလည်း ကြိုတင်ကာကွယ်မှုတွေ လုပ်ထားပါတယ်'

မြို့စားကြီးက....

'ကျုပ်ဘက်က ဘာတွေ ကူညီရဦးမလဲ ိ အပ်တာကိုပြောပါ'

ဖေးထိုက်က....

'ရပါတယ် မြို့စားကြီး၊ ကျွန်တော်က သူ့ကို တစ်ဦးချင်း စိန်ခေါ်ထားတာမို့ တစ်ဦးချင်းပဲ ယှဉ်ပြိုင်မှာပါ၊ တကယ်လို့သာ သူတို့က လူအင်အားနဲ့ ပြိုင်လာမယ်ဆိုရင်လည်း ကျွန်တော်တို့ လူတွေနဲ့ ဆို လုံလောက်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက....

'ဒါဆိုလည်း ကောင်းပါပြီဗျာ၊ ဒါနဲ့ ဘယ်ရက် ချိန်း ဆိုတာလဲ'

သူက....

'မနက်ဖြန် နံနက်'

မြို့စားကြီးက....

'ဟာ...မြန်လှချည်လား'

သူက....

'ကျွန်တော်တို့ နှစ်ရက်လောက်ကတည်းက စီစဉ်ထား တာပါ၊ မြို့စားကြီးကို အခုမှ ဖွင့်ပြောတာ'

မြို့စားကြီးက ခေါင်းတညိတ်ညိတ်ဖြင့်....

'ထောက်လှမ်းရေးမှူး အထူးသတိထားပါလို့ဘဲ ကျုပ် မှာချင်ပါတယ်ဗျာ'

ဖေးထိုက်က....

'ဟုတ်ကဲ့ပါ မြို့စားကြီး'

ထို့နောက်....

ဖေးထိုက်သည် မြို့စားကြီးအား နှုတ်ဆက်ကာ ပြန်၍ ထွက်သွားလေသည်။

သူထွက်သွားသည်နှင့် အခန်းထဲသို့ ချင်းချင်းဝင်ရောက် လာသည်။

ယခုအခါ....

သူမသည် အလွန်ပင် ဝမ်းနည်းနေလေသည်။



ကျိုဖပေါင်က သူမအား မြင်တွေ့သော်လည်း မသိဟန် ပြုလိုက်သည်။

ချင်းချင်း၏ စိတ်ထဲ မကျေမနပ်ဖြစ်သွားသည်။

သို့သော်....

သူမက အပြုံးမပျက်ဘဲ နေလိုက်သည်။

မြို့စားကြီးက သူမအား မြင်တွေ့လိုက်သည်နှင့်....

'ချင်းချင်း သမီးဘာလာလုပ်တာလဲ'

ဟု မေးလိုက်သည်။

သူမက ရှက်ကိုးရှက်ကန်းပုံဟန်ဖြင့်....

'ကျွန်မ ကျိုပေါင်နဲ့ စကားပြောချင်လို့'

ဟု ပြောလိုက်သည်။

မြို့စားကြီး အနေရကျပ်သွား၏။

သို့သော်....

သူကပြုံးလျက် ကျိုပေါင်ဘက် ပြန်လှည့်လိုက်ပြီး....

'ကဲ...ကျိုပေါင်း သူက မင်းနဲ့ စကားပြောချင်လို့တဲ့၊ မင်းလည်း နားနားနေနေနေရင်း အပျင်းပြေ စကားပြော ကြပေါ့၊ ကျုပ်ကိစ္စလေးရှိသေးလို့ သွားလိုက်ဦးမယ်'

ဟု ပြောလိုက်သည်။

ကျိုပေါင်က....

'ဟုတ်ကဲ့ပါ မြို့စားကြီး'

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက အခန်းထဲမှ ကမန်းကတန်း ထွက်သွားလေသည်။

မြို့စားကြီးထွက်သွားသည်နှင့် သူမက ခစ်ခနဲမယ်မောလိုက်သည်။

သူကမူ စာအုပ်ကိုပြန်လှန်၍ ဖတ်ရန်ပြင်လိုက်သည်။

သူမမျက်နှာတည်သွားပြီး သူ့လက်ထဲမှ စာအုပ်အားဆွဲယူလိုက်သည်။

သူက မျက်မှောင်ကုတ်သွားပြီး....

'ဒါဘာလုပ်တာလဲ'

သူမက....

'ရှင်ဖြတ်မှာစိုးလို့'

သူက....

'ကျုပ်စာကို အလကားဖတ်နေတာ မဟုတ်ဘူး၊ ကျုပ်ရည်မှန်းချက်အတွက် ဖတ်နေတာ၊ မင်း မနှောင့်ယှက်ပါနဲ့'

သူမက....

'ကျွန်မသိပါတယ်၊ ဒါပေမယ့် ရှင်က ပိုကိုပိုတယ်၊ သူများထက်လည်း သည်းတယ်၊ ဖေဖေက ဘာပြောသွားလဲ၊ ရှင့်ကို နားပါလို့ ပြောသွားတယ်မဟုတ်လား၊ ရှင် အခုလို စာကိုပဲဖိဖတ်နေရင် ကြာရင် ရှင်ရူးသွားလိမ့်မယ်'

သူက....

'ကျုပ်ရူးသွားတော့ကော မင်းနဲ့ဘာဆိုင်လို့လဲ'

သူမ ဒေါက်သဲထွက်သွားသည်။



'ရှင်ဟာလေ ကျွန်မနဲ့တွေ့ရင် ဘယ်တော့မှ စကားမကောင်းမပြောဘူး၊ ကိုယ့်အတွက် ပြောမှန်းမသိ ဘာမှန်းသိနဲ့၊ သူများစေတနာကို စော်ကားတယ်၊ တော်ပြီ... ရှင့်ကို ဒီနေ့ကစပြီး ကျွန်မ လုံးဝစကားမပြောတော့ဘူး၊ ရှင့်ဆီကိုလဲ ဘယ်တော့မှမလာတော့ဘူး'

သူမက ပြောရင်း ဝမ်းနည်းသံပါလာသည်။

စကားဆုံးသည်နှင့် လက်ထဲမှစာအုပ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်ပြီး....

နောက်သို့ ချာခနဲလှည့်၍ အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

ထိုအခါ....

သူ၏ရင်ထဲတွင် စိတ်မကောင်းသလိုလို ခံစားလိုက်ရလေသည်။

သူမသည် သူ့အား တကယ်ပင် စိတ်ဆိုးသွားခြင်းဖြစ်သည်ကိုလည်း နားလည်လိုက်သည်။

သူက သူမအပေါ် ယခုကဲ့သို့ အာဘယ်ကြောင့်ဆက်ဆံနေမိပါသနည်း။

သူ့ကိုယ်သူပင် မစဉ်းစားတတ်အောင် ဖြစ်နေရလေတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com

## အဖြေရှာမရတဲ့ သည်ပုစ္ဆာ

ယနေ့အဖို့ ကျွပေါင်တစ်ယောက် စာဖတ်ချင်စိတ် မရှိတော့ပါ။

သူသည် မိမိအခန်းသို့ပြန်၍ ခုတင်ပေါ်၌လဲလျောင်းရင်း နဖူးပေါ် လက်တင်၍ စဉ်းစားခန်းဝင်နေလေသည်။

သူသည် ကိုယ့်ကိုယ်ကို အဖြေရှာနေခြင်းဖြစ်သည်။

သူသည် ချင်းချင်းကို အတော်မြှောနေမိခြင်းမှာ သူမအား တကယ်ပင် အမြင်ကပ်နေခြင်းလော။

သို့တည်းမဟုတ်....

သူမ၏ ကလေးဆန်ဆန် သွက်သွက်လက်လက် အထိမခံ ကက်ကက်လန်အောင် ရန်တွေ့ဘတ်မှုအပေါ် စိတ်ခင်စား၍ သဘောကျမိ၍ စချင်နောက်ချင်စိတ် ပေါ်ခဲ့ခြင်းကြောင့်ပင်လော။

ကိုယ့်ကိုယ်ကို အဖြေရှာမရ။



မည်သို့ဆိုစေ။

ယနေ့....

ချင်းချင်း မျက်ရည်ကျပြီး စိတ်ဆိုး၍ ထွက်သွားခဲ့သည်။

ချင်းချင်း သူ့ကြောင့် မျက်ရည်ကျသည်ကို မြင်ရသောအခါ အလွန်ပင်စိတ်ထိခိုက်မိသည်။

သူက ခုတင်ပေါ်၌ လဲလျောင်းနေသော်လည်း အတန်ကြာသည်အထိ အိပ်၍ မရတော့သဖြင့် လဲလျောင်းရာမှ ထလိုက်သည်။

ဂန်းခြံထဲသို့ဆင်းရင်း လေညင်းခံ၍ စိတ်ပြေလက်ပျောက် လမ်းလျှောက်နေမိသည်။

ယင်းသို့လမ်းလျှောက်နေစဉ်....

တစ်နေရာမှ မိန်းကလေးတစ်ယောက်၏ ငိုရှိုက်သံကို ကြားလိုက်ရလေသည်။

သူ စိတ်အနည်းငယ် လှုပ်ရှားသွားသည်။

အသံလာရာသို့ တိုးကပ်သွားသည်။

တဖြည်းဖြည်း တိုးသွားရာ....

အသံမှာ သစ်ပင်တစ်ပင် နောက်ကွယ်မှ ထွက်ပေါ်နေကြောင်းကို သိလိုက်ရသည်။

သူသည် အသံထွက်ပေါ်လာရာ သစ်ပင်နောက်သို့ သော တိုးကပ်သွားပြန်သည်။

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



သူက အထွသိက်ပေါ်ရာသို့ အသာလှမ်းကြည့်လိုက်ရာ— ငိုရှိုက်နေသူမှာ ချင်းချင်း ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

ချင်ချင်း၏နံဘေး၌ ခိုကျင်း ရှိနေသည်။

သူမက ချင်းချင်းအား နှစ်သိမ့်နေ၏။

သူမက ငိုရှိုက်ရင်းမှ....

'သူ ကျွန်မကိုမချစ်ဘူး၊ သူချစ်တာ မမပဲနေမှာ....'

ခိုကျင်းက....

'တိုက်စမ်း...ချင်းချင်း၊ ညီမ အဲ့ဒီလို တစ်ဖက်သတ်မပြောနဲ့'

'ပြောမှာပဲ...ပြောမှာပဲ၊ ကျွန်မ သူ့ကိုမုန်းတယ်....မုန်းတယ်၊ ကျွန်မခင်သလို သူမခင်ဘူး၊ ကျွန်မချစ်သလို ဟင့်—ဟင့်....'

ခိုကျင်းက....

'ချင်းချင်းရယ် နှမ်းသ သိပ်ခက်တာပဲ၊ အရာရာကို ဒေါသ ရှေ့ထားတယ်၊ ဟစ္စတီးရီး သိပ်လုပ်တယ်၊ ကိုယ်က ခိုးကလေးဆိုတာလဲ သတိထားပါဦး'

သူမက ဆက်၍....

'စကားပြော အဆင်မပြေတာနဲ့ ကိုယ်ထင်ရာ လျှောက်မတွေးနေနဲ့၊ ကိုယ်တကယ် သူ့ကို သံယောဇဉ် ဖြစ်နေပြီဆိုရင် ဒေါသကြီးတာ မလုပ်နဲ့၊ သူ ဘယ်လိုပုံစံ နှစ်သက်လဲ အဲ့ဒီလိုနေပေါ'



'အို....မနေပြဘူး....မနေဖြဘူး၊ ကျွန်မ -ကိုယ်နေတာကိုသလိုပဲနေမယ်။ သူ့ကိုလည်း မချစ်တော့ဘူး၊ မမလည်း သူ့ကိုမချစ်ရဘူး'

'ဟဲ့...ချင်းချင်း နင်ကလေ ပြောလေကဲလေပဲ၊ ငါ သူ့ကို မောင်လေးတစ်ယောက်လိုပဲ ချစ်တာပါလို့ ဘယ်နှစ်ခါပြောရမလဲ'

'ဟင့်အင်း...မောင်လေးလိုလည်း မချစ်ရဘူး၊ ဒီလူ့ကို ဘယ်လိုပုံစံမျိုးနဲ့မှ မချစ်ရဘူး၊ ခင်လည်းမခင်ရဘူး၊ ကျွန်မလည်း သူ့ကိုမချစ်ဘူး၊ ခင်လည်း မခင်တော့ဘူး၊ မိတ်ဆွေလည်း ဘယ်တော့မှမဖွဲ့တော့ဘူး'

ချင်းချင်းမှာ ကလေးဆိုးကလေးလို ပြောဆိုနေပုံကို ကြည့်ကာ....

ခိုကျင်းမှာ သက်ပြင်းရှည်တစ်ချက် ချမိလိုက်ရလေတော့သည်။

....၂....

www.burmeseclassic.com

www.burmeseclassic.com



ကျ ံပေါင်သည် ချင်းချင်းနှင့်ခုံကျင်းတို့ ပြောနေသော စကားများကို ကြားခဲ့ရလေသည်။

သူသည် ချင်းချင်းတို့အား သွားရောက် စကားစမြည် ပြောခြင်းမပြုဘဲ မိမိအခန်းထဲသို့ ခြေလှမ်းမှန်မှန်ဖြင့်ပြန်လာခဲ့လေသည်။

သူသည် စိတ်အတော်လှုပ်ရှားနေသည်။

'ငါ ဘာလုပ်ရမလဲ၊ အခု သူတို့ ငါ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေကြရပြီ၊ ငါ့ရဲ့ ပြုမူဆက်ဆံမှုတွေဟာ ရုပ်ဆိုးအကျည်းတန်နေပြီလား....

'တကယ်တော့ ငါ ချင်းချင်းကို မမုန်းပါဘူး၊ သူငါ့ဆီ ခဏခဏလာနေလို့ ချင်းချင်းကို အီးနြေ့မရတဲ့ မိန်းကလေး တစ်ယောက်လို့ ငါအထင်သေးမိပြီး ငါ ကြည့်မရ ဖြစ်ခဲ့တယ်....

'ဒါပေမယ့် ငါက ညှော်သည်ပဲ၊ တကယ်ဆို ငါသည်း ခံရမှာပေါ့၊ အမှန်တော့ ချင်းချင်းက ငါ့ကိုဂရုစိုက်တာပါ။ ဒါကို ငါက အထင်လွဲခဲ့တာ၊ ငါ ဘာလုပ်ရမလဲ'

'အို...ငါက ချင်းချင်းလို သွက်သွက်လက်လက် မိန်းကလေးမျိုးကို စိတ်ဝင်စားတာမှ မဟုတ်တာ၊ ငါ တကယ် စိတ်ဝင်စားတာ မမခုံကျင်းကိုပါ၊ ဟုတ်တယ်....ငါ တကယ် စိတ်ပင်စားတာ မမခုံကျင်းကို....'

ကျ ံပေါင်မှာ ယခုထိ သူ၏နှလုံးသား အခြေအနေမှန်ကို အဖြေရှာမရသေးပေ။



သူသည် သူ၏အမှားကို သိလိုက်ရသည့်အချိန်၌ ချင်းချင်းအား အတော်အားနာနေမိသည်မှာ အမှန်ပင်၊

ချင်းချင်းတင် မဟုတ်ပေ။

ခုံကျင်းကလည်း အကြောင်းသိနေပြီဖြစ်ရာ ခုံကျင်းကိုလည်း သူက မျက်နှာမူနေသည်။

သူတို့အားလုံး မိမိကို စိတ်ဆိုးနေကြမည်လော။

သူက ခုံကျင်းတို့အား မည်သို့ ရင်ဆိုင်ရမည်နည်း။

မည်သို့ တောင်းပန်ရမည်နည်း။

ယနေ့ညတော့....

ကျ ံပေါင် တစ်ယောက် အိပ်ရေပင် ပျော်နိုင်ပါတော့မည်လော။

....o....

www.burmeseclassic.com

www.burmeseclassic.com

## ထိမ့်တိုက် ရင်ဆိုင်ပွဲ

ယနေ့နံနက်....

ယနေ့ နံနက်ခင်းသည် ယခင်ရက်များ၏ နံနက်ခင်းထက် ပို၍ သာယာလျက်ရှိလှသည်ဟု ထင်မှတ်ရပေသည်။

ကျွန်းစီးမြို့ အနောက်ဘက် တောအုပ်ထဲမှ ငှက်ကလေးများတို့မှာ တေးသံသာတို့ကို သီကျူး၍ အစာရှာ ထွက်ကြလေပြီ။

တောတောင်ထဲမှ လေနှင့်အတူလွင့်ပျံ့လာသည့် ပန်းရနံ့တို့က ကြည်နူးနေသော စိတ်အစဉ်ကို ပို၍ လန်းဆန်းသွားစေသည်။

သာယာ ကြည်နူးဖွယ် ကောင်းလိုက်ပါဘိ နံနက်ခင်းရယ်....

သို့သော်....



မကြာမီ ထိတ်လန့်ဖွယ်သော သဘာဝနံနက်အလှကို အကျည်းတန်စေမည့် မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာလိမ့်မည်ကို တေးသံသာများ သီဆိုနေကြသည့် တေးသီငှက်များတို့ သိပါလေစကွယ်။

မွှေးရနံ့များကို ထုတ်လွှင့်နေသည့် ပန်းကလေးတို့ သိပါလေစ။

မည်သို့ဆိုစေ....

အန္တရာယ်၏ အငွေ့အသက်များကိုတော့ သူတို့ရနေမည်သာ။

ထို့ကြောင့်များ ငှက်ကလေးတို့ ထပျံသွားကြလေသည်လား။

လေတိုက်ခတ်ရာ ဦးတည့်ချက် ပြောင်းသွား၏။

မွှေးရနံ့များ ရုတ်တရက် ပျောက်ကွယ်သွားသည်။

ကြောက်လို့များ ချောင်ပြေးလေသလား။

ရုတ်တရက်....

မြင်းခွာသံများ ထွက်ပေါ်လာ၏။

ထိုမြင်းခွာသံများသည် သဘာဝနံနက်ခင်း အလှကို ဦးစွာ ဖျက်ဆီးလိုက်ကြလေ၏။

မြင်းခွာသံတို့မှာ ခုန်းစိုင်း မောင်းနှင် နေသောကြောင့် ဆူညံနေသည်။

မြင်းခွာသံများသည် နံနက်ခင်းမှာ တေးသီ ကျူးနေသော ဟေးသီငှက်တို့၏ အသံကို ဖုံးလွှမ်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သဘာဝ သားကောင်တို့ကို အလန့်တကြား ဖြစ်စေခဲ့သည်။

အထိတ်တလန့် ဖြစ်စေခဲ့သည်။

တေးသီငှက်တို့ သီဆိုနေသော တေးသံသာ များမှာ အထိတ်တလန့် အော်သံများ အဖြစ်သို့ ပြောင်းလဲသွားလေသည်။

ထိုသဘာဝ နံနက်ခင်း အလှကို ဦးစွာ ဖြိုခွဲလိုက်သူတို့မှာ....

ဟူမင်ဂိုဏ်းသားများပင် ဖြစ်သည် မဟုတ်ပါလား။

....o....



ဟူမင်သိုင်းဆရာကြီး ဦးဆောင်သော ဟူမင် ဂိုဏ်းသားတို့သည် ထောက်လှမ်းရေးမှူး ဖေးထိုက် ချိန်းဆိုထားသည့် နေရာသို့ ရောက်ရှိလာသည်။

သူတို့ အဖွဲ့သားများမှာ အယောက်သုံးဆယ်ခန့် ပါလာသည်။

သူတို့သည် ထောက်လှမ်းရေးမှူး ဖေးထိုက် ချိန်းဆိုထားသော အချိန်ထက် မကောင်းမှု ဒုစရိုက် လုပ်သူများ ဖြစ်သည်။

မကောင်းမှု မှန်သမျှ အကုန်လုပ်သည်။

တရားသည်။

မတရားသည် သူတို့ဘဝမှာ မရှိ။

အနိုင်ရမည်ဆိုလျှင် မည်သည့်နည်းမျိုးကို မဆို အသုံးပြုတတ်သည်။

ယခုလည်း....

သူတို့သည် အနိုင်မရခဲ့လျှင် ယုတ်မာသည့် အကြံအစည်ကို သုံးရန် ယခုကဲ့သို့ ကြိုရောက်လာကြခြင်း ဖြစ်လေတော့သည်။

'မင်းတို့ ငါပြောထားတဲ့ အစီအစဉ်ကို မှတ်မိကြတယ် မဟုတ်လား'

ဟူမင်သိုင်းဆရာကြီးက ပြောလိုက်ခြင်း ဖြစ်၏။

ထိုအခါ....

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သား ငါးယောက်ခန့်က ပြုံးငြိတူ အရိုအသေ ပေး လိုက်ပြီး....

'မှတ်မိပါတယ်ဆရာကြီး'

'အေး....ဒါဆို သင့်တော်မယ့် နေရာမှာ နေရာယူပြီး အဆင်သင့် ရှိနေကြ၊ ပိုရိုကြပါစေနော်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ထို့နောက်....

အဖွဲ့သား ငါးယောက်တို့မှာ တောအုပ်ထဲသို့ အပြေးဝင် သွားကြပြီး အသီးသီး ပျောက်ကွယ် သွားကြလေတော့ သည်။

....၀....



မကြာပါချေ။

မြင်းခွာသံများ ထွက်ပေါ်လာပြန်၏။

ဤတစ်ကြိမ်....

မြင်းခွာသံများမှာ ဖြည်းဖြည်းနှင့် မှန်မှန် မောင်းနှင် လာနေကြခြင်း ဖြစ်သည်။

နောက်ထပ်တစ်ဖွဲ့ ရောက်လာပြန်ချေပြီ။

ထိုအဖွဲ့မှာ ထောက်လှမ်းရေးမှူး ဖေးထိုက်တို့လူစု ဖြစ် သည်။

အယောက်နှစ်ဆယ်ခန့် ရှိသည်။

ရှေ့ဆုံးမှ ထောက်လှမ်းရေးမှူး ဖေးထိုက်က ဦးဆောင် လာလေသည်။

ထောက်လှမ်းရေးမှူး ဖေးထိုက်သည် ဟူမင် သိုင်းဆရာ ကြီး၏ ငါးတစ်ရိုက်ခန့် အကွာတွင် မြင်းကို ရပ်တန့်လိုက် သည်။

'ထောက်လှမ်းရေးမှူးလေး ရောက်လာပြီကိုး'

ဟူမင်သိုင်းဆရာကြီးက ယင်းသို့ ဆီးကြို ပြောလိုက်လေ သည်။

ထောက်လှမ်းရေးမှူး ဖေးထိုက်က ဟူမင်အဖွဲ့သားများ ကို အကဲခတ်ကြည့်လိုက်ပြီး....

'ခင်ဗျားတို့က တော်တော် စီရိယ ကောင်းကြပါလား၊ ကျုပ်တို့က အရင်ရောက်နှင့်မယ် ထင်နေတာ'

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဆရာကြီးက....

'ဟဲ...ဟဲ...ထောက်လှမ်းရေးမှူးတ စပြီး စိန်ခေါ်တာ ဆိုတော့ ကျုပ်တို့ဘက်က ဝီရိယထားရမှာပေါ့၊ ဒါမှလဲ ခင်ဗျားတို့ကို လေးစားရာရောက်မှာပေါ့ မဟုတ်ဘူးလား'

ဖေးထိုက် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

'ထားပါတော့လေ အခုအချိန်ဟာစောသေးတယ်၊ ဒါပေမယ့် ပြိုင်ပွဲမြန်မြန်ပြီးတော့ မြန်မြန်အေးတာပေါ့ မဟုတ်ဘူးလား'

ဟုမင်ဆရာကြီးက ပြုံးစေ့စေ့ မျက်နှာဖြင့်....

'ဒါပေါ့—ဒါပေါ့'

ဖေးထိုက်က....

'ဆရာကြီးက တစ်ယောက်ချင်းပြိုင်မှာလား၊ ဒါမှမဟုတ် အဖွဲ့လိုက်ပြိုင်မှာလား'

ဆရာကြီးက ပြုံးလိုက်ပြီး....

'တကယ်တော့ ဒီကျွန်းစီးနယ်မှာ မင်းနဲ့ကျုပ် တစ်ယောက်ယောက်မရှိမှဖြစ်မှာ၊ ဒီတော့ မင်းနဲ့ကျုပ် တစ်ယောက်ချင်း ရင်ဆိုင်တာပေါ့'

ဖေးထိုက်လည်း ပြုံးလိုက်ပြီး....

'ကောင်းပါပြီ ကျုပ်ကလဲ ဒီလိုသတ္တိမျိုးကိုမှသဘောကျတာ'

ဆရာကြီးက မဲ့ပြုံးတစ်ချက်ပြုံးလိုယ်ပြီး လက်တစ်ချက်စေ့ယမ်း၍ သူ၏လူများကို အချက်ပြလိုက်သည်။



ထိုအခါ....

သူ၏လူများအားလုံးမှာ နောက်သို့အသီးသီးဆုတ်သွားကြလေသည်။

ဖေးထိုက်ကလည်း သူ၏ အဖွဲ့ဝင်များအား လက်စေ့ယမ်းပြ၍ နောက်သို့ဆုတ်သွားစေသည်။

ထိုအခါ....

ကွက်လက်၌ ဆရာကြီးနှင့် ဖေးထိုက်တို့နှစ်ယောက်သာ မျက်နှာချင်းဆိုင်ရပ်လျက် ရှိနေကြတော့သည်။

....၀....

ဟုမင်သိုင်းဆရာကြီးနှင့် ဖေးထိုက်တို့သည် တစ်ယောက်ကိုတစ်ယောက် အကဲခတ်စိုက်ကြည့်လျက် ရှိနေကြသည်။

သူတို့သည် တစ်ယောက်အစွမ်းကို တစ်ယောက်မမြင်၊ မသိကြရသေးပေ။

သူတို့နှစ်ယောက်မှာ ယခုမှ ပထမဦးဆုံး ထိပ်တိုက်ရင်ဆိုင်ရခြင်းဖြစ်သည်။

ထို့ကြောင့်....

တစ်ယောက်ကိုတစ်ယောက် အထူးဂရုတစိုက် အကဲခတ်လျက် ရှိနေကြသည်။

မည်သူကမျှ စတင်လှုပ်ရှားခြင်းမပြုသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသည်အထိ မည်သူကမျှ လှုပ်ရှားခြင်းမပြုသေးပေ။

အတန်ကြာမှ....

ဖေးထိုက်က....

'ဆရာကြီး....ကျုပ်ကစပြီး စိန်ခေါ်တာမို့ ခင်ဗျားက စတိုက်ပါ'

ဟု ပြောလိုက်သည်။

ဆရာကြီးက....

'မင်းက လူငယ်မို့ မင်းကိုဦးစားပေးပါတယ်၊ မင်းပဲ စတိုက်ပါ'

ဟု ပြန်ပြောလိုက်သည်။

ဖေးထိုက်က....

'ကောင်းပြီလေ....ကျုပ်ပဲစတိုက်ပါ့မယ်'

သူက ပြောပြီးသည်နှင့် ဆရာကြီးအား စတင်တိုက်ခိုက်လိုက်လေတော့သည်။

....၀....



ချွမ်း....

လေထဲ၌ ဓားဆွဲထုတ်သံနှင့်အတူ ဓားရောင်တစ်ချက် ဝင်းလက်သွားသည်။

'ယား'

ဖေးထိုက်သည် ယင်းသို့ နှုတ်မှ ညာသံပေးလိုက်ပြီး လက်ထဲသို့ ရောက်ရှိနေသော ရတနာကျောက်စီဓားဖြင့် ဆရာကြီး၏ ခေါင်းမှမိုး၍ ခုတ်ချလိုက်လေသည်။

ဖေးထိုက်၏လှုပ်ရှားမှုမှာ လျှင်မြန်လှ၏။

ထို့ကြောင့်....

ဆရာကြီးမှာ ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ ချက်ချင်းပင် သတိပြန်ဝင်လာ၍ ကမန်းကတန်းရှောင်တိမ်းရန်မှာ မလွယ်သို့ပေ။

သို့သော်....

ဖေးထိုက်သည် အစွမ်းအားကို အနည်းငယ်မျှ အသုံးပြုထားသည်။

အကြောင်းမှာ....

သူသည် ဆရာကြီးကို အရှင်ဖမ်းဆီးချင်သောကြောင့် ဖြစ်သည်။

သူသည် သူ၏တိုက်ကွက်ကို ဆရာကြီးက အသာလေးပင် ရှောင်တိမ်းလိုက်နိုင်သောကြောင့် အံ့သြသွားရသည်။

ထိုစဉ်....

ရုတ်တရက် ဆရာကြီးက တစောင့်ဖြင့် ထွက်လာသောကြောင့် အငိုက်မိသွားကာ

www.burmeseclassic.com

www.burmeseclassic.com



'အွတ်'

ဟူသော အသံနှင့်အတူ ဖေးထိုက်မှာ ခါးကော့သွားလေသည်။

သူက ဒူးထောက်လဲကျသွားသည်။

ဤသည်ကို အခွင့်ကောင်းယူ၍ ဆရာကြီးက ဖေးထိုက်၏ ကျောပေါ်သို့ ခုန်အုပ်လိုက်ပြီး သူ၏ သန်မာထွားကြိုင်းသော လက်ဝါးကြီးဖြင့် ဖေးထိုက်၏ဂုယ်ထိပ်ကို ရိုက်ချလိုက်လေသည်။

'ဘာ'

'ဟင်'

ဖေးထိုက်ဘက်မှ အမှုထမ်းများ၏ အထိတ်တလန့် အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဖေးထိုက်က တစ်ချက် ထိတ်ခနဲဖြစ်သွားသည်။

သို့သော်....

သူကလည်း ခေသူတစ်ယောက် မဟုတ်ပေ၊

တစ်ကြိမ်ခံပြီးသွား၍ အကင်ပါးသွားပြီဖြစ်သည်။

သူသည် အနောက်မှလေတိုးသံ ကြားလိုက်ရသည်နှင့် သူ၏ခန္ဓာကိုယ်ကို လျှပ်တစ်ပြက် နောက်သို့ လှန်ချလိုက်ပြီး သူ၏ ရဟနာခေါးဖြင့် ပင့်ထိုးလိုက်သည်။

'အ....'

ဟူသော အသံနှင့်အတူ ဖေးထိုက်၏ခေါးသည် ဆရာကြီး၏ လက်ဝါးကို ထိုးစိုက်မိသွားလေသည်။

ဖေးထိုက်က ခေါးကိုဆွဲထုတ်လိုက်သည်။



ဟူမင်သိုင်းဆရာကြီးက နောက်သို့ ကမန်းကတန်းဆုတ်လိုက်လေသည်။

သူသည် ဖေးထိုက်အား သူ၏ နက်နဲပြီး အစွမ်းထက်သော ပညာများနှင့် ယှဉ်ပြိုင်၍ ရတော့မည် မဟုတ်သည်ကို သိသွားလည်းလိုက်၏။

ယခုပင်....

သူက ဒဏ်ရာရရှိသွားလေပြီ။

လက်နက်ကို ထုတ်လိုသော်လည်း ညာလက်မှာ ဒဏ်ရာရသွားသောကြောင့် အခက်တွေ့သွားရပြီ။

သူက နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

သူ၏ မျက်နှာ တစ်ခုလုံးမှာလည်း ကောက်ကျစ်သည့် အရိပ်အငွေ့များ လွှမ်းခြုံ၍ လာသည်။

'ယား'

သူက ဩသံတစ်ချက် ပေးလိုက်၏။

ပြီးနောက်....

ဖေးထိုက်အား လေပေါ်ပျံ့ဝဲ သိုင်းကွက်များဖြင့် တိုက်ခိုက်လေသည်။

ဖေးထိုက်က သူ၏ တိုက်ခိုက်မှုများအား ရှောင်တိမ်း၍လည်း တိုက်ခိုက်ရင်း....

'ခင်ဗျားလက်နက် မထုတ်ဘူးလား'

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူမင်သိုင်းဆရာကြီးက တိုက်ခိုက်ရင်း....

'ငါ့က လက်နက်ကို တော်ရုံတန်ရုံ အသုံးမပြုဘူး၊ မင်းလို လူမျိုးလောက်နဲ့တော့ ငါလက်နက် မသုံးဘဲ ဒီအတိုင်းအနိုင် တိုက်ခိုက်နိုင်တယ်'

ဖေးထိုက်က ပြုံးလိုက်ပြီး....

'ခင်ဗျားက လက်နက်မသုံးဘဲ၊ ကျုပ်က လက်နက်သုံးလို့ ဘယ်တရားပါမလဲ'

သူက ပြောပြောဆိုဆိုဖြင့် သူ၏ ရဟန္တာ ကျောက်စီဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်၏။

ထို့နောက်....

သူတို့နှစ်ယောက်မှာ လက်နက်မဲ့ တိုက်ခိုက်ကြလေတော့သည်။

....o....



ဟူမင်သိုင်းဆရာကြီးသည် တိုက်ခိုက်ရင်းမှ တောအုပ်ထဲသို့ တဖြည်းဖြည်း ဆုတ်သွား၏။

ဖေးထိုက်ကလည်း ရှေ့သို့ တိုးရင်း တိုးရင်း ဆရာကြီးအား တိုက်ခိုက်နေ၏။

ဤသို့ဖြင့်....

သူတို့သည် တောအုပ်ထဲသို့ တဖြည်းဖြည်း ရောက်ရှိသွားလေ၏။

ဖေးထိုက်သည် ဆရာကြီးအား မဲ့၍ တိုက်ခိုက်နေသောကြောင့် တောအုပ်ထဲသို့ ရောက်ရှိလာနေသည်ကိုပင် သူက သတိထားမိဟန် မတူပေ။

သို့သော်....

တိုက်ပွဲ အခြေအနေကို ရပ်ကြည့်နေကြသည့် ထောက်လှမ်းရေးမှူး ဖေးထိုက်၏ ဘက်တော်သားများမှာမူ ဖေးထိုက်အတွက် အလွန်စိုးရိမ်သွားကြသည်။

သူတို့သည် ဟူမင်သိုင်းဆရာကြီးတောအုပ်ထဲသို့ တဖြည်းဖြည်း ဆုတ်သွားသည်ကို နည်းနည်းမှ သက်သာမကောင်းကြပါချေ။

ဟူမင် သိုင်းဆရာကြီးတို့ သူတို့ထက် စောရောက်နေကြသည်။

ထို့အပြင်....

သူတို့သည် မကောင်းမှု မှန်သမျှ အကုန်လုပ်၏။

www.burmeseclassic.com



ရက်စက်သည့် နေရာမှာလည်း သူများထက် ပိုရက်စက်သည်။

ထို့ကြောင့်....

ယခုလည်း သူတို့သည် မည်သို့ ယုတ်မာသော အကြံအစည်ကို ကြံစည်လာကြမည်နည်း။

တွေးရင်း စိုးရိမ်လာသည်။

သူတို့သည် ယင်းသို့ အကဲခတ် ကြည့်နေစဉ်မှာပင်....

'အား'

စူးရှသော အော်သံကို ကြားလိုက်ရသည်။

ထိုအော်သံနှင့် အတူ လူရိပ်တစ်ခုသည် တောအုပ်ထဲမှ ပြေးထွက်လာသည်။

ဖေးထိုက်၏ ဘက်တော်သားများက လှမ်းကြည့်လိုက်ရာ ပြေးထွက်လာသူမှာ ဟူမင် သိုင်းဆရာကြီး ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် အားလုံးက ထိတ်လန့်သွားကြလေတော့သည်။

ထိုစဉ်....

ဟူမင်သိုင်းဆရာကြီး၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ငါ ထောက်လှမ်းရေးမှူးကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ပြီ၊ ကဲ ... ငါတို့သွားမယ်'



သူက ယင်းသို့ ပြောပြီး သူ့လူများကို ဦးဆောင်ကာ ထွက်သွားကြသည်။

ဖေးထိုက်၏ ဘက်တော်သားများမှာ ထောက်လှမ်းရေးမှူး၏ အမိန့်မရ၍ လိုက်သွားခြင်း မပြုကြဘဲ တောအုပ်ထဲသို့သာ ပြေးသွားကြသည်။

----o----

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲ၌ ဖေးထိုက်မှာ ဒဏ်ရာဖြင့် လဲလျောင်းနေသည်။

သေနတ်များကလည်း ရပ်နားနေ၏။

'ဆရာ... ဘာဖြစ်သွားလဲ'

'ဆရာ....ဘယ်လိုဖြစ်တာလဲ'

'သူတို့ တမင် ဆရာ့ကို ထောင်ချောက်ဆင်ပြီး တိုက်ခိုက်လိုက်တာ မဟုတ်လား'

ဟစ်ယောက်တစ်ပေါက်၊ ပြောသံများဖြင့် ဆူညံ၍သွားသည်။

ဖေးထိုက်က မသေသေးပါ။

ဒဏ်ရာမှ နာကျင်သော ဝေဒနာကို ခံစားနေရ၍ သူက ဟန့်ထားခြင်းပင် မပြုနိုင်တော့ပေ။

တစ်ခဏအကြာမှ သူက....

'ငါ ဘာမှ မဖြစ်ပါဘူး၊ ဒီလူတွေ တော်တော်ယုတ်မာတယ်၊ သူတို့ ထောင်ချောက်ဆင်ပြီး တိုက်ခိုက် လိုက်ကြတာ မင်းတို့ ဘာမှ မပူပါနဲ့....

'ငါလဲ သူတို့အကြံအစည်ကို ကြိုရိပ်မိထားတာကြောင့် ချက်ကောင်းကို မထိခင် အချိန်မီ ရှောင်တိမ်းနိုင်ခဲ့ပါတယ်၊ အပေါ်ယံပဲ ရှပ်ထိသွားတာပါ'

ဘက်တော်သား တစ်ယောက်က....

'သူတို့ ဘယ်လိုထောင်ချောက်ဆင်ပြီး တိုက်ခိုက်တာလဲ ထောက်လှမ်းရေးမှူး'



ဖေးထိုက်က

'ငါ ဟူမင်သိုင်းဆရာကြီးကို မဲပြီး တိုက်ခိုက်နေတုန်း ရုတ်တရက် ဟူမင်သိုင်းဆရာကြီးက ငါ့မျက်စိရှေ့က ပျောက်သွားတယ်၊ အဲဒီမှာ တစ်ဆက်တည်း ငါ့ထဲကို လက်နက်ပုန်းတွေ ပလူပျံပြီး လေးဘက်လေးတန်က ရောက်ရှိလာတယ်'

ထိုစကား ကြားလိုက်ရသောအခါ ဘက်တော်သားကစ်ယောက်က....

'ဟုတ်ပါပြီ ... သူတို့လူတွေ ဘောထဲမှာ ကြိုတင်ပုန်းအောင်းနေကြပြီး ထောက်ချောက်ဆင်ကြတာပဲ၊ တောက် တော်တော် ယုတ်မာတဲ့လူတွေ'

ဖေးထိုက်က ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်...ဒီလူတွေ တော်တော်ယုတ်မာတယ်၊ ငါလည်း အခြေအနေကို ချက်ချင်းရိပ်မိလိုက်တာနဲ့ လက်နက်ပုန်းတွေကို ကမန်းကတန်း ရှောင်တိမ်းလိုက်ရတာပေါ့၊ ဒီနေရာမှာ အခြားလူသာဆိုရင် ဗမ်းဗိုက်ထဲကို လက်နက်ပုန်း အခုတစ်ရာလောက် ရောက်ရှိသွားပြီး'

'ဒီလောက်ဒဏ်ပဲလား ထောက်လှမ်းရေးမှူး'

'သည်ကောင်တွေက ငါ့ မသေမချင်း မှသဲကျမချင်း အဆက်မပြတ် လက်နက်ပုန်းတွေကို ပစ်ခတ်နေတယ်၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှောင်တိမ်းနေတဲ့ကြားကမဲ့ လက်နက်ပုန်းသုံးခု ရှိ ထိသွားတာကို ခံစားလိုက်ရတယ်၊ ငါလည်း မဟန်နိုင်ဘဲ လဲကျသွားတာပေါ့'

ဖေးထိုက်၏ စကားကြောင့် ဘက်တော်သားတစ်ဦးက အံ့ဩစွာဖြင့်....

'ဒါ သူတို့အတွက် အခွင့်ကောင်းဘဲ၊ သူတို့ဆရာကို ထွက်ပြီး တိုက်ခိုက်ကြသေးသလား'

ဖေးထိုက်က ခေါင်းခါယမ်းလိုက်သည်။

'ငါလည်း ဒါပဲစဉ်းစားနေတာ၊ ငါလဲကျသွားပေမယ့် ငါမသေမှန်း သူတို့သိတယ်၊ ဒါတောင် ဘာလို့ ငါ့ကို ထပ် မတိုက်တာလဲဆိုတာကို ငါ စဉ်းစားမရ ဖြစ်နေတယ်'

ဘက်တော်သားတစ်ယောက်က....

'ကောင်း သူတို့ လက်နက်ပုန်းတွေ ကုန်သွားလို့ ဖြစ်ရမယ်'

အခြားတစ်ယောက်ကလည်း ထောက်ခံလိုက်သည်။

'ဟုတ်တယ်....သူတို့လက်နက်ပုန်းတွေ ကုန်သွားတာသေချာတယ်၊ ဆရာက မသေသေးတော့ သူတို့ အနီးကပ် ဆရာ့ကိုတိုက်ခိုက်ရင် ဆရာပြန်ပြီးတိုက်ခိုက်မှာကြောက်ပြီး ထွက်သွားတာဖြစ်ရမယ်'

ဖေးထိုက် သက်ပြင်းချလိုက်ပြီး....



'ဘာပဲဖြစ်ဖြစ် သည်တစ်ခါတော့ သူတို့ အပြတ်နှိမ်နင်းနိုင်မယ်လို့ ထင်ထားတာ၊ အခုတော့....'

ဘက်တော်သားတစ်ယောက်က....

'ဆရာရယ် စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်တော်တို့ဆက်ကြိုးစားကြတာပေါ့'

အခြားတစ်ယောက်က....

'ကဲ....စကား နောက်မှဆက်ပြောကြတာပေါ့၊ ထောက်လှမ်းရေးမှူးဒဏ်ရာ သွေးထွက် သိပ်လွန်နေတယ်၊ ကျုပ်တို့မြို့စားဂေဟာကို အမြန်ဆုံးခေါ်သွားပြီး ဆေးကုသပေးမှ ဖြစ်မယ်'

'ဟုတ်တယ်....ဟုတ်တယ်'

ဤသို့ဖြင့်....

သူတို့သည် ဖေးထိုက်အား ဖေးမ၍ မြို့စားဂေဟာသို့ ခေါ်ဆောင်သွားကြလေသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက် ဒဏ်ရာရရှိလာသည့်သတင်းကို ကြားသည်နှင့် မြို့စားကြီးမှာ ကမန်းကတန်း ရောက်ရှိသွားခဲ့လေတော့သည်။

ဒဏ်ရာမှာ မစိုးရိမ်ရ၍ သူသည် စိတ်သက်သာရာရသွားလေသည်။

သို့သော်....

မြို့စားကြီးမှာ အတော်ပင် စိတ်ခေတ် ကျသွားရလေသည်။

'သည်လူကို နှိမ်နင်းဖို့လွယ်ပုံမလား ထောက်လှမ်းရေးမှူး'

သူသည် စိုးရိမ်သောလေသံဖြင့် မေးလိုက်သည်၊

ဖေးထိုက် ပြုံးလိုက်ပြီး....

'မစိုးရိမ်ပါနဲ့ မြို့စားကြီး၊ ကျွန်တော် တစ်ရက် နှစ်ရက်အတွင်းမှာဘဲ သည်ဟာမင်ဂိုဏ်းကို နှိမ်နင်းဖို့ ပြန်ပြီးလှုပ်ရှားမှာပါ'

မြို့စားကြီးက....

'သည်တစ်ခါဆိုရင်တော့ တစ်ယောက်ချင်း ယှဉ်မနေနဲ့တော့၊ လူအင်အားသုံးပြီး တစ်ခါတည်း အပြတ်ရှင်းလိုက်တော့၊ သည်လူတွေက သိပ်ကောက်ကျစ်ပြီး ညာက်များတာ သူတို့ကို ညှာနေရင်တော့ မဖြစ်ဘူး'

ဖေးထိုက်က....

'ဟုတ်ကဲ့ပါ မြို့စားကြီး'



မြို့စားကြီးသည် သက်ပြင်းချလိုက်၏။

'အင်း....ထောက်လှမ်းရေးမှူး တော်လို့သာပေါ့၊ နို့မဟုတ်ရင် သည်လူတွေယုတ်မာပုံနဲ့ဆို တခြားလူတွေသာဆို မလွယ်ဘူး'

ဖေးထိုက်က-

'ကျွန်တော် သည်တစ်ပွဲတည်း၌ ဟာမင်ဂိုဏ်းကို ဖြိုခွဲနိုင်မယ်လို့ ထင်ခဲ့တာ။ ထင်တဲ့အတိုင်း ဖြစ်မလာလို့ စိတ်မကောင်းဖြစ်နေရတယ်။ သူတို့ရဲ့ ယုတ်မာမှုကို ကြိုတင်သိနေပါလျက်နဲ့ သူတို့လက်ကလွတ်အောင်မှ ရှောင်နိုင်ခဲ့ဘူး'

မြို့စားကြီးက....

'စိတ်မကောင်းဖြစ်မနေပါနဲ့ ထောက်လှမ်းရေးမှူး။ဘာမှမဖြစ်တာကိုဘဲ ကျုပ်ဖြင့် ဝမ်းသာလို့ မဆုံး ဖြစ်နေရတယ်'

သူက ဆက်၍....

'လိုအပ်တာရှိရင် ဘာမှအားမနာနဲ့။ကျုပ်ကို ပြောတာပြောပါ'

ဖေးထိုက်က....

'သည်တစ်ခါတော့ မြို့စားကြီးဆီက လူအင်အားလိုအပ်လိမ့်မယ် ထင်တယ်'

မြို့စားကြီးက....

'လိုသလောက်အင်အားကို ပြောပါ၊ ကျုပ်ဆီမှာမရှိရင်တောင် အခြားမြို့က အကူအညီတောင်းလို့ ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက ထောက်လှမ်းရေးမှူးတို့အဖွဲ့က ဟူမင်ဂိုဏ်းကို ချေမှုန်းနိုင်ဖို့ပါဘဲ'

ဖေးထိုက်က....

'ကျွန်တော် ကြိုးစားမှာပါမြို့စားကြီး'

သူတို့ယောင်းသို့ပြောနေကြစဉ် အခန်းထဲသို့ ကျိုပေါင်က ဝင်ရောက်လာလေသည်။

'အစ်ကိုကြီး ဘယ်လိုနေလဲ ကျွန်တော်ဖြင့် စိုးရိမ်သွားတာပဲဗျာ'

ကျိုပေါင်က ပြောပြောဆိုဆိုဖြင့် ဖေးထိုက်အနီးတွင် ထိုင်ချလိုက်သည်။

ဖေးထိုက်က....

'ဘာမှမဖြစ်ပါဘူးကွာ သည်လူတွေ ယုတ်မာလို့ နည်းနည်းခံလိုက်ရတာပါ'

ကျိုပေါင်က....

'ဟူမင်ဂိုဏ်းကို မဖြိုခွင်းနိုင်သေးဘူးဆိုရင် ကျွန်တော်တို့ နေပြည်တော်ကို မသွားရသေးဖူးပေါ့'

ဖေးထိုက်က....

'ဘာလဲ မင်းက ဘိပ်သွားချင်နေပြီလား'

ကျိုပေါင်က အဖြေမပေးဘဲ ခေါင်းငုံ့ထားသည်။

အမှန်တော့....



သူသည် တကယ်ပင် မြို့စားဂေဟာမှ ထွက်သွားချင်နေပြီ ဖြစ်သည်။

အကြောင်းမှာ....

သူသည် ချင်းချင်းတို့ညီအစ်မအား မျက်နှာချင်းမဆိုင်ချင်တော့၍ဖြစ်သည်။

မိမိ ချစ်တာကတစ်ယောက် မိမိကိုချစ်နေတာက တစ်ယောက်....

သူသည် မိမိကြောင့် သူတစ်ပါး ဒုက္ခရောက်မည့်အဖြစ်ကို မလိုလားပေ။

ထို့ကြောင့်....

သူသည် မိမိ၏ အချစ်များကို မြှိုသိပ်ကာ မြို့စားဂေဟာမှ အမြန်ဆုံး ထွက်သွားနိုင်ရန်သာ ဆန္ဒပြင်းပြနေခဲ့လေတော့သည်။

သို့သော်....

ယခု ထောက်လှမ်းရေးမှူးနှင့် ဟူမင်သိုင်းဆရာကြီးတို့၏ ယှဉ်ပြိုင်မှုမှာ မအောင်မြင်ခဲ့သဖြင့် ဆက်၍ နေထိုင်ရပေဦးမည်။

ထို့ကြောင့်....

ကျိုပေါင်မှာ စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက်ကို သာချမိလေတော့သည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူ့ကို ရွေးမှာလဲ

ကျော်ပေါင်သည် မြို့စား[ကြီး]၏စာကြည့်ခန်းသို့ မရောက်သည်မှာ နှစ်ရက်ခန့်ပင် ရှိသွားပြီဖြစ်သည်။

သူသည် ချင်းချင်းတို့ ညီအစ်မနှင့် မတွေ့မိစေရန် ရှောင်ရှားနေခြင်းဖြစ်သည်။

အခန်းတွင်း၌ပင် အောင်းနေ၏။

ချင်းချင်းကလည်း သူ့အားလာမတွေ့တော့ပေ။

အရင်လို သူ့အား စကားတွေလာမပြောတော့ပေ။

ထိုအခါကျပြန်တော့လည်း သူ၏ရင်ထဲ၌ ဟာတာတာကြီး ဖြစ်နေသလို ခံစားနေရသည်။

သူမ၏ ပြုံးပြုံးရွှင်ရွှင်မျက်နှာလေးကိုပင် မကြာ မကြာ ပြန်မြင်ယောင်နေမိသည်။

'ငါ...ချင်းချင်းကို စိတ်ဝင်စားနေမိပြီလား'



သူက ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိသည်။

သို့သော်....

ဤမေးခွန်းကို သူက အဖြေမထုတ်ရသေးခင်မှာ...

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ကြားလိုက်ရသည်။

သူ၏ရင်ထဲ တစ်ချက် လှုပ်ရှားသွား၏။

'ချင်းချင်းများ ဖြစ်နေမလား'

ဟူသော အသိကြောင့်ပင် ဖြစ်သည်။

သူသည် လက်နှေးခြင်းမပြုဘဲ၊ တံခါးကို သွားရောက်ဖွင့်ပေးလိုက်သည်။

'ဤသည်ကား အချစ်များလား'

သူသည် တံခါးဖွင့်ပေးလိုက်ရင်းမှ မေးခွန်းထုတ်မိပြန်သည်။

တံခါးပွင့်သွားသည်နှင့် တံခါးဝတွင် မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

နွဲ့နွဲ့နှောင်းနှောင်းနှင့် ဂုဏ်သရေရှိသော အလှပိုင်ရှင်မလေး ခိုင်ကျင်းဖြစ်သည်။

'ဟင်...မမ ခိုင်ကျင်း'

ကျော်ပေါင်က အံ့သြစွာဖြင့် နှုတ်မှ ရေရွတ်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုန်ကျင်းက....

သူ့အား ပြုံးပြပြီး....

'ရှင်....စာတွေ သိပ်ကြိုးစား ဖတ်နေတာနဲ့ တူတယ်၊ မတွေ့တာတောင် အတော်ကြာသွားပြီ'

ကျော်ပေါင်က မည်သို့ ပြန်ဖြေရမှန်းမသိအောင်ဖြစ်သွားသည်။

သူက ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ပြီးနောက်....

သူက....

'မမ ခုန်ကျင်းက ကျွန်တော့်ဆီကို လာတယ်ဆိုတော့ ကိစ္စ....'

သူမက....

'မလာစဖူး ရှင့်ဆီလာလို့ အံ့ဩသွားတာလား'

'ဟုတ်....ဟုတ်ပါတယ်'

'ကျွန်မ ရှင့်ကို ပြောစရာရှိလို့ပါ'

ကျော်ပေါင်က ပြုံးပြီး အခန်းထဲသို့ ဖိတ်ခေါ်လိုက်လေသည်။

'ထိုင်ပြီး ကျွန်တော်တို့ စကားပြောကြတာပေါ့'

သူမက ခေါင်းညိတ်ပြလိုက်ပြီး အခန်းထဲရှိ စားပွဲတွင် ဝင်ရောက် ထိုင်လိုက်သည်။



ကျော်ပေါင်၏ ရင်ထဲ လှုပ်ရှားနေသည်၊

ခုန်ကျင်းက မိမိအား ဘာပြောလာမည်ကို သူက တွေးသိနေသည်။

ချင်းချင်း ကိစ္စမှလွဲ၍ အခြားမရှိပေ၊

....o....

www.burmeseclassic.com

အခန်းတစ်ခုလုံး တိတ်ဆိတ်၍ နေသည်။

ခိုင်ကျော့က ငြိမ်သက်စွာ ထိုင်နေသော်လည်း မည်သည့် စကားမျှ မပြောချေ။

ကျိုပေါင်ကလည်း သူမပြောမည့် စကားကိုသာ နား စွင့်နေပြီး မည်သည့်စကားမျှ မပြောချေ။

အတန်ကြာမှ....

ကျိုပေါင်က မနေနိုင်တော့ဘဲ...

'မမခိုင်ကျော့၊ ကျွန်တော့်ကို ဘာပြောချင်လို့လဲ ပြော လေ'

ဟု ပြောလိုက်သည်။

ထိုအခါကျမှ....

ခိုင်ကျော့က သူ့အား မော့ကြည့်လိုက်ပြီး....

'ကျွန်မ ရှင့်ကို တစ်ခုမေးချင်တယ်'

ကျိုပေါင်က....

'မေးပါ'

သူမက ပြောရန် အခက်တွေ့နေသလို ချက်ချင်းမပြော ဘဲ နှုတ်ဆိတ်နေသည်။

ကျိုပေါင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'မမ... ကျွန်တော့်ကို ပြောဖို့ ဝန်လေးနေပုံရတယ်၊ ဘာ စကားမို့ ဝန်လေးနေရတာလဲ မမ'



သူမက အဖြေမပေးပါ။

'ကျွန်မ ပြောသင့် မပြောသင့် စဉ်းစားနေတာပါ'

ကျိုပေါင်က....

'မမခိုင်ကျော့ ပြောရခက်နေလဲ့ ကျွန်တော်ပဲ ပြောပါ့ မယ်'

သူက သူမအား မော့ကြည့်လိုက်ပြန်သည်။

'ရှင်က ကျွန်မ ဘာပြောမယ် ဆိုတာ သိနေလို့လား ရှင်'

သူက ခေါင်းညိတ်လိုက်၏။

'ကျွန်တော် သိပါတယ်'

ခိုင်ကျော့က ခေါင်းညိတ်လိုက်ပြီး....

'ရှင်က သိနေတယ်ဆိုတော့ ရှင်ပြောတာပဲ ကျွန်မ နား ထောင်တော့မယ်၊ ဘာဖြစ်လို့လဲ ဆိုရင် ကျွန်မက မိန်း မလေးဆိုတော့ ပြောလို့ မကောင်းဘူးလေ'

ကျိုပေါင်က ပြုံးလိုက်ပြီး....

'ကျွန်တော် နားလည်ပါတယ်၊ ဒါကြောင့် ကျွန်တော် ပဲ စပြောမှာပါ'

သူက ဆက်၍....

'ချင်းချင်း ကျွန်တော့်ကို စိတ်ဆိုးနေတဲ့အကြောင်း၊ ချင်း ချင်း ကျွန်တော့်ကို သံသယစဉ် ရှိနေပေမယ့် ကျွန်တော် က သူ့အပေါ် မပြောလည်း ဆက်ဆံခဲ့လို့ အခု သူက

www.burmeseclassic.com



ကျွန်တော့်ကို မုန်းသွားပြီ၊ ဒီအကြောင်းတွေကို ပြောမလို့ မဟုတ်လား'

ဟု ပြောလိုက်၏။

ခိုင်ကျင်းက အံ့ဩစွာဖြင့် ကျော့ပေါင်အား ကြည့်မိလေသည်။

သူမက မည်သည့် စကားမှ မပြောခင် ကျော့ပေါင်က ဆက်၍....

'ကျွန်တော် တောင်းပန်ပါတယ်၊ တောင်းပန်တယ် ဆိုတဲ့ စကားက လွဲလို့ အခုအချိန်မှာ ကျွန်တော် ဘာကိုမှမပြောတတ်သေးပါဘူး'

သူက စကားဆက်လိုက်ပြန်၏။

'မမက တစ်ဆင့် ချင်းချင်းကို တောင်းပန်ပေးပါ၊ ကျွန်တော် မပြေမလည် သူ့အပေါ် ဆက်ဆံမိတဲ့အတွက် တောင်းပန်ပါတယ်၊ ကာကယ်ဆို ကျွန်တော်က ညွှဲသည်ပါ၊ ဒါကြောင့် ကျွန်တော် အစစအရာရာ သည်းခံ သင့်တာပေါ့ဗျာ'

ခိုင်ကျင်းက ပြုံးလိုက်ပြီး....

'ချင်းချင်းက ကြာကြာ စိတ်မဆိုးတတ်ပါဘူး'

သူမက ဆက်၍....

'ကျွန်မ က တစ်ဆင့် တောင်းပန်ပေးတာထက် ရှင်ကိုယ်တိုင် [illegible] တောင်းပန်တော့ ပိုမကောင်းဘူးလား'



ကျော့ပေါင်က....

'ကျွန်တော်ကိုယ်တိုင် တောင်းပန်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ကိုယ် ကျွန်တော်သိတယ်၊ သူက ဘုကာလန့်ပြောချင် ကျွန်တော်လဲ ပြန်ပြောမိမှာ စိုးလို့ပါ'

ခိုင်ကျင်းက သက်ပြင်းချလိုက်၏။

'ရှင်က ချင်းချင်းကို စိတ်မဝင်စားဘူး မဟုတ်လား'

ဟု ရုတ်တရက် မေးခွန်းထုတ်လိုက်သည်။

သူ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ရုတ်တရက်....

မည်သို့ ပြန်ဖြေရမည်မသိ ဖြစ်နေသည်။

ခိုင်ကျင်းက....

'ကျွန်မ မေးတာ ဖြေလေ'

ကျော့ပေါင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ကျွန်တော် မဖြေချင်သေးဘူး'

ခိုင်ကျင်းက....

'ကျွန်မ သိနေပါတယ်၊ ရှင် ချင်းချင်းကို စိတ်မဝင်စားဘူး၊ အခြားသူ တစ်ယောက်ကို စိတ်ဝင်စားနေတယ်မဟုတ်လား'

ကျော့ပေါင်က ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခိုကျွင်း ယင်းသို့ ပြောလာလိမ့်မည်ဟု သူက ထင်မထား သောကြောင့် သူက ဖြေရန် အခက် တွေ့သွားရလေတော့ သည်။

သူမက ပြုံး၍....

'ဖြေလေ....ရှင် စိတ်ဝင်စားနေတာ ဘယ်သူလဲ၊ အဲ့ဒါ ကျွန်မ သိချင်တယ်'

သူက သက်ပြင်းချလိုက်ပြီး....

'ကျွန်တော် မဖြေတတ်ဘူး'

သူမက....

'ဘာလို့ မဖြေတတ်ရမှာလဲ၊ ရှင်....အမှန်အတိုင်း ပြော ပါ၊ ဘယ်သူ့ကိုမှလဲ မျက်နှာပူစရာ မရှိဘူး၊ ဘာဖြစ်လို့လဲ ဆိုရင် ရှင့်ကို ဖေဖေနဲ့ မေမေက သဘောကျနေကြတယ်၊ ဒါကြောင့် ရှင့်ကို သားမက် တော်ချင်နေကြတယ်....

'ဒါပေမယ့်....ရှင် ချင်းချင်းကို မချစ်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ဒါကြောင့် ရှင်ချစ်တဲ့လူကို သိရတော့ ကျွန်မ ဖေဖေနဲ့ မေမေကို ပြန်ပြောလို့ ရတာပေါ့၊ နို့မဟုတ်ရင် ရှင်နဲ့ ချင်းချင်းကို ရည်ရွယ်ထားပြီးမှ ရှင်က ချင်းချင်းကို မချစ်ရင် မျက်နှာပူစရာတွေ ဖြစ်ကုန်လိမ့်မယ်'

'ဒါကြောင့် ကျွန်မက ကြားထဲက ဝင်မေးရတာပါ'

ကျော်ပေါင် တွေဝေသွား၏။



ခိုကျွင်း၏ စကားအတိုင်းဆိုလျှင် မြို့စားကြီးမှာ သူ့ သမီးနှစ်ယောက်မှာ မည်သူနှင့်မဆို သဘောတူမည့်ပုံရှိလေ သည်။

ဤသို့ဆိုင်....

မိမိမှာ ခိုကျွင်းကိုရွေးမည်ဆိုလျှင် ရွေးနိုင်ခွင့်ရှိနေသည် မဟုတ်ပါလား။

သူက ပြုံးလိုက်ပြီး....

ခိုကျွင်းအား စိုက်ကြည့်လိုက်သည်။

သူ၏ စူးရှသောအကြည့်ကြောင့် သူမမှာ ရှက်ကိုးရှက် ကန်း ဖြစ်သွား၏။

သူမက ကျော်ပေါင်၏မျက်လုံးကို ရင်မဆိုင်ရဲဘဲ မျက် လွှာအောက်ချလိုက်သည်။

သူက ပြုံး၍....

'မမ ခိုကျွင်းမှာကော ရည်ရွယ်ထားတဲ့လူရှိသလား'

ဟု မေးလိုက်သည်။

သူ၏စကားကြောင့် ခိုကျွင်းမှာ မည်သို့ပြန်ဖြေရမည်သို့ ပြန်ဖြေရမည်ကိုမသိ ဖြစ်သွားရလေသည်။

ရင်ထဲမှာလည်း လှုပ်ရှား၍ သွားသည်။

သူမက ချင်းချင်း၏မျက်နှာကိုလည်း မြင်ယောင်မိပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်လေသည်။

'အဲ့ဒီ မေးခွန်းကို ကျွန်မလောလောဆယ်မဖြေနိုင်သေးဘူး...'

ကျော်ပေါင်က မျက်မှောင်ကုပ်ပြီး....

'ဘာဖြစ်လို့လဲ'

ခိုင်ကျွင်းက....

'သည်မေးခွန်းကို ကျွန်မက လေးလေးနက်နက် ဖြေချင်လို့ပါ'

သူက ခေါင်းညိတ်လိုက်သည်။

'ရပါတယ်လေ'

သူမက....

'ရှင်ကိုယ်တိုင် ချင်းချင်းကို သွားခေါ်ခဲ့မှာ မဟုတ်လား။'

သူက....

'ကျွန်တော် ကြိုးစားပါမယ်'

သူမက ထိုင်ရာမှထလိုက်သည်။

'ကဲ...ဒါဖြင့် ကျွန်မသွားလိုက်ဦးမယ်'

'ဟုတ်ကဲ့ပါ မမ ခိုင်ကျွင်း'



ထို့နောက်...

ခိုင်ကျွင်းသည် အခန်းထဲမှ ဣန္ဒြေရရှာဖြင့် လျှောက်လှမ်းထွက်သွားလေသည်။

ကျော်ပေါင်သည် သူမ၏ လှုပ်ရှားမှုအား ငေးမော၍ကြည့်ရင်း သက်ပြင်း အကြိမ်ကြိမ်ချနေမိတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com

စုံစမ်း ထောက်လှမ်းခြင်း

---

ကျွန်းစီးမြို့....

ကောင်းချိန် စားတော်ဆက်....။

အချက်အပြုတ် အကြော်အလှော်ကောင်း၍ နာမည်ကြီးလှသည်။

ဖေးထိုက်နှင့် အဖွဲ့ဝင်နှစ်ဦးတို့ ဆိုင်အတွင်း စားပွဲဝိုင်းတစ်ခုတွင် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြသည်။

ထိုအချိန်....

လက်နက်ကိုယ်စီလွယ်ထားသော သိုင်းသမားငါးဦးတို့ ဆိုင်ပေါက်ဝမှ ဝင်လာပြီး သီးသန့်ခန်းများသို့ ဝင်ရောက်သွားသည်။

သူတို့က ဖေးထိုက်တို့လူစုအား မမြင်ပါချေ။

ဖေးထိုက်က ထိုလူများအား အကဲခတ် ကြည့်လိုက်ပြီး....



ဆိုင်နောက်ဖေးသို့ ဝင်ရောက်သွားသည်။

တစ်ခဏအကြာ၌....

ဖေးထိုက်သည် စားပွဲထိုးပုံစံအဝတ်အစားဖြင့် ပြန်ထွက်လာသည်။

သူ၏ လက်ထဲ၌လည်း အငွေ့တထောင်းထောင်းထနေသော ဟင်းပန်းကန်များ ထည့်ထားသည့် ဗန်းတစ်ချပ်ကို ကိုင်ဆောင်ထားသည်။

ထို့နောက်....

သူသည် သီးသန့်ခန်းထဲသို့ဝင်သွားသည်။

တစ်ခဏအကြာ....

သူက ပြန်ထွက်လာပြီး အနောက်ဖက် ဝင်သွားကာ သူ၏ အဝတ်အစားများကို ပြန်လဲလိုက်သည်။

ပြီးနောက်....

သူက အဖွဲ့ဝင်နှစ်ဦးနှင့်အတူ စားသောက်ဆိုင်အတွင်းမှ ပြန်၍ထွက်သွားလေသည်။

ဆိုင်အပြင် မလှမ်းမကမ်းသို့ ရောက်သောအခါကျမှ....

ဖေးထိုက်က သူ့လူနှစ်ယောက်အား တီးတိုးပြောလိုက်၏။

'ဟို....သီးသန့်ခန်းက ငါးယောက်ဟာ ဟူမင်ဂိုဏ်းထဲကပဲ'

'ဟုတ်လား ဆရာဖေးထိုက်၊ ကျွန်တော်တို့ မသိကြလို့ ဆရာအခြေအနေကို ကြည့်နေတာ'

www.burmeseclassic.com

www.burmeseclassic.com



'အေး....ဆိုင်ထဲမှာ ပြဿနာမဖြစ်ချင်လို့ သူတို့ထွက်အလာကို စောင့်တိုက်ကြတာပေါ့'

'ကောင်းတယ်၊ ဆရာဖေးထိုက်'

ထို့နောက်....

သူတို့သည် စားသောက်ဆိုင်နှင့် မလှမ်းမကမ်းမှ နေ၍ သီးသန့်ခန်းထဲမှ လူငါးယောက်ထွက်အလာကို စောင့်ဆိုင်း၍ နေကြလေသည်။

....၁....



ထမင်းတစ်အိုးကျက် ခန့်အကြာ....

သီးသန့်ခန်းထဲမှ လူငါးယောက် ဆိုင်ထဲမှ ထွက်လာသည်ကို တွေ့လိုက်လိုက်ရလေသည်။

ထိုလူများက ဖေးထိုက်တို့ပုန်းကွယ်နေရာမှ ဖြတ်ကျော်သွားသည်။

ဖေးထိုက်တို့က နောက်မှ မယောင်မလည်ဖြင့် လိုက်သွားသည်။

လူသူ ကင်းရှင်းရာနေရာသို့ အရောက် ဖေးထိုက်က ထိုလူ ငါးယောက်ရှေ့သို့ ဖြတ်ကျော်တက်ပြီး....

'ယော....မင်းတို့က ဟူမင်ဂိုဏ်းက လူတွေ မဟုတ်လား' ဟု မေးလိုက်သည်။

ထိုအခါ....

ထိုလူ ငါးယောက်ထဲမှ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့်လူက....

'ဘာလုပ်မလို့လဲ ကျုပ်တို့ကိုရန်စတာလား'

ဟု ရန်လိုစကားပြောလိုက်သည်။

ဖေးထိုက်က....

ဟဲ....ဟဲ....ဟဲ....မင်းတို့အားလုံး ဟူမင်ဂိုဏ်းကမှန်း ငါ သိတယ်၊ ငါတို့ ဥပဓေအဘက်တော်သားတွေ မင်းတို့ သေဖို့ပြင်တော့'

www.burmeseclassic.com

www.burmeseclassic.com



ဟု မခန့်လေးစားပုံစံဖြင့် ရယ်မောပြောဆိုလိုက်သည်။

'ဘာပြောတယ်'

မုတ်ဆိတ်မွေးနှင့်လူမှာ ဒေါသထွက်သွားသည်။

ဖေးထိုက်က....

'ဟုတ်တယ်....မင်းတို့ ဒုစရိုက်သမားတွေရှာပြီး တို့ ငရဲပြည်ပို့ပေးမလို့'

'ဟား....ဟား....ဟား'

ထိုလူငါးယောက်စလုံး ရယ်မောလိုက်ကြသည်။

'ဆင်ဆင်ခြင်ခြင်ပြောပါ ကိုယ့်လူ မင်းတို့ကသုံးယောက် တို့က ငါးယောက်၊ ကျုပ်တို့ကို ငရဲပြည်ပို့မယ်ဆိုတာ ဖြစ်ပါ့မလားလို့'

'ဖြစ်နိုင် မဖြစ်နိုင်ဆိုတာ လက်တွေ့ကျရင် သိရမှာပေါ့'

ရဲရဲရင့်ရင့်နှင့်ပြောနေသော ဖေးထိုက်ကို မုတ်ဆိတ်မွေးနှင့်လူ နည်းနည်းသံသယဝင်သွားသည်။

'နေဦး....မင်းဘယ်သူလဲ'

မုတ်ဆိတ်မွေးက မေးလိုက်သည်။

ဖေးထိုက်က....

'ကျုပ်ဘယ်သူဆိုတာ ခင်ဗျားသိစရာမလိုဘူး၊ ခင်ဗျားတို့ ဘယ်သူဆိုတာ ကျုပ်သိတယ်'



ထိုလူငါးယောက်မှာ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

ဖေးထိုက်က ဆက်၍....

'ခင်ဗျားတို့ ဟူမင်ဂိုဏ်းက ခြသေ့်ကြီး စန်းမောရဲ့အဖွဲ့ မဟုတ်လား'

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် ထိုလူအားလုံးမှာ အံ့အားသင့်၍ သွားသည်။

သူတို့အဖွဲ့သည် ကျန်းစီးမြို့ထဲ၌ လူမသိ သူမသိ လျှို့ဝှက်ထောက်လှမ်းစုံစမ်းနေကြသူများ ဖြစ်သည်။

ကျန်းစီးမြို့ထဲ မည်သူမျှ အဆင်အခြွက်ရှိသနည်း။

မည်သို့သောပုဂ္ဂိုလ်တွေ ကျန်းစီးမြို့ထဲမှ ဖြတ်သန်းသွားသည်နည်း။

ချမ်းသာသူဘယ်နှစ်ယောက် ကျန်းစီးမြို့ထဲ ရောက်ရှိနေပါသနည်း။

သတင်းအတိအကျ စုံစမ်းထောက်လှမ်း၍....

ဟူမင်ဂိုဏ်းအား သတင်းပေးနေခြင်းဖြစ်သည်။

ယခု....

သည်အကြောင်းကို သူတို့ရှေ့၌ရှိနေသောလူသုံးယောက်က သိရှိ၍နေသည်။

မုတ်ဆိတ်မွေးက ဖေးထိုက်အား စူးစိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့....

ဖေးထိုက်တို့သည် ယာမန်သိုင်းသမားများအသွင် ရုပ်ဖျက်ထားသောကြောင့် ထိုလူငါးယောက်က မမှတ်မိခြင်းဖြစ်လေသည်။

မုတ်ဆိတ်မွေးက ရင်ကိုကော့လိုက်ပြီး ခက်ထန်သောလေသံဖြင့်....

'မင်း အခု ကျုပ်တို့ကို အနှောင့်အယှက်ပေးတာလား၊ တို့ဂိုဏ်းချုပ်ကို စိန်ခေါ်တာနဲ့အတူတူပဲဆိုတာ မင်း တွေးမိရဲ့လား'

ဟု ခြိမ်းခြောက်လိုက်သည်။

ဖေးထိုက်သည် ပြုံးလျက်....

'ခင်ဗျားတို့တင်မကဘူး ခင်ဗျားတို့ ဂိုဏ်းချုပ်ကိုလည်း ကျုပ်က တွေ့ချင်နေတာ၊ ကဲ....ကြာတယ် ခင်ဗျားတို့အားလုံး ငရဲပြည်ပို့ပေးမယ်'

မုတ်ဆိတ်မွေးက....

'ဒါဆိုလဲ စမ်းကြည့်လိုက်လေ'

ဖေးထိုက်က သူ့လူနှစ်ယောက်ကို အချက်ပြလိုက်သည်။

တိုက်ပွဲအခြေအနေမှာ လူအင်အား လက်နက်အင်အား မမျှဟု ဆိုနိုင်သည်။

သို့သော်....



ဖေးထိုက်၏သိုင်းပညာမှာ ထိပ်သီးအဆင့် ဖြစ်သည်ကို ရန်သူငါးယောက် မသိရှိပါ။

တိုက်ပွဲစတော့မည်။

ဖေးထိုက်နှင့်ပါလာသော လူနှစ်ယောက်က ရန်သူတစ်ယောက်စီကို ရင်ဆိုင်၍ ဖေးထိုက်က စန်းမောနှင့် နှစ်ဦးကို ရင်ဆိုင်ဖို့ အသင့်ပြင်လိုက်သည်။

'ဝှီး....'

'ဟိတ်....'

စန်းမောမှာ ကြီးမားသော သံပုဆိန်ဖြင့် ဖေးထိုက်ကို အားကုန် ခုတ်ချလိုက်သည်။

ဖေးထိုက်က ရှောင်တိမ်းလိုက်သည်။

စန်းမောမှာ မခေပါ။

ခုတ်လိုက်သောပုဆိန်အရှိန်လွန်ပြီး မြေပြင်သို့စိုက်မသွားရန် အားကို ပြန်ထိန်းလိုက်နိုင်သည်။

သူသည် ပုဆိန်ကိုမြှောက်ပြီး ဒုတိယအကြိမ် ဝင်ရောက်လာပြန်သည်။

နောက်ကျသွားချေပြီ။

ဖေးထိုက်သည် သူ့အဝင်တွင် သူ၏ဘေးမှကပ်၍ ရတနာဓားကို ဝှေ့ယမ်းထိုးသွင်းလိုက်ရာ....

'ဂွစ်....ဂွစ်....ဂွစ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'အား'

ဓားချက်မှာ သူ၏ရင်ဝကို တိုးဝင်သွားသလို ကျန်နှစ်ယောက်မှာလည်း ရတနာကျောက်စီဓားချက် အသီးသီး ရင်ဝထိ၍ လဲကျသွားကြသည်။

တစ်ဖက်တွင်လည်း....

ဖေးထိုက်၏လူနှစ်ယောက်သည် ရန်သူနှစ်ယောက်တို့ကို သတ်လိုက်နိုင်သည်။

တိုက်ပွဲမှာ လျှင်မြန်စွာ ပြီးဆုံးသွား၏။

ခြသေ့်ကြီး စန်းမောမှာ ဖေးထိုက်အား မျက်လုံးပြူးကြည့်ပြီး....

အသက်ငင်နေသည်။

'မင်းတို့ဂိုဏ်း ဌာနချုပ် နေရာက ဘယ်မှာလဲ'

ဖေးထိုက်က ခြသေ့်ကြီး စန်းမော၏ အင်္ကျီအား ဆွဲလှုပ်ရမ်းပြီး....

မေးလိုက်သည်။

'ကျုပ်မသိပါဘူး....'

အသံဆုံးအောင် မပြောနိုင်ဘဲ အမိုက် ဇာတ်သိမ်းသွားသည်။

'အင်း...ဟုမင် ဂိုဏ်းသား ငါးယောက်တော့ ကိစ္စပျက်သွားပြီ၊ တို့သွားကြမယ်'



သူတို့ အားလုံး၏ မျက်နှာမှာ ပြုံးရောင်သမ်း၍ နေကြသည်။

တာဝန်တစ်ရပ် ပြီးဆုံးသွားချေပြီ။

ထို့နောက်....

သူတို့သုံးဦး တောအုပ်တစ်ခုသို့ ဝင်ရောက် ပျောက်ကွယ်သွားကြလေသည်။

သူတို့ ဘယ်ကို သွားမည်နည်း။

....o....

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်သည် တည်းခိုရိပ်သာ တစ်ခု၌ ငှားရမ်းနေထိုင်လျက်ရှိ၏။

သူသည် ယခု မီမီအခန်းထဲတွင် လဲလျောင်းရင်းတွေးနေသည်။

မီမီတို့ အစုအဖွဲ့များ၏ ပြောက်ကျားနည်းဖြင့် အမှည့်ချွေ ချွေသည့် နည်းမှာ အတော်ထိရောက်၏။

ရန်သူဂိုဏ်းမှာ အထိနာနေသည်။

ဟူမင်ဂိုဏ်း၏ ခေတ္တဌာနချုပ် နေရာကို သတင်းအစရ၍ သွားရောက်ခဲ့သော်လည်း တောတွင်း အုံကျော်င်းမှာ မီးရှို့ပျက်စီးနေသည်။

ရန်သူမှာ ခြေရာပျောက်သွားချေပြီ။

ခေါင်းဆောင်ပိုင်းကို ခြေရာခံ လမ်းစ ပျောက်သွားသည်။

ဖေးထိုက်တို့ အဖွဲ့ဝင်များ မြောက်ပိုင်းနယ်မြေ ဖြစ်သည့် ကျေးစီးမြို့ ပတ်ဝန်းကျင် တစ်ခုလုံး ဖြန့်ခွဲ၍ လှုံ့ဆော်သွားလာ လှုပ်ရှားခဲ့သည်။

ရွာလူကြီးများနှင့် ညှိနှိုင်း၍ ရပ်ရွာ လုံခြုံရေး အတွက် ကာကွယ် စောင့်ရှောက်ရန် အစီအမံများ၊ လုပ်ငန်းများ၊ စည်းရုံးလှုပ်ကိုင်၏။

သူတို့၏ လုပ်ဆောင်ချက်များ အတော်ပင် ခရီးပေါက်သည်။



ဟူမင်ဂိုဏ်း၏ လှုပ်ရှားမှု သတင်းကို ရွာခံ အာမခံများ အထောက်တော်များထံမှ သတင်းရ၏။

ကြိုတင် ပြင်ဆင် ကာကွယ်နိုင်သည်။

ချုံခိုတိုက်ခိုက် ချေမှုန်းနိုင်၏။

ရန်သူမှာ အထိနာနေ၏။

သူတို့သည် လုပ်ငန်း တစ်ခုခုကို စီမံ စိုင်းပြင်းနေသည်လော။

ယင်းသို့ တွေးမိသည်နှင့် ဖေးထိုက်သည် လဲလျောင်းနေရာမှ ပေါက်ခနဲ ထထိုင်လိုက်၏။

အခန်းထဲမှာ တိတ်ဆိတ်၍ နေသော်လည်း မည်သည့်နေရာကမှန်းမသိ အရက်မူးသမား တစ်ဦး၏ တစ်ချက်တစ်ချက် တစ်ဆဲဆိုသံ ပေါ်ထွက်နေသည်။

တည်းခိုရိပ်သာ အဆောက်အဦးနှင့် စားသောက်ခန်း အဆောက်အဦးတို့ တစ်ခုနှင့် တစ်ခု မလှမ်းမကမ်း၌ ရှိသေသည်။

သူသည် အပြင်သို့ ထွက်၍ လျှောက်လှမ်းသွားလိုက်သေသည်။

သည်ညတွင် လရောင်မှာ မလင်းတစ်လှည့် လင်းတသှည့် ရှိသည်။

လရောင်အောက်၌ လမ်းဘေး သစ်ရိပ်များ လင်းပေါ် ကျရောက်နေ၏။

www.burmeseclassic.com



မြေညီလမ်းမှာ ကွေ့ကွေ့ကောက်ကောက်ရှိပြီးထိုကွေ့ကောက်သော လမ်းမပေါ်တွင် လရောင်မှာ ပျောက်တိပျောက်ကျား ရှိသည်။

ညဉ့်နက်ပြီ ဖြစ်သဖြင့် မြေညီလမ်း တစ်လျှောက် တစ်ယောက် တစ်ဦးကိုမျှ မတွေ့ရချေ။

ထိုအချိန် စားသောက်ဆိုင်ဖက်မှ ရွေ့လျားလာနေသည့် အရိပ်တစ်ခုကို တွေ့လိုက်ရသဖြင့် လမ်းဘေးသစ်ပင် တစ်ပင်၏ ပင်စည်ဘေး ရုတ်တရက် ဝင်ကပ်လိုက်သည်။

ထိုအရိပ်မှာ နီးကပ်၍ လာ၏။

အံ့သြအချ ကြည့်လိုက်သောအခါ မိမိတို့ တည်းခိုစားသောက်ဆိုင်မှ ရင်းနှီးသော ဆိုင်လုလင် ကောင်လေးဖြစ်နေသည်ကို သိလိုက်၏။

ထို့ကြောင့်....

သစ်ပင်မှခွာ၍ မူလအတိုင်း လမ်းပေါ် ရှုခြေမပျက် ပြန်လျှောက်လာသည်။

ဆိုင်လုလင် ကောင်လေးမှာ ဆိုင်ထဲတွင် အိပ်ပုံမရပါချေ။

အလုပ်တာဝန် ပြီးဆုံး၍ အိမ်ပြန်လာဟန် ရှိသည်။

'ကျွန်တော်က ဘယ်သူလဲလို့ ကြည့်နေတာ၊ ဆရာပါလား'



ဆိုင်လုလင်လေးက ပြောသည်။

ဖေးထိုက်က....

စကားပြောရ ကောင်းမလား၊ မပြောဘဲနေရင်ကောင်းမည်လား။

စဉ်းစားရင်းက ပြောဖြစ်လိုက်သည်။

'မင်း အိမ်ပြန်မလို့လား'

ဆိုင်လုလင်က—

'ဟုတ်ကဲ့ဆရာ'

ဖေးထိုက်က....

'ငါတစ်ခုလောက် မင်းကို အကူအညီတောင်းချင်တယ်၊ မင်းပေးနိုင်လား'

'ပြောပါဆရာ၊ ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီပါ့မယ်'

'အေး....ငါတို့ ဟူမင်ဂိုဏ်းကို ဖြိုခွဲဖို့ လိုက်နေတယ်၊ အခုသူတို့သတင်း ပျောက်နေတယ်၊ မင်းက ဒီမြို့မှာ အနေကြာတော့ သူတို့ကို သိမလားလို့'

ဆိုင်လုလင်က ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ ဆရာ၊ ဒီဒုစရိုက်ဂိုဏ်းကို ကျွန်တော် ရွံမုန်းတယ်၊ သူတို့ကို ကြောက်နေလို့သာ၊ နေ့လည်က သူတို့ဂိုဏ်းသား အချို့ ဆိုင်လာပြီး စားသေးတယ်၊ မနေ့တိုင်း လာစားနေကြ လူတွေပဲ....

www.burmeseclassic.com



'သူတို့ခိုင်းကို ကျွန်တော် ကိုင်ရတယ်၊ နားစွန်နားဖျား ကျွန်တော် ကြားလိုက်မိတယ်၊ ဘာတဲ့...ရှောက်ကုန်းရွာကို ဝင်တိုက်ပြီးရင် တို့ကောင်းကောင်း သုံးနိုင်ဦးမယ်တဲ့၊ ကျွန်တော်လဲ ကြောက်တာနဲ့ ခပ်ဝေးဝေးကပဲ မယောင်မလည် နေရတယ်၊ သူတို့ ရှောက်ကုန်းရွာကို မနက်ဖြန်ည သန်းခေါင်အချိန်မှာ ဝင်တိုက်မယ့်ပုံပဲ ဆရာ'

ဟု သူသိသလောက် အကြောင်းစုံကို ပြောပြလိုက်လေသည်။

ဖေးထိုက် ဝမ်းသာသွားသည်။

'ဟာ...သိပ်တန်ဖိုးရှိတဲ့ သတင်းပါပဲ၊ ညီလေး ကျေးဇူးတင်တယ်ကွာ၊ အခုလို သတင်းပေးတာ အစ်ကို ဂုဏ်ယူပါတယ်၊ ညီလေး အိမ်ကို တန်းတန်းမတ်မတ်ပြန်၊ ဒီစကားကို ဘယ်သူ့မှ မပြောနဲ့ အစ်ကို သွားလိုက်ဦးမယ်'

'ဟုတ်ကဲ့ ဆရာ'

ဆိုင်လုလင်မှာ အသက် ဆယ့်ငါးနှစ်ခန့်ရှိပြီး လူရိပ်လူကဲ ကောင်းစွာ အကဲခတ်တတ်နေပြီဖြစ်သည်။

မိမိစားသောက်ဆိုင်တွင် နိစ္စဓူဝ ရှိနေသူတစ်ယောက်ဖြစ်သဖြင့် စားသောက်ရန် လာသည့် လူတွေအကြောင်း သဘောပေါက် နားလည်ပေလိမ့်မည်။

ဖေးထိုက်သည် သတင်းဆက် ပျောက်နေသော ဘူမင်ဂိုဏ်း၏ လှုပ်ရှားမည့် အစီအစဉ်ကို သိရလေပြီ။



မနက်ဖြန် နံနက်စာလာစားမည့် ဂိုဏ်းသား အချို့ကို စစ်ဆေးလိုက်လျှင် ရရှိသော သတင်း ခိုင်လုံ၍သွားပေလိမ့်မည်။

ထို့နောက်...

သူသည် ဝမ်းသာစွာဖြင့် ဟည်းခိုရိပ်သာသို့ ပြန်သွားလေသည်။

...o...

၄

နောက်တစ်နေ့...

နံနက် စားသောက်ချိန်တွင် ဖေးထိုက်နှင့်အဖွဲ့ စားသောက်ဆိုင်စားပွဲတွင် ရုပ်ဖျက်ထိုင်ရင်း အခြေအနေကို စောင့်ကြည့်၍ နေသည်။

စားသောက်သူများ စည်ကားစ ပြု၍လာသည်။

မကြာပါ။

လက်နက်ကိုင် သိုင်းသမား သုံးယောက်တို့ ဆိုင်ထဲဝင်လာသည်။

သီးသန့်စားသောက်ခန်းထဲ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က ညာက စားပွဲထိုးလူငယ်ကိုခေါ်၍ တီးတိုး ပြောလိုက်သည်။

သေချာသည်နှင့် သူသည် ဆိုင်ရှင်နှင့် တီးတိုး ညှိနှိုင်းလိုက်ပြီး....

ထိုသူတို့ စားသောက်ဖွယ်ရာများအတွင်းကို အိပ်ဆေး ထည့်ပေးလိုက်သည်။

သိုင်းသမား သုံးဦးတို့မှာ သေငက်စားမူးရစ်ပြီး အိပ်ပျော်၍ နေသည်။

ဖေးထိုက်တို့ အဖွဲ့လွယ်ကူစွာ ဖမ်းဆီးလိုက်သည်။

ထိုသူတို့အား စစ်ဆေးမေးမြန်းရန် စားပွဲထိုး၏သတင်း ပေးချက်အတိုင်း မှန်ကန်လေသည်။

ထို့နောက်....

ဖေးထိုက်နှင့် အဖွဲ့ဝင်တို့သည် စီစဉ်စရာများကို အလျှင်အမြန် ဆက်သွယ်စီစဉ်လိုက်သည်။

ရှောက်ကုန်းကျေးရွာမှာ ကွေ့စီးမြို့နှင့် မဝေးပါ။

တစ်နာရီ ခရီးမျှသာရှိသည်။

မကြာမီ....

ပွဲကြီးပွဲကောင်း နွှဲရပေတော့မည်။

....o....



ဖေးဆိုက်....

အဆိပ်အား သိန်းငှက် ထောက်လှမ်းရေး အဖွဲ့များနှင့် မြို့စားကြီး၏ တပ်ဖွဲ့ဝင်များ အစုံအလင်ရှောက်ကုန်းရွာသို့ ညနေပိုင်းတွင် ရှုပ်ဖျက်ရောက်ရှိ၍လာသည်။

ကြာလှပေ။

ရွာရှိသက်ကြီးရွယ်အိုများ ကလေးသူငယ်များနှင့်မိန်းမများကို လုံခြုံရာ ပို့ထားလိုက်သည်။

ရွာလူကြီးနှင့် အရွယ်ရောက်သူ ရွာသူ ရွာသားမှန်သမျှ ရရာလက်နက်ဖြစ်သော တုတ်၊ ဓား၊ ဒူးလေး၊ ဝါးချွန်၊ အသင့်ပြင်ဆင်လျက်ရှိသည်။

ထို့စဉ်....

ဆက်သားတစ်ယောက်က ရုတ်တရက် ရောက်ရှိ၍ သာ ပြီး....

'ဆရာ ဖေးထိုက် ခင်ဗျာ၊ ရွာရဲ့ တောင်အက် ငါးလီ အကွာမှာ ဟူမင်ကိုကျဲက, တိုက်ခိုက်ရေးသမား သုံးဆယ် ကျော်လောက် စုဝေးရောက်ရှိနေပါတယ် ခင်ဗျာ'

ဟု လာရောက်သတင်းပို့လေသည်။

အားလုံးမှာ မကြာမီ တိုက်ပွဲ ဆင်နွှဲရတော့မည် ဖြစ်သဖြင့် စိတ်အားထက်သန်စွာ တက်ကြွသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေးထုံက်က....

'ကဲ....ကျုပ် ပြောတဲ့အတိုင်း ဟူမင်ဂိုကျားဟာ မကြာမီ ရောက်လာကြတော့မယ်'

သူတို့အားလုံးကို တစ်ချက်ဝေ့ကြည့်ရင်း....

'အားလုံးဘဲ ကျွန်တော် စီစဉ်ပြောထားတဲ့အတိုင်းလုပ်ကြပါ၊ အစီအစဉ်ကို နောက်တစ်ခေါက်လောက် ပြန်ပြောပါဦးမယ်၊ မရှင်းလင်းသေးတာရှိရင် ပြန်မေးနိုင်ပါတယ်၊ မြို့စားကြီးရဲ့ တပ်မှူး ကျင့်ကန်းအဖွဲ့က ရွာဦး ရှေ့ဆုံးက နေရာယူမယ်၊ အဖွဲ့နှစ်ခေါင်းဆောင် အဆိပ်ဓား သိန်းငှက် အဖွဲ့က ရွာအနောက်ဘက်ကို တာဝန်ယူမပါ၊ အဖွဲ့သုံးနဲ့ ကျွန်တော့် အဖွဲ့က ရွာလယ်ဗဟိုက နေရာယူမယ်၊ ကျန်အဖွဲ့ဝင်များနဲ့ မြို့စားတပ်ဖွဲ့က ရွာသားအဖွဲ့တွေနဲ့အတူ ရွာရိုးတစ်လျှောက် ဖြန့်ခွဲနေရာယူထားကြမယ်၊ ရန်သူဘယ်က ပေါက်လာ ပေါက်လာ အပြတ်သာ ရှင်းကြပေတော့ အားလုံးတဲရှင်းကြရဲ့လား'

'ရှင်းပါတယ် ဆရာဖေးထုံက်'

'ကဲ....ဒါဆိုရင် အဖွဲ့ခေါင်းဆောင်တွေ အသင့်နေရာယူ ပြင်ဆင်ထားပေတော့'

ထို့နောက်....

ဖေးထုံက်သည် လိုအပ်သလို စီစဉ်ညွှန်ကြားပြီးနောက် အားလုံး အဖွဲ့များ လူစုခွဲလိုက်ကြသည်။



ပထမ ကင်းစခန်းမှာ ရွာအဝင် တောင်ကုန်းထိပ်တွင် ဖြစ်ပြီး....

ရန်သူကို စီး၍ မြင်နိုင်သည်။

ထိုကင်းတွင် ကျင့်ကန်းဦးစီးသော အဖွဲ့ဝင်များနှင့် လေးမြား ဒူးလေးကိုင် ရွာသားသိုင်းသမားအချို့ တိုက်ခိုက်ရန် အသင့်နေရာယူပြီးဖြစ်လေသည်။

မကြာမီ....

ညဉ့်နက်၍ လာသည်။

ရန်သူတို့သည် အဝေးမှ မြင်းများရှန်းစိုင်းစီးနင်း၍လာနေကြသည်။

လက်တွင် မီးတုတ်ကိုယ်စီ ထွန်းညှိကိုင်ဆောင်ထားသည်။

ဆီးနှင်းခဲများကို မြင်းခွာများက ယက်ထုတ်ပြေးဝင်လာသဖြင့် မီးတုတ်မီးရောင်အောက်၌ ဖွားခနဲဖွားခနဲ မြင်နေရသည်။

ဟူမင်ဂိုကျားသည် ရွာအဝင် တောင်ကုန်းဘေး လှည်းလမ်းကြောင်းအတိုင်း ရွာအတွင်း ဝင်ရောက်ပေပြီ။

ရရှိသော သတင်းအရ ရန်သူအင်အားမှာ သုံးဆယ်ငါးယောက်ခန့် ရှိသည်။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ကန်းသည် အင်အား နှစ်ဆယ်ခန့်အား ရွာထဲသို့ လွှတ်ပေးလိုက်သည်။

ရန်သူကို ကျုံးသွင်းသည့်သဘော ဖြစ်သည်။

ထို့နောက်....

နောက်ဆုံးလက်ကျန် အင်အားတစ်ဆယ်ခန့် တောင်ကုန်းဘေး အဖြတ်တွင် သူသည် လက်တွင်ကိုင်ဆောင်ထားသော လေးမြားကို ပစ်လွှတ်လိုက်ပြီး တိုက်ပွဲကို စတင်လိုက်သည်။

'ဝှစ်....'

အသင့်နေရာယူထားသော ရှေ့ကင်းမှ တိုက်ခိုက်ရေးသမားများသည် အဝေးပစ်လက်နက်များဖြစ်သော လှံတံမြားတံများ ပစ်လွှတ်လိုက်ကြသည်။

ရန်မျှများသည် မြင်းများပေါ်မှ အားခနဲ အားခနဲ အော်၍ ပြုတ်ကျကုန်သည်။

ဒဏ်ရာနှင့်ခုခံသော ရပ်သူကို သူ့အပါအဝင် သိုင်းသမားများက အနီးကပ် ချေမှုန်းပစ်လိုက်သည်။

မကြာပါ။

နောက်ဆုံးမှ ချီတက်လာသူအားလုံး တစ်ယောက်မကျန် သေဆုံးသွားသည်။

'ဟုတ်ပြီ....နောက်ပိတ်ရန်သူကို ချေမှုန်းနိုင်ပြီ၊ ရွာထဲဝင်ပြီး ကူညီတိုက်ကြစို့'



သူက ရှေ့ကင်းမှလူများကို ပြောလိုက်သည်။

ရွာလယ်ဗဟိုတွင် ထောက်လှမ်းရေးအရာရှိ ဖေးထိုက် ခေါင်းဆောင်လျက် တိုက်ပွဲအကြီးအကျယ် ဖြစ်နေ၏။

ရန်သူများ အတုံးအရုံးသေဆုံး၍ အလူးအလဲ ခံနေရသည်။

နေရာအနှံ့ ဖြန့်ခွဲထားရှိသော တိုက်ခိုက်ရေးသမားများ၏ စနစ်တကျ တိုက်ခိုက်မှုအောက်တွင် ရန်သူများမှာ မရှုမလှ ခံနေရသည်။

ဖေးထိုက်မှာ ဟူမင်ဂိုဏ်းချုပ်ကို တိုက်ခိုက်ရင်း ရှာဖွေနေသည်။

ဂိုဏ်းချုပ်မှာ သူ၏ အဓိကပစ်မှတ်ဖြစ်သည်။

မကြာပါ။

ခေါင်းတွင် ခေါင်းစွပ်အနက်စွပ်ထားပြီး ဝတ်ရုံနက်ဝတ်လူတစ်ဦး မလှမ်းမကမ်းတွင် မြင်းပေါ်မှ အမိန့်ပေးတိုက်တိုက်နေသည်ကို မြင်လိုက်သည်။

သူ၏တိုက်ခိုက်ပုံမှာ အတွင်းအားပြင်းထန်ပြီး ရက်စက်သည်။

သူနှင့်ယှဉ်တိုက်နေသော မိမိတိုက်ခိုက်ရေးသမား နှစ်ဦးတို့ ဒဏ်ရပြီး လဲကျသွားသည်ကို ဖေးထိုက် မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လဲကျသောသူတို့ကို ခေါင်းစွပ်နှင့်လူက လှမ်း၍ခေါ်ခြင်း ထိုးမည်အပြု ဖေ့ထိုက်က လက်နက်ပုန်းတစ်ခုကိုထုတ်၍ ပစ်ပေါက်လိုက်သည်။

တစ်ဆက်တည်း....

ခေါင်းစွပ်လူဆီ ခုန်လွှားဝင်လိုက်သည်။

လက်နက်ပုန်းမှာ ခေါင်းစွပ်နှင့်လူ၏ ဦးတည်ရာ ခား ဂမ်းကြောင်းမှ ချော်ပြီး လက်ကောက်ဝတ်မှာ ထုံ့ကျဉ် ၍သွားသည်။

ဖေ့ထိုက်ပစ်လွှတ်လိုက်သော လက်နက်ပုန်းမှာ အတွင်း အား အပြည့်ပါသည်။

'ဟေ့....မင်းဘာကောင်လဲ'

ဂိုဏ်းချုပ်က မခေကျမနပ်ဟန်ဖြင့် ခေါင်းစွပ်အတွင်းမှ စူးစူးရဲရဲကြည့်ပြီး မေးလိုက်သည်။

'လူဆိုးထိန်းဖေ့ထိုက်တဲ့ကွ မတရားတာကြည့်မကောင်း ပါဘူး၊ ခင်ဗျားတို့ တစ်ဖွဲ့လုံးကို ရဲပြည်ပို့ပေးမယ်'

သူက ပြောပြောဆိုဆို ရတနာခေါ်ဖြင့် မြင်းပေါ်မှ ဂိုဏ်းချုပ်ထံ ခုန်ပျံ တိုက်ခိုက်လိုက်သည်။

ရန်သူကလည်း ပြန်လည်တိုက်ခိုက်နေ၏။

သူနှင့်ဂိုဏ်းချုပ်တို့ တိုက်ခိုက်နေသလို မလှမ်းမကမ်း၌ ကျင့်ကန်းနှင့် ချန်းမိတို့ ယှဉ်ပြိုင်နေသည်။



နေရာတိုင်း၌ ရှုတ်ရှုတ်သဲသဲ လူမ်ရှားတိုက်ခိုက်နေလေ သည်။

တုန္နင့်ပုမှာ နှစ်ဖက်သွားဓားမြှားကြီး တဝင့်ဝင့်ဖြင့် ထိုးဖောက်တိုက်ခိုက်နေစဉ် ထိုနေရာသို့အဆိပ်ဓားသိမ်းငှက် ရောက်ရှိလာပြီး အဖွဲ့ဝင်နှစ်ယောက်ကို နောက်ဆုတ်စေပြီး တုန္နင့်ပုတို့ကို ရင်ဆိုင်လိုက်သည်။

မာန်သွင်းသံ၊ ကြုံးဝါးသံ၊ လက်နက်ချင်းထိခတ်သံများ ဆူညံစွာ ထွက်ပေါ်နေ၏။

ရှာရိုးတစ်လျှောက် ဖြန့်ခွဲနေရာယူထားသော လက်ရွေး စင် သိုင်းသမားများနှင့် ရွာခံသိုင်းသမားတို့ ဟိုမှသည်မှ အလျှိုလျှိုပေါ်ထွက်လာပြီး ရန်သူများအား ချေမှုန်းသုတ် သင်လျက် ရှိသည်။

ရန်သူများမှာ အခြေအနေမကောင်းပါ။

စနစ်တကျ ဖြန့်ခွဲနေရာယူ စီစဉ်တိုက်ခိုက်မှုအောက်၌ အလူးအလဲခံနေရသည်။

အတိုးအရှုံး ကျဆုံးလျက်ရှိသည်။

ရန်သူအချို့၏ မီးတုတ်လက်ချက်ကြောင့် အိမ်သုံးလုံး မျှ မီးလောင်နေသည်။

ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ရွာသူရွာသားများက မီးလောင်အိမ်များကို လက်ရွေးစင်သိုင်းသမားများ၏ အကူ အညီဖြင့် မီးငြိမ်းသတ်လျက်ရှိနေ၏။

www.burmeseclassic.com



ဖေးထိုက်မှာ ရန်သူဂိုဏ်းချုပ်နှင့်ယှဉ်နေစဉ် ငေး်ကျင်ကို အကဲခတ်ကြည့်လိုက်ရာ မိမိဘက်မှ အခြေအနေ အသာစီးရနေသည်ဖြစ်ကြောင်း သိလိုက်သည်။

ထို့ကြောင့်....

ရန်သူကို အပြတ်ဖျက်ရန် အတွင်းအားစုစည်းလိုက်ပြီး ရတနာကျောက်စီဓားဖြင့် အပြင်းအထန် တိုက်ခိုက်လိုက်ရာ ရန်သူဂိုဏ်းချုပ်မှာ စတ်ရုံကြီးကို ဝဲဖြန့်ရင်း လွှားခနဲ မြင်းပေါ်မှ ခုန်ဆင်းလိုက်ရသည်။

'ခင်ဗျားအတွက် နေဝင်ချိန်ရောက်ပြီ'

ဖေးထိုက်က ရန်သူကိုဆွပေးလိုက်သည်။

'နေဝင်ချိန်ရောက်တာက မင်းကွ'

'ဟား....ဟား....ဟား စမ်းကြည့်ပါဦး ဟူမင်ရေ'

'ကိုင်းကွာ'

ဟူမင်ဂိုဏ်းချုပ်မှာ အတွင်းအားအပြည့်ဖြင့် ကိုယ်ဖော့အားကို သုံး၍ရပ်လျက် ကိုယ်ကို တစ်ပတ်ရစ်ပတ်လိုက်လေသည်။

'ဂွစ်'

'ဂွီး....'

လက်တွင်းမှဓားဖြင့် မြွေပေါက်သလို ကိုယ်ကိုဆန့်ထုတ်လိုက်ပြီး....

ဖေးထိုက်အား ထိုးသွင်းလိုက်သည်။



ကြောက်မက် ဖွယ်ကောင်းသော အတွင်းအားပါသည့် ထိုးနက်ချက်ပင်....

ဖေးထိုက်က လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် ဘေးသို့ ခုန်သွားပြီး ရတနာမကျောက်စီဓားကို ဝေ့ယမ်းလိုက်သည်။

'ဂွစ်'

'အား'

ရတနာ့ကျောက်စီဓားချက်မှာ လျှင်မြန်လွန်းသည်။

ရန်သူ ဟူမင်သိုင်းဆရာကြီး၏ လက်မောင်းကို ရှပ်ထိ၍ သွားသည်။

သွေးများ စီမ့်ထွက်၍ လက်မောင်းတစ်ခုလုံး စိုရွှဲ၍ သွားသည်။

ဟူမင်သိုင်းဆရာကြီးက ဒဏ်ရာကိုအမှုမထားဘဲ တရစပ် ပြန်လည် တိုက်စစ်ဆင်လေသည်။

သူသည် သိုင်းကွက်(၂၀)မျှ ဆက်တိုက်ခိုက်သည်။

'ယား'

'ဂွီး....ဂွီး'

'ဂွစ်....ဂွစ်'

'ယှီစ်....'

သို့သော်....

သူ၏ တိုက်ခိုက်မှုမှာ ဖေးထိုက်အား ထင်သလောက် ထိခိုက်ခြင်း မရှိဘဲ....

www.burmeseclassic.com

www.burmeseclassic.com



ရတနာကျောက်စီဓား၏ ဓားချက်ကသာ သူ၏ခန္ဓာအနှံ့ ဒဏ်ရာများ ရရှိသွားစေသည်။

'ခင်ဗျားလက်နက်ချလိုက်ပါ ဟုမင်းသိုင်းဆရာကြီး၊ကျုပ် ခင်ဗျားကို မသတ်ချင်ဘူး၊ ကျုပ်တို့ တိုင်းပြည်မှာ ခင်ဗျား လို သိုင်းပညာရှင်တွေ အများကြီး လိုအပ်တယ်၊ ခင်ဗျား ကသာ အေးအေး အဖမ်းခံမယ်ဆိုရင် ခင်ဗျားကို သက်သက် ညှာညှာ ကျုပ်တို့ စီစဉ်ပေးမှာပါ'

ဖေးထိုက်က တိုက်ခိုက်ရင်း ယင်းသို့ ပြောလိုက်မိလေ သည်။

အမှန်တော့...

သူသည် ဆရာကြီးအား ညှာ၍ တိုက်ခိုက်နေခြင်းသာ ဖြစ်၏။

သို့သော်...

ဤသည်ကို သဘောမပေါက်သော ဟုမင်းသိုင်းဆရာကြီး ကား...

'မင်း ဘာမှ ကျုပ်ကို နားချစရာ မလိုပါဘူး၊ ကျုပ်က မိုက်လို့ လူမိုက်လုပ်နေတာ၊ ဘယ်သူ့အမိန့်ကိုမှ မနာခံချင် လို့ ခေါင်းဆောင်လုပ်နေတာ၊ မင်း ကျုပ်ကို အသေသတ် နိုင်ရင် သတ်လိုက်၊ ဘာမှ ပြောမနေနဲ့'

ဟု ပြောရင်း ဖေးထိုက်အား ဖိ၍ တိုက်ခိုက်လိုက်လေ သည်။



ဖေးထိုက်က...

'စဉ်းစားပါဦး သိုင်းဆရာကြီး၊ ခင်ဗျားလဲ ဒဏ်ရာ ပြင်းစွာ ရသွားပါပြီ'

ဆရာကြီးက...

'ကျုပ် ဒီလောက်လေး ဒဏ်ရာရသွားတာကို မင်းကိုယ် ကိုယ်ကို အထင်ကြီးမနေနဲ့၊ ကျုပ်က မင်းကို အလျှော့ပေး ထားလို့၊ ဒီတစ်ခါတော့ မင်းကို ကျုပ် ဘယ်လိုနည်းနဲ့မှ အလျှော့မပေးတော့ဘူး'

သူက ပြောရင်း ဖေးထိုက်အား ဖိ၍ တိုက်ခိုက်နေတော့ သည်။

တိုက်ပွဲသည် ဟိုတစ်စု သည်တစ်စုနှင့် ပြင်းထန်စွာ ဖြစ် ပွားနေဆဲ...

မြို့စား၊ တပ်မှူး ကျင့်ကန်းတို့ဘက်မှ တိုက်ပွဲက သိသာ သာပြီဖြစ်သည်။

ရန်သူများ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးကုန်ကြ သည်။

အားရဖွယ် ကောင်းလှ၏။

ဤသို့ဖြင့်...

မကြာမီမှာပင် ဟုမင်ဂိုဏ်းသားများ အတုန်းအရှုံး လဲ ၍ သေဆုံးကုန်ကြလေ၏။

www.burmeseclassic.com

သို့သော်....

အရှုံးအနိုင် အဖြေမရသေးသည်က ဟူမင် သိုင်းဆရာကြီးနှင့် ဖေးထိုက်တို့၏ တိုက်ခိုက်မှုပင် ဖြစ်သည်။

....o....



ဖေးထိုက်သည် ဟူမင် သိုင်းဆရာကြီးအား ညာ၍ မာ တော့သည်ကို နားလည်လိုက်၏။

ထို့ကြောင့်....

သူသည် ဟူမင်သိုင်းဆရာကြီးအား ဖိတ်ထိုက်ရန် ဆုံးဖြတ် ချက်ချလိုက်၏။

ယင်းသို့ ဆုံးဖြတ်ချက် ချလိုက်သည်နှင့် သူ၏တိုက်ခိုက်မှု အရှိန်မှာ မြင့်သွား၏။

သိုင်းဆရာကြီးမှာ နောက်သို့ တစ်ဆုတ်တည်းဆုတ်သွား သည်။

ဤတစ်ကြိမ်....

သိုင်းဆရာကြီးသည် ဖေးထိုက်တို့က တိုက်ခိုက်လာလိမ့် မည်ကို ကြိုတင်သိထားခြင်း မရှိသောကြောင့် ယုတ်မာသည့် အကြံအစည်ကို ကြိုတင်၍ ပြုလုပ်ထားနိုင်ခြင်း မရှိတော့ပါ ချေ။

ထို့ကြောင့်....

သူသည် သိုင်းပညာကိုသာ အသုံးပြု တိုက်ခိုက်နေရလေ သည်။

သို့သော်....

ယခု သူရင်ဆိုင်နေရသော လူများ အဆင့်မြင့်သိုင်းပညာ ရှင်၊ ရတနာကျော်ကစ်မေးမိုင်ရှင် ထောက်လှမ်းရေးမှူး လူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးထိန်း အရာရှိ ဖေးထိုက် ဖြစ်နေသောကြောင့် သူ့အဖို့ အနိုင်တိုက်ခိုက်နိုင်ခြင်း မရှိသည့်အပြင် နောက်သို့ တဆုတ်တည်း ဆုတ်နေရသည်။

ထိုအချိန်...

ချန်းမိသည် မည်သို့မည်ပုံ ရောက်ရှိလာသည် မသိ။

သူက ဟွာမင် သိုင်းဆရာကြီးဘက်မှနေ၍ ဖေးထိုက်အား စိုင်းဝန်းတိုက်ခိုက်လာသည်။

....o....



ဟွာမင်သိုင်းဆရာကြီးအား အနိုင်ရခါနီးမှ စစ်ကူရောက်လာသောကြောင့်...

ဖေးထိုက်က အနည်းငယ် စိတ်ဓာတ် ကျသွားသည်။

သူက ဒေါသထွက်သွား၍ ချန်းမိဘက်သို့ ဖိ၍တိုက်ခိုက်လိုက်သည်။

သို့သော်...

ချန်းမိကလည်း ခေသူတစ်ယောက် မဟုတ်ပေ။

ထို့ကြောင့်...

ချန်းမိအား လွယ်လွယ်နှင့် အနိုင်ရနိုင်မည် မဟုတ်သည်ကို သူက နားလည်ထားသည်။

သူက ဂရုတစိုက်နှင့် အဆင့်မြင့်သိုင်းကွက်များကိုအသုံးပြု၍ တိုက်ခိုက်လိုက်၏။

ထိုအခါ...

ဖေးထိုက်လက်ထဲမှ ရတနာ ကျောက်စီဓားမှာ မီးတုတ်များ၏ အလင်းရောင်အောက်ဝယ် လက်ခနဲ လက်ခနဲတဖျပ်ဖျပ်လင်းလက်၍ နေသည်။

ဟွာမင် သိုင်းဆရာကြီးနှင့် ချန်းမိတို့၏ လက်နက်များမှာ ရတနာကျောက်စီဓားအား ထိုးဖောက်၍ မရဘဲ ဖြစ်နေလေသည်။

အခြားနေရာများတွင် တိုက်ပွဲမှာ ပြီးဆုံးသွားပြီမို့ မြို့စားကြီး၏ တပ်မှူး ကျွင့်ကန်း အဖွဲ့နှင့် ဖေးထိုက်၏ဘက်

www.burmeseclassic.com

www.burmeseclassic.com



တော်သားတို့မှာ ဖေးထိုက်တို့၏တိုက်ပွဲကို စိုးရိမ်ကြီးစွာဖြင့် စောင့်ကြည့်နေကြသည်။

တိုက်ပွဲကား ဖြစ်ပွားနေဆဲ။

ချန်းမီက ဟူမင်သိုင်းဆရာကြီးအား....

'ဟူမင် သိုင်းဆရာကြီး ကျုပ်တို့ ဒီအတိုင်း ဆက်တိုက်နေလို့ မဖြစ်ဘူး'

ဟု သတိပေးစကား လှမ်းပြောသည်။

ဆရာကြီးက တိုက်ခိုက်နေရင်းမှ....

'ဘာဖြစ်လို့လဲ'

ဟု ပြန်မေးလိုက်သည်။

ချန်းမီက....

'ကျုပ်တို့ အဖွဲ့သားတွေအားလုံး ကျဆုံးကုန်ပြီဗျ၊ အချို့လဲ ကြောက်လန့်ပြီး ထွက်ပြေးသွားကြပြီ၊ အခြေအနေအရ ကျုပ်တို့ ဒီအတိုင်း ဆက်တိုက်နေလို့ အလကားပဲ၊ နောက်ဆုံး ဘာဖမ်းခံရလိမ့်မယ်'

ဆရာကြီးက...

'ဒါဖြင့်...မင်းက ဘာလုပ်ချင်လို့လဲ'

ချန်းမီက....

'ကျုပ်တို့ ထွက်ပြေးကြမယ်'

ဆရာကြီးက....

'ဒီလိုထွက်ပြေးရင် ကျုပ်နာမည် ပျက်သွားမှာပေါ့'



ချန်းမီက ဒေါသထွက်သွားပြီး....

'ဟာ...ခင်ဗျားကလဲ အရေးထဲမှာ အသက်ထက် ဘာမှ အရာမှ တန်ဖိုးမရှိဘူးဗျ၊ လောလောဆယ် အသက်မသေဖို့ အရေးကြီးတယ်၊ ကျုပ်က ကျုပ်ဘာသာ ကျုပ် ထွက်ပြေးလို့ ရတယ်၊ ခင်ဗျားကို ဂိုဏ်းချုပ်တစ်ယောက်အနေနဲ့ ကယ်တင်ရမယ့် တာဝန်ရှိလို့ ကျုပ်ခင်ဗျားအတွက် ဝိုင်းကူတိုက်ပေးနေတာ'

သူက ဆက်၍...

'အခု အခြေအနေကမှ မဟန်တော့တာ'

ဆရာကြီးက ပါးစပ်ပိတ်သွားသည်။

သူတို့ပြောနေသော စကားများကို ကြားနေရသည့် ဖေးထိုက်ကလည်း ဝင်၍....

'ခင်ဗျားတို့ ထွက်ပြေးဖို့ မကြိုးစားနဲ့၊ ခင်ဗျားတို့ မနိုင်မှန်းသိရင် လက်နက်ချတာဟာ ခင်ဗျားတို့အတွက် ပိုအဆင်ပြေပါတယ်၊ ခင်ဗျားတို့ ထွက်ပြေးရင် ကျုပ်တို့က မြစ်တဲ့နည်းနဲ့ ဖမ်းဆီးရမှာပဲ'

ဆရာကြီး ဒေါသထွက်သွားကာ....

'မင်းဖမ်းနိုင်ရင် ဖမ်းပေါ့၊ အေး...ငါတို့က ဒီတစ်ခါ အငိုက်မိသွားလို့ ခံလိုက်ရပေမယ့် ငါတို့လွတ်သွားခဲ့ရင် မင်း ဆမင်းကောင်းကောင်းစားသွားလို့ မှတ်ထားခဲ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြီးသည်နှင့် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်။

ထို့နောက်....

သူ၏ခန္ဓာကိုယ်မှာ မီးတုတ်များ ကိုင်ဆောင်ထားသော ဥပဒေဘက်တော်သားများအပေါ်မှ ကျော်လွှားခုန်ပျံသွားလေသည်။

ဟူမင်သိုင်းဆရာကြီး ထွက်ပြေးသွားသည်ကို သိလိုက်သဖြင့်....

ဖေးထိုက်က ဟူမင်သိုင်းဆရာကြီးဘက်သို့ အာရုံရောက်သွားစဉ်....

ချန်နုမိလည်း အခွင့်ကောင်းကိုယူ၍ သူလည်း ဆရာကြီးနောက်မှ ပြေးလိုက်သွားလေတော့သည်။

ထိုအခါကျမှ....

ကြောင်အမ်းအမ်းဖြစ်သွားသော ဖေးထိုက်က သတိပြန်ဝင်လာပြီး....

'ကျင့်ကန်း...ချန်သူကို မြားနဲ့ပစ်ဖမ်းပါ'

ဟု အော်ဟစ်လိုက်လေသည်။

ဖေးထိုက်၏အသံကိုကြားသည်နှင့် ကျင့်ကန်းသည် လက်ထဲမှ လေးကိုတင်၍ ကိုယ်ဖော့ပညာကိုအသုံးပြုကာ ပြေးလွှားသွားနေသော ချန်နုမိတို့ထံသို့ ချိန်ရွယ်ပစ်ခတ်လိုက်လေသည်။



ကျင့်ကန်းသည် မြားပစ်ချန်ပီယံတစ်ယောက် ဖြစ်သောသည်။

ပစ်မှတ်မှ မည်မျှဝေးကွာပါစေ၊ ထိအောင်ပစ်ခတ်နိုင်စွမ်းရှိသည်။

ကောင်းကင်တွင် ပျံဝဲသန်းသွားသော ငှက်ကလေးများကိုပင် သူက မြားနှင့် လှမ်းပစ်၍ဖမ်းနိုင်စွမ်းရှိသည်။

ယခုလည်း....

သူသည် အဝေးသို့ ရောက်ရှိသွားနေပြီဖြစ်သော ဆရာကြီးနှင့် ချန်နုမိတို့အား မြင်းနှင့်ပစ်၍ ဖမ်းဆီးရန်ကြိုးစားလိုက်လေသည်။

သူ ပစ်လွှတ်လိုက်သော မြားတံမှာ မီးရောင်အောက်၌ လက်ခနဲ လက်ခနဲ လျှင်မြန်စွာ ပြေးလွှားရှိနေ၏။

'မြန်လိုက်တဲ့အရှိန်'

ကြည့်နေသော လူများအားလုံးရင်ထဲ၌ ရေရွတ်လိုက်ကြခြင်း ဖြစ်သည်။

ပြေးလွှားနေသူနှစ်ယောက်မှာ ရှေ့နောက်ပြေးလွှားနေကြခြင်း ဖြစ်သည်။

ထို့ကြောင့်....

သူ၏မြားတံကို နှစ်ချောင်းပစ်လွှတ်၍မရဘဲ တစ်ချောင်းတည်းသာ ဦးဆုံးပစ်လွှတ်လိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သော မြားတံမှာ အရှိန်ပြင်းလှသောကြောင့် ချန်းမိတို့နောက်သို့ အမီလိုက်သွားနိုင်သည်။

'အား'

ဒူစရိုက်သမားတစ်ယောက်၏ အသက်ကို ချွေယူလိုက်နိုင်ပေတော့သည်။

....၀....



ချန်းမိမှာ ကျော၌ မြားစိုက်ဝင်ကာ လဲကျသွားသောသည်။

နောက်ဘက်မှ ချန်းမိ၏အသံကို ကြားလိုက်ရသဖြင့် ဆရာကြီးက လှည့်ကြည့်လိုက်ရာ....

ချန်းမိသေဆုံးသွားသည်ကို တွေ့လိုက်ရသည်။

သူက ထိတ်ခနဲဖြစ်သွားသည်၊

ဤအတိုင်း သူကလည်း ဆက်ပြေးနေလျှင် ကျောင့်ကန်း၏နောက်ထပ် ပစ်လွှတ်မည့် မြားချက်အောက်မှ လွတ်နိုင်မည်မဟုတ်သည်ကို တွေးမိလိုက်သဖြင့်....

သူက ဤအတိုင်း ဆက်မပြေးတော့ဘဲ သစ်ပင်တစ်ပင်ပေါ်သို့ ရုတ်တရက်ခုန်တက်လိုက်လေသည်။

ထို့နောက်....

သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူး၍ ဆက်လက်ပြေးသွားလေတော့သည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



ချွန်းမိုးဖဲကျသွားသည်ကို မြင်တွေ့လိုက်သည်နှင့် ကျော့်ကန်းက နောက်ထပ်မြားတစ်ချောင်းကို သရာကြီးထံသို့ ပစ်လွှတ်ရန် ချိန်ရွယ်လိုက်သည်။

ထိုစဉ်....

'မပစ်နဲ့တော့ ကျော့်ကန်း'

ဖေးထိုက်က ဟန့်တားလိုက်သည်။

ကျော့်ကန်းက လှည့်ကြည့်လိုက်ပြီး....

'ဘာ ဖြစ်လို့ လဲ ထောက်လှမ်းရေးမှူး'

ဖေးဖက်က....

'ဟိုမှာကြည့်ပါလား၊ သစ်မင်ပေါ်တက်ပြီး အကာအကွယ်ယူ ပြေးနေပြီ'

ကျော့်ကန်းက....

'ဒါဖြင့် ကျုပ်တို့ဘာယ်လိုလုပ်ကြမလဲ၊ ဒီလူလွတ်သွားလို့ မဖြစ်ဘူး'

ဖေးထိုက်က....

'ကျုပ်....သူနောက်လိုက်သွားမယ်'

ကျော့်ကန်းက....

'ထောက်လှမ်းရေးမှူး တစ်ယောက်တည်း ဖြစ်ပါ့မလား'

ဖေးထိုက်က....

'ဖြစ်ပါတယ်'



ကျော့်ကန်းက....

'သူ့ကို မီနိုင်ပါတော့မလား'

ဖေးထိုက် အဖြေမပေးဘဲ ပြုံးလိုက်သည်။

'ကဲ....ကျုပ်သွားပြီ'

ဟု ပြော၍ ထိုနေရာမှ လျင်မြန်စွာပြေးထွက်သွားခဲ့လေသည်။

တခဏ်အဟွင်းမှာပင်...,

ဖေးထိုက်၏ခန္ဓာကိုယ်မှာ အဝေးသို့ ရောက်ရှိသွားလေတော့သည်။

ဖေးထိုက် ပြေးလွှားထွက်သွားသည့်ပုံကို မြင်လိုက်ကြရသောအခါ....

ကျော့်ကန်းအပါအဝင် အားလုံးသောလူများ၏ ပါးစပ်များ အဟောင်းသား ဖြစ်သွားကြရလေသည်။

နှုတ်မှလည်း....

'ဟာ....ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ'

ဟု ရေရွတ်လိုက်ကြလေသည်။

—၀....

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား'

ဟူမင်းသိုင်းဆရာကြီးမှာ မိမိနောက်သို့ မည်သူမျှ လိုက်လာနိုင်တော့မည် မဟုတ်သည်ကို တွေးမိ၍ သဘောကျသွားရယ်မောလိုက်သည်။

သို့သော်...

သူက ကြာကြာမရယ်မောနိုင်ပေ။

အကြောင်းမှာ...

သူ့နောက်မှ အသံတစ်သံကို ကြားလိုက်ရသောကြောင့် ဖြစ်လေသည်။

'ဟူမင်း...သိုင်းဆရာကြီး...ခင်ဗျား အပင်ပန်းခံပြီး ပြေးမနေပါနဲ့တော့၊ ခင်ဗျားပြေးလဲ လွတ်မှာမဟုတ်ပါဘူး'

ထိုအသံကြောင့်...

ဟူမင်းသိုင်းဆရာကြီးမှာ နောက်သို့ ချာခနဲလှည့်ကြည့်လိုက်မိသည်။

ထို့ အတူ

လူရိပ်တစ်ခု သူ့ထံသို့ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ထို့ အပြင်...

အသံရှင်မှာသည်း ထောက်လှမ်းရေးမှူး ဖေးထိုက်၏ အသံဖြစ်သည်ကို သူက မှတ်မိလိုက်သည်။

ဟူမင်းသိုင်းဆရာကြီးမှာ အလွန့်အလွန် အံ့ဩသွားလေသည်။



သူသည်...

သိုင်းပညာ၌ မိမိအတော်ဆုံးဟု ထင်ထားခဲ့သော်လည်း သူ့ထက်တော်သူ ဖေးထိုက်နှင့် တွေ့ဆုံခဲ့ရသည်။

ထို့ကြောင့်...

ကိုယ့်ကိုယ်ကို သိုင်းပညာ၌ အထင်မကြီးတော့။

ဖခုလည်း....

သူသည် ကိုယ်ဖော့ပညာ၌ သူ့ထက်သာသူမရှိဟု ထင်ထားခဲ့သည်။

မိမိ၏ ကိုယ်ဖော့ပညာအတွက်လည်း ဂုဏ်ယူနေမိသည်။

သို့သော်...

သူ့အထင်နှင့်အမြင် လွဲခဲ့ရပြန်သည်။

ဖေးထိုက်မှာ သူ့အား မီအောင် လိုက်လာနိုင်ခဲ့သည် မဟုတ်ပါလား။

...၀...

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆုံး နိဂုံး

ဖေးထိုက် ပြောသလိုပင်....

မိမိ ဆက်၍ပြေးလျှင်လည်း မလွတ်တော့သည်ကို ဟူမင်သိုင်းဆရာကြီး နားလည်လိုက်သည်။

ထို့ကြောင့်....

သူက ဆက်မပြေးတော့ဘဲ ခြေလှမ်းရုတ်တရက် ရပ်တန့်လိုက်သည်။

ပြီးနောက်....

သူက နောက်လှည့်လိုက်ပြီး ဖေးထိုက်နှင့် ရင်ဆိုင်ရန် အသင့်အနေအထားဖြင့် ရပ်တန့်လိုက်လေသည်။

ဖေးထိုက်က ဟူမင်ဆရာကြီးနှင့်လေးငါးလှမ်းခန့်အကွာတွင် ရပ်တန့်လိုက်သည်။

ဟူမင်သိုင်းဆရာကြီးက ဖေးထိုက်အား စူးစိုက်ကြည့်လိုက်ပြီးလျှင်...



'မင်းကသေချင်လို့ ငါ့နောက်ကို လိုက်လာခဲ့တာနဲ့ တူတယ်'

ဟု မခံချင်အောင် ပြောလိုက်သည်။

ဖေးထိုက်က ပြုံးလိုက်ပြီး....

'ခင်ဗျား ထင်ချင်သလို ထင်၊ ပြောချင်သလို ပြောပါ၊ ကျုပ်ကလဲ ခင်ဗျားကိုပြန်ပြောချင်တယ်၊ ခင်ဗျား မအေးမအေး ဆေးဆေး အဖမ်းခံပါ၊ ခင်ဗျား ခေါင်းမပါချင်ပါနဲ့'

ဟု ပြန်ပြောလိုက်သည်။

ဟူမင်သိုင်းဆရာကြီးက....

'ကျုပ်တစ်သက် ဘယ်တော့မှ အဖမ်းခံမှာ မဟုတ်ဘူး၊ အသက်သာ အသေခံသွားမယ်ဆိုတာ မင်းနားကသည်ထားပါ'

သူကပြောပြီး ဖေးထိုက်အား တိုက်ခိုက်ရန် ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်....

'ဆရာကြီး၊ ကျွန်တော်တို့လာပြီ'

ဟူသော အသံနှင့်အတူ လူနှစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်အား မြင်တွေ့လိုက်ရသောအခါ ဟူမင်သိုင်းဆရာကြီးမှာ အားတက်သွားလေသည်။

'တုံ..ပုံ...'

သူက နှုတ်မှခေါ်လိုက်ကသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်မှာ တုနှင့် ပုပင်ဖြစ်လေသည်။

ဟူမင်သိုင်းဆရာကြီးက....

'မင်းတို့မသေသေးဘူး ဟုတ်လား'

တုနှင့် ပုက....

'ကျွန်တော်တို့ မသေသေးပါဘူး'

ဟူမင်သိုင်းဆရာကြီးက....

'ဒါဖြင့် မင်းတို့က ထွက်ပြေးသွားကြတာပေါ့'

တုက....

'ကျွန်တော်တို့ ထွက်ပြေးတာမဟုတ်ပါဘူး။ လူတို့လူစိုက် ရန်မိမ်နင်းနိုင်မှန်း သိလို့ ဆရာ့ကို ကယ်တင်နိုင်ဖို့ အတွက် စခန်းကို ခဏပြန်သွားတာပါ'

ဟူမင်ဆရာကြီးက....

'မင်းတို့ ဘာလုပ်နေကြတာလဲ'

ပုကပြုံးလိုက်ပြီး သူ၏လက်ထဲမှဓားကို ဟူမင်သိုင်းဆရာ ကြီး၏ လက်ထဲသို့ လှမ်းပေးလိုက်လေသည်။

'ဆရာကြီး....ဒီမှာဓား'

ဟူမင်သိုင်းဆရာကြီးက ခုန်ထွက်သွားသည်။

'ငါ့မှာလဲ ဓားရှိတာပဲ၊ ဓားနှစ်လက်နဲ့ ငါက တိုက်မှာလား'



ပုက ခေါင်းခါယမ်းလိုက်ပြီး....

'မဟုတ်ပါဘူး ဆရာကြီး၊ ဒီဓားမှာ အဆိပ်ပါတယ်၊ ဓားချက် နည်းနည်းလေးထိသွားတာနဲ့ ခဏချင်းမှာပဲ တစ် ကိုယ်လုံးကို အဆိပ်ပျံ့ပြီး သေသွားလိမ့်မယ်'

ဟု ပြောလိုက်သည်။

ထိုစကား ကြားရသောအခါ ဖေးထိုက်မှာ ခေါင်း ချောင်းချောင်း ထွက်သွားလေသည်။

'ခင်ဗျားတို့ တော်တော်ယုတ်မာတဲ့ လူတွေပါလား'

ဟူမင်သိုင်းဆရာကြီးမှာမူ ဒူတာပည့်များ၏ လုပ်ရပ်ကို အာလွန်သဘောကျသွားသဖြင့် ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား၊ ငါ့တပည့်တွေက ဒါမျိုးကျတော့ အငဲကိုးရတာပဲ၊ ဟုတ်တယ် ဒီကောင့်ကိုဒီလိုနည်းနဲ့တိုက်မှ ဖြစ်မှာ'

တုကလည်း ရယ်မောရင်း....

'ဟုတ်တယ် ဆရာကြီး၊ အနိုင်ရဖို့ကသာ အရေးကြီးတာ ဘယ်လိုနည်းပဲ သုံးသုံး၊ ဟား...ဟား'

ဟူမင်သိုင်းဆရာကြီးက လက်တစ်ဖက် ဇွေ့ယမ်းလိုက် သည်။

'မင်းတို့ နောက်ဆုတ်ကြတော့၊ ငါ သူ့ကို အေးအေး ဆေးဆေး ရှင်းဆိုင်နိုင်တယ်'

တုနှင့်ပုက နောက်သို့ဆုတ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်မှာ အလွန့်အလွန် ဒေါသထွက်နေသည်။

'ခင်ဗျားတို့ ဘယ်လိုယုတ်မာတဲ့ နည်းတွေကို သုံးသုံး၊ အမှန်တရားကို ဘယ်သူမှ လက်ပိုက်ကြည့်မနေဘူး၊ တကယ်လို့ ကျုပ်က ခင်ဗျားတို့ကို ဒဏ်မခတ်နိုင်လဲ ကံကြမ္မာက ခင်ဗျားတို့ကို ကောင်းကောင်း ဒဏ်ခတ်လိမ့်မယ်၊ ဒါကို ခင်ဗျားတို့ နားလည်ထားပါ'

ဟူမင်သိုင်းဆရာကြီးက....

'ဟုတ်ကဲ့ပါ ထောက်လှမ်းရေးမှူးကြီး၊ ထောက်လှမ်းမှူးကြီးရဲ့ စကားတွေဟာ အလွန့်ဖဲ တန်ဖိုးရှိပါတယ်၊ ဒီလိုစကားမျိုးတွေ နောက် ထောက်လှမ်းရေးမှူးဆီက ဘယ်တော့မှ ကြားရအောင်မှာ မဟုတ်တဲ့အတွက် ဝမ်းနည်းစရာပါပဲ၊ ဟား....ဟား....ဟား'

ဟု ပြောရင်း အားရပါးရ ရယ်မောလိုက်လေသည်။

သို့သော်....

သူက ဆုံးအောင်ပင် မရယ်မောနိုင်ရှာပါ။

ရယ်သံတစ်ပိုင်းတစ်ပြင့် ရပ်တန့်သွားကာ....

'အား....'

ဟူသော အသံကသာ နောက်ဆက်တွဲ ထွက်ပေါ်လာလေတော့သည်။

တစ်ဆက်တည်း....

ဟူမင်သိုင်းဆရာကြီးမှာ ဒူးထောက်ကာ ကျသွားလေသည်။



အဖြစ်အပျက်မှာ ရုတ်တရက် ပြောင်းလဲ သွားသောကြောင့် ဖေးထိုက်သာမက ဟူမင်သိုင်းဆရာကြီး၏ တပည့်နှစ်ဦးပင် အလွန်အံ့သြသွားလေသည်။

ဟူမင်သိုင်းဆရာကြီးမှာ မည်ကို ဖြစ်သွားပါသနည်း၊

သူ အဘယ်ကြောင့် ရုတ်တရက်အော်ရင်း လဲကျသွားရပါသနည်း။

စဉ်းစားမရ ဖြစ်နေကြ၏။

ထိုစဉ်မှာပင်....

ဟူမင်သိုင်းဆရာကြီး၏ အနောက်ဘက် ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက်လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူအား မြင်တွေ့လိုက်ရသောအခါ ဦးစွာအံ့သြသွားသည်မှာ ထောက်လှမ်းရေးမှူး ဖေးထိုက်ပင် ဖြစ်ပေသည်။

'ကျိုပေါင်....'

ဖေးထိုက်က အံ့သြစွာဖြင့် ရေရွတ်လိုက်သည်။

တစ်ခဏအကြာမှ တပည့်နှစ်ဦးက ... ဟု အသံထွက်သာကြလေသည်။

'မင်း....မင်း'

ကျိုပေါင်က သူတို့အနီးသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာလေသည်။

'ခင်ဗျားတို့ ကျုပ်ကိုမှတ်မိတယ် မဟုတ်လား'

သူက ယင်းသို့လျှောက်လာရင်း ဟူမင်ကိုကျားသားနှစ်ဦးအား မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုန့်ငှ် ပုတ်တို့က ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

ကျော်ပေါင်က ဟူမင်သိုင်းဆရာကြီးအား စိုက်ကြည့်လိုက်ပြီးလျှင်....

'ခင်ဗျားတို့က သောင်းအောင်ယုတ်မာရက်စက်တဲ့ လူတွေပဲ၊ ကျုပ်ကတော့ ခင်ဗျားတို့လိုလူမိုက်တွေနဲ့ ပြိုင်မမိုက်ချင်ပါဘူး။ ဒါပေမယ် ဒီလိုမ ကျုပ်မလုပ်ရင် တန်ဖိုးရှိတဲ့ လူ့အသက်တွေ ဆုံးရှုံးရလိမ့်မယ်၊ ဒီလိုအဖြစ်မျိုး ကျုပ်အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ကျုပ်ကိုခွင့်လွှတ်ပါ'

ဟု ပြောလိုက်လေသည်။

ဟူမင် သိုင်းဆရာကြီးမှာ ကျော်ပေါင်အား မော့ကြည့်လိုက်သည်။

သူက စကား ဆက်မပြောနိုင်တော့ပါ။

မြေပြင်ပေါ်သို့ ဒွေခနဲ လဲကျသွားလေသည်။

ထိုအခါကျမှ....

ဟူမင်သိုင်းဆရာကြီးကျော၌ ဓားနှစ်လက်က စိုက်ဝင်နေသည်ကို တွေ့လိုက်ကြရသည် မဟုတ်ပါလား။

ကျော်ပေါင် တစ်ချက်ပြုံးလိုက်သည်။

'ဗိုက်သား တစ်ယောက်တော့ သွားရှာပြီ၊ နောက်နှစ်ယောက် ကျန်သေးတယ်'

သူကပြောပြီး ဖေထိုက်အား လှမ်းကြည့်လိုက်သည်။

'အစ်ကိုကြီး ဖေထိုက်၊ ဒီနှစ်ယောက်ကို ဘယ်လိုလုပ်ကြမလဲ၊ ကျုပ်တော်ရဲ့ ဓားပေါက်ပညာကို အသုံးပြုတိုက်ခိုက်ရမလား၊ ဒါမှမဟုတ် အစ်ကိုကြီးပဲ သူတို့ကို ရှင်းမလား'



ဖေထိုက်က တုန့်ငှ် ပုတ်တို့နှစ်ဦးအား ကြည့်လိုက်ပြီး—

'သူတို့ ထွက်ပြေးမယ်ဆိုရင်တော့ မင်းရဲ့ဓားပေါက်ပညာကို အသုံးပြုပါ၊ သူတို့ထွက်မပြေးဘဲ ပြန်တိုက်ခိုက်မယ် ဆိုရင်တော့ ငါ့ရဲ့ ရတနာကျောက်စီဓားနဲ့ပဲ ဆုံးဖြတ်လိုက်မယ်'

ဟု ပြန်ပြောလိုက်သည်။

ထိုစကားကြားရသောအခါ တုန့်ငှ်ပုတ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ယခုအခါ....

သူတို့မှာ ခေါင်းဆောင်ဖြစ်သူ ဟူမင်သိုင်းဆရာကြီးမှာ သေဆုံးသွားပြီမို့ အားတော်ပင် ကြောက်ရွံ့တုန်နေကြပြီ ဖြစ်လေသည်။

သူတို့သုံးယောက်နှင့် ဖေထိုက်တို့အဖွဲ့ကို လုံးလုံးနိုင်မည် မဟုတ်သည်ကိုလည်း နားလည်ထားကြသည်။

ထွက်ပြေးပြန်လျှင်လည်း ကျော်ပေါင်၏ လက်စွမ်းထက်လှသော ပေါက်ဓားများအောက်၌ အသက်ပျောက်ကြရဦးမည်။

ယင်းသို့ တွေးမိသောအခါ...

တုန့်ငှ် ပုတ်တို့က ဒိုမွဲမဲ့ဖြစ်လာကြအာ ပြိုင်တူဆိုသလိုပင် ဒူးထောက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

သူတို့က သူတို့၏အပြစ်ကို ခွင့်လွှတ်ပါရန် တောင်းပန်လေတော့သည်။

'ထောက်လှမ်းရေးမှူး....ကျုပ်တို့ အဖမ်းခံပါမယ်ခင်ဗျား၊ ကျုပ်တို့အသက်ကိုတော့ ချမ်းသာပေးပါလို့ တောင်းပန်ပါတယ်'

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ကို မသတ်ပါနဲ့၊ ကျုပ်တို့ အဖမ်းခံပါမယ်'

ကျီပေါင်က မျက်မှောင်ကုတ်သွားပြီး....

'အစ်ကိုကြီး.... သူတို့ကို သိပ်မယုံနဲ့ဦး၊ သူတို့က သိပ်ယုံရတာ မဟုတ်ဘူး၊ တော်ကြာ ဉာဏ်နီဉာဏ်နက်တွေ ဆင်နေဦးမယ်'

ဖေးထိုက်က ခေါင်းညိတ်လိုက်သည်။

'အင်း....ဟုတ်တော့လဲ ဟုတ်တယ်'

ထိုအခါ....

တုန့်ပုတို့က ကမန်းကတန်းပင် ပြောလိုက်ကြသည်။

'ကျုပ်တို့ကို ယုံပါဗျာ၊ အရင်က ကျုပ်တို့က ဟူမင်သိုင်းဆရာကြီး အားကိုးနဲ့ မိုက်ခဲ့ကြတာပါ၊ ကျုပ်တို့.... ထောက်လှမ်းရေးမှူးကို မနိုင်မှန်း ကျုပ်တို့ သိပါတယ်၊ ဉာဏ်နီဉာဏ်နက် ဘာကိုမှသုံးဖို့ မရည်ရွယ်ပါဘူး၊ တကယ်ပါဗျာ၊ ယုံပါဗျာ၊ ကျုပ်တို့ အညံ့ခံမှာပါ'

သူတို့က အထပ်ထပ်အခါခါပင် သူတို့အားယုံဖို့ ပြောနေ၏။



ထိုအခါကျမှ ကျီပေါင်က....

'ကောင်းပြီလေ၊ ဒါဆို ခင်ဗျားတို့လက်ထဲက လက်နက်တွေ ချလိုက်ကြပါ'

သူ၏စကားဆုံးသည်နှင့် တုန့်ပုတို့က လက်နက်များကို ကမန်းကတန်း ပစ်ချလိုက်ကြသည်။

ကျီပေါင်က....

'ခင်ဗျားတို့ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်လိုက်ကြ'

သူပြောသည့်အတိုင်း တုန့်ပုတို့က လိုက်လုပ်ကြသည်။

ထိုအချိန်မှာဂင်....

ဆူညံသောအသံများ ထွက်ပေါ်လာကာ မီးတုတ်များ ကိုင်ဆောင်ထားသော ထောက်လှမ်းရေး အဖွဲ့သားများ ရောက်ရှိလာကြသည်။

ဤသို့ဖြင့်....

သူတို့သည် တုန့်ပုတို့အား ကြိုးများဖြင့် တုပ်နှောင်လိုက်ကြပြီး ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

ဟူမင်သိုင်းဆရာကြီး၏ အအလောင်းကိုလည်း မြို့စားမင်းအား ပြသရန်အတွက် ပြန်၍သယ်ဆောင် သွားလေတော့သည်။

....၀....

www.burmeseclassic.com

## ဂုဏ်ပြုပွဲ

မြို့စားကြီးသည် ထောက်လှမ်းရေးမှူး ဖေးထိုက်တို့အား ဂုဏ်ပြုပွဲတစ်ခုကို စည်းကားစွာ ပြုလုပ်ပေးခဲ့လေသည်။

ထိုဂုဏ်ပြုပွဲ၌ အရှင်ဆုံးလူမှာ မြို့စားကြီးပင် ဖြစ်လေသည်။

'ဟူမင်ဂိုဏ်း အခုလိုပြိုကွဲပျက်စီးသွားတာဟာ ကျုပ်တို့မြို့တင် မကဘူး၊ ပတ်ဝန်းကျင် မြို့ရွာများအတွက်ပါ အထူးသတင်းကောင်း တစ်ရပ်ပါပဲ၊ ကျုပ်တို့တစ်တွေ ပျော်ရွှင်မှုရအောင် ထောက်လှမ်းရေးမှူး ဖေးထိုက်တို့အဖွဲ့ကို ကျုပ်အထူး ဝမ်းမြောက်စမ်းသာ ဂုဏ်ပြုပါတယ်ဗျာ'

'မြှောင်း....မြှောင်း...မြှော'



မြို့စားကြီးကျင့်စန်၏ စကားဆုံးသည်နှင့် လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ဖေးထိုက်က ရယ်မောစွာဖြင့်....

'ကျုပ်တို့ကို အခုလို ဂုဏ်ပြုကြတာကို အထူးပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်ဗျာ၊ ဒါပေမယ့်'

မြို့စားကြီးက....

'ဒါပေမယ့်....ဘာဖြစ်လဲ'

ဖေးထိုက်က ရယ်မောလျက်....

'မြို့စားကြီးတို့ လူတစ်ယောက်ကို ကျေးဇူးတင်ဖို့ ကျန်သေးတယ်၊ အဲဒါကိုမေ့သွားမှာစိုးလို့ ကျွန်တော်က သတိပေးတာပါ'

မြို့စားကြီး မျက်မှောင်ကုတ်သွားသည်။

ခန်းမထဲရှိ လူအားလုံး၏ အသံမှာလည်း ရုတ်တရက် တိတ်ဆိတ်သွားလေသည်။

မြို့စားကြီးက....

'ဘယ်သူများလဲဗျ'

ဖေးထိုက်က ကျုံပေါင်အား ကြည့်လိုက်ပြီး....

'ကျုံပေါင်လေ'

မြို့စားကြီးက....

'ကျုံပေါင်ကို ဘာကြောင့် ကျေးဇူးတင်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က....

'ဟူမင် သိုင်းဆရာကြီးကို သတ်လိုက်တာ ကျွန်တော် မဟုတ်ဘူးဗျ၊ ကျော့ပေါင်ပဲ'

သူက အကြောင်းစုံကို ရှင်းပြလိုက်လေသည်။

ထိုအခါကျမှ....

အားလုံးက သဘောပေါက် နားလည်သွားကြလေ၏။

ဖေးထိုက်က ဆက်၍....

'တကယ်တော့ ကျော့ပေါင်ဟာ ခါးပေါက်ဝိဇ္ဇာ တစ်ယောက်ပါ၊ ဒီအကြောင်းကို သူက ကျွန်တော်တို့ကို ပြောမပြခဲ့ဘူး၊ တကယ်အရေးကြုံမှ သူက သူ့ရဲ့ပညာကို ထုတ်ပြခဲ့တယ်လေ'

ကျော့ပေါင်က ပြုံးလိုက်ပြီး....

'ကျွန်တော် မပြောချင်လို့ တမင်ဖုံးထားတာ မဟုတ်ပါဘူး၊ တကယ်တော့ ကျွန်တော်က ခါးပေါက်ဝိဇ္ဇာတဲ့ ရထားတာပါ၊ သိုင်းပညာက မကျွမ်းကျင်ဘူးလေ၊ ဒါကြောင့် ကျွန်တော်က တိုက်ရေးခိုက်ရေးမှာ ဝင်မပါခဲ့တာ၊ ဒါပေမယ့် ကျွန်တော် တကယ်တမ်း စဉ်းစားကြည့်တော့ ကျွန်တော်ရဲ့ ခါးပေါက်ပညာကလဲ တိုက်ပွဲတစ်ခုမှာ တစ်ထောင့် တစ်နေရာက အသုံးဝင်မှန်း သိလာရတယ်၊ ဒါကြောင့် ကျွန်တော် ထောက်လှမ်းရေးမှူးတို့ကို ကူညီလို့ရအောင် လိုက်သွားခဲ့တာပါ'



ဖေးထိုက်က....

'ဒါတို့ တိုက်ပွဲဖြစ်ကြမယ်ဆိုတာကို မင်းက ဘယ်လိုလုပ်သိသလဲ'

ကျော့ပေါင်က....

'မြို့စားမင်းရဲ့တပ်ဖွဲ့တွေ ထွက်သွားတာ ကျွန်တော်မြင်လိုက်လို့ လိုက်သွားခဲ့တာပေါ့'

ဖေးထိုက်က ဆက်ပြုံးချလိုက်ပြီး....၊

'တကယ်တော့ မင်းက ငါ့ကိုကယ်လိုက်တာပေါ့၊ မင်းသာမကယ်ရင် ငါ ဟူမင်သိုင်းဆရာကြီးရဲ့ အဆိပ်ပါတဲ့ ဓားချက်ကို ဘယ်လိုနည်းနဲ့မှဆို ထိမှန်း သေရမှာပေါ့'

ကျော့ပေါင်က....

'ကျွန်တော့်ကြောင့်လဲ မဟုတ်ပါဘူး၊ ကံကြမ္မာက စီမံခဲ့တာပါ'

ထိုအချိန်....

မြို့စားကြီးအနီး၌ရှိနေသော ချင်းချင်းက ထ၍....

'ဟုတ်ပါတယ်၊ ဟူမင်သိုင်းဆရာကြီးသေရတာ ကျော့ပေါင်တော်လို့ မဟုတ်ပါဘူး၊ သူ့ရဲ့ ခါးပေါက်ပညာ ကောင်းလို့လဲ မဟုတ်ဘူး၊ ဟူမင်သိုင်းဆရာကြီး သေနေ့စေ့လို့ သေရတာ'

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မဆီမဆိုင် ဘုတောပြောလိုက်သည့် စကားကြောင့် အားလုံးက ဝါးခနဲ ပွဲကျသွားလေတော့သည်။

ဤသို့ဖြင့်....

ဂုဏ်ပြုပွဲလေးမှာ ပျော်စရာရယ်မောသံများဖြင့် ဆူညံ၍ နေလေတော့သည်။

ချင်းချင်းက သူ၏စကားကို ဟာသသဖွယ်သဘောထား ကာ ရယ်မောလိုက်သဖြင့်....

သူမက နှုတ်ခမ်းတစ်ချက်စူလိုက်ပြီး အခန်းထဲမှ ထွက် ပြေးသွားလေသည်။

သူမအား ကြည့်ကာ ကျို့ပေါင်မှာ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး သဘောကျစွာ ပြုံးမိလေတော့သည်။

....o....

## သံယောဇဉ် အမှန်

ကောင်းကင်ယံ၌ လဝန်း ထိန်ထိန်သာနေ၏။

ကျွန်းစီးတစ်နယ်လုံး လရောင်အောက်တွင် တိတ်ဆိတ် သျှက် အိပ်မောကျနေ၏။

လူဆိုး လူမိုက် ခားပြတွေ ကင်းရှင်းသွား၍လား မသိ၊ စိတ်ရောကိုယ်ပါ လွတ်လပ်သွားကြကာ စိတ်ချလက်ချ ဖြင့် အိပ်စက်အနားယူကြဟန် တူသည်။

သို့သော် —

လူသားတစ်ဦးကမူ မအိပ်စက်နိုင်သေးပါ။

ထိုလူမှာ ကျို့ပေါင်ပင်ဖြစ်လေသည်။

သူသည်....

နောက်တစ်နေ့တွင် ထောက်လှမ်းရေးမှူးနှင့်အတူ နေ ပြည်တော်သို့ သွားရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

သူသည် ချင်းချင်းတို့ညီအစ်မနှင့် ခွဲသွားရတော့မည်။

အမှန်တော့....

သူသည် အစပိုင်း၌ ချင်းချင်းနှင့် ဆက်ဆံမှုအဆင်မပြေခိုင်း ဤဂေဟာမှ အမြန်ဆုံး ထွက်သွားချင်နေသည်။

သို့သော်....

ယခုမှာမူ ချင်းချင်းတို့နှင့် ခဲမသွားချင်ပဲ ဖြစ်နေသည်။

ဘာကြောင့်လဲ။

သူကိုယ်သူပင် နားမလည်ပါ။

ယင်းအဖြေကိုလည်း သူကအချိန်ကုန်ခံ၍ ထုတ်နေခြင်းဖြစ်သည်။

သူသည်....

ချင်းချင်း၏ ကလေးဆန်ဆန်လှပသည့် မျက်နှာလေးကိုမြင်ယောင်နေ၏။

တစ်ဖန်....

ခိုင်ကျင်း၏ အေးဆေးတည်ငြိမ်လှသော မျက်နှာလေးကိုလည်း မြင်ယောင်နေမိပြန်သည်။

သူသည် သူ၏နှလုံးသားခံစားမှုကို အတန်ကြာ အဖြေရှာနေရာ....

အတန်ကြာသော်....

သူက အဖြေရှာတွေ့သွားလေသည်။



ယခု သူက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

ယင်းဆုံးဖြတ်ချက်မှာ....

သူသည် ခိုင်ကျင်းနှင့်သွားတွေ့ရန် ဖြစ်သည်။

သူရင်ထဲက အဖြေရှာ၍တွေ့သွားသော ခံစားချက်ကို ခိုင်ကျင်းအား ပြောဖြစ်ရန် ဖြစ်သည်။

သို့သော်....

ခိုင်ကျင်းသည် ယခုလောက်ဆို အိပ်နေလောက်ပြီ။

ဤသို့ဆိုလျှင်....

သူသည် မနက်ဖြန် ခရီးမထွက်ခင် ခိုင်ကျင်းကို သွားတွေ့ရမည်။

သူက....

သူပြောလိုသည့် စကားများကို တွေးတောကာ ကျေနပ်စွာ ပြုံးမိလေသည်။

ထို့နောက်....

သူသည် အိပ်စက်ရန် ပန်းခြံထဲမှ မိမိအခန်းရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားလေတော့သည်။

....ဂ....

www.burmeseclassic.com

www.burmeseclassic.com



ကျိုပေါင်လိုပင် အိပ်မရသူ နှစ်ယောက်ကား ရှိနေပေသည်။

ထိုသူနှစ်ယောက်မှာ ချင်းချင်းနှင့် ခုံကျင်းဖြစ်သည်။

ချင်းချင်းသည် ကျိုပေါင် နေပြည်တော်သို့ ထောက်လှမ်းရေးမှူးနှင့်အတူ လိုက်ပါသွားတော့မည်ကို သိလိုက်ရသောအခါ....

သူမသည် အတွန့်အလှန် စမ်းနည်း၍သွားသည်။

မိမိ ကြားချင်သည့်စကား ကျိုပေါင်ထံမှ မကြားရဘဲ ကျိုပေါင်က ထွက်သွားပေတော့မည်။

မိမိသည် သူ့အားမုန်းမေ့နိုင်ရန် ကြိုးစားနေသဖြင့်....

သူနှင့် စကားမပြောခဲ့သည်မှာ သုံးလေးရက်ပင် ရှိနေသည်။

သူမသည် မည်သို့ပင် ကျိုပေါင်အား မေ့နိုင်အောင် ကြိုးစား ကြိုးစား....

တကယ်ကမ်းကျတော့ သူမ ကျိုပေါင်အား မုန်း၍မရနိုင်ပါ။

မေ့၍မရနိုင်ခဲ့ပါ။

ကျိုပေါင် သူမအား စိတ်ဝင်စားသည်ကို သူမ သိနေသည်။

အကယ်၍....



ကျိုပေါင်သည် သူမအား စိတ်မဝင်စားပါက သူမ စိတ်ဝင်စားသူက မမခုံကျင်းလော။

ဤသို့ဆိုလျှင်....

ကျိုပေါင်က မမခုံကျင်းအား အဘယ်ကြောင့်ဖွင့်မပြောမှပါသနည်း။

ချင်းချင်းသည်....

ယင်းသို့အတွေးများ သူမ၏ခေါင်းထဲသို့ ရှုပ်ထွေးစွာ စင်ရောက်လာရသောကြောင့် အိပ်မရနိုင်ဘဲ ခုတင်ပေါ်တွင် ဟိုလိမ့်သည်လိမ့်ဖြင့် ရှိနေတော့သည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



ခိုကျင်း....

သူမလည်း မအိပ်သေးပါ။

သူမသည် ကျော်ပေါင်မေးထားသည့်....

'မိမခိုကျင်းမှာ ရည်ရွယ်ထားတဲ့သူ ရှိသလား'

ဟူသော စကားကို သူမက အဖြေမပေးရသေးပေ။

ထိုအဖြေကိုပေးရန် သူမက အတော်စဉ်းစားနေရသည်။

အကယ်၍....

သူမက မိမိမှာ ရည်ရွယ်ထားသူမရှိပါဟု ပြောလိုက်ပါလျှင်လည်း သူသည် သူမအား ချစ်စကားကြိုက်စကားပြောလာမည်လောဟု အတွေးဖြင့် သူမက ရင်ဖိုနေရသည်။

အကယ်၍....

သူက မိမိအား ချစ်စကားကြိုက်စကား ပြောလာပါလျှင်လည်း ချင်းချင်းမှုကိစ္စ ရှိသေးသည်မို့ သူမအဖို့ အဖြေပေးရန်မှာ ခက်နေသည်။

ချင်းချင်းမှာ ကျော်ပေါင်အား ချစ်ခင်စွဲလန်းနေသည်ကို သူမက သိထားသည်။

ယခုလည်း....

ကျော်ပေါင် ထွက်သွားတော့မည်မို့ ချင်းချင်းတစ်ယောက် သောက ရောက်နေသည်ကိုလည်း သူမ အကဲခတ်မိလာ၏။

ထို့ကြောင့်....



မိမိနှင့် ကျော်ပေါင် ချစ်သူဖြစ်ခဲ့ပါလျှင် ချင်းချင်း မည်အို့ ခံစားရမည်နည်း....

ဟူသော အသိစင်လာပြန်တော့ ခိုကျင်း၏ ပြုံးပျော်မှုလေးတွေမှာ ပျက်ပြားသွားရလေသည်။

ဤသို့ဖြင့် သူမသည် ယနေ့အဖို့ အတွေးများဖြင့် မအိပ်နိုင်ဘဲ ဖြစ်နေရတော့သည်။

....စ....

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်....

ထောက်လှမ်းရေးမှူး ဖေးထိုက်တို့အဖွဲ့သည် ခရီးထွက်ရန် ပြင်ဆင်နေကြသည်။

ဖေးထိုက်သည်....

မြို့စားကြီးအား နှုတ်ဆက်စကား သွားရောက်ပြောဆိုရာ ယနေ့ မြို့စားကြီး၏မျက်နှာ မလန်းမဆန်း ဖြစ်နေသည်ကို....

ဖေးထိုက်က....

'မြို့စားကြီး မျက်နှာ မကောင်းပါလား'

ဟု မေးလိုက်သည်။

မြို့စားကြီးက....

'ဟုတ်တယ်ဗျာ၊ ကျုပ် ထောက်လှမ်းရေးမှူးတို့ အဖွဲ့ ပြန်သွားမှာကို စိတ်ထဲမှာ တစ်မျိုးကြီးပဲ ခံစားနေရပါတယ်'

ဖေးထိုက်က ပြုံးလိုက်ပြီး....

'ကျွန်တော်တို့လဲ ဒီလိုပါပဲ မြို့စားကြီးရယ်'

မြို့စားကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'နောက်တစ်ခုက ကျိုပေါင်ကိစ္စကြောင့်ပဲ'



ဖေးထိုက်က....

'ကျိုပေါင် ဘာဖြစ်လို့လဲ'

မြို့စားက....

'ကျုပ်....ကျိုပေါင်ကို သဘောကျနေတာ၊ ဒါကြောင့် ကျုပ်သမီးငယ်နဲ့ သူ့ကို သဘောတူထားတယ်'

ဖေးထိုက်က....

'ဟာ....ဒါသတင်းကောင်းပဲ၊အလွန်လိုက်ဖက်ပါပေတယ် ဗျာ'

မြို့စားက ခေါင်းခါလိုက်ပြီး....

'ဒါပေမယ်....သူက သမီးငယ် ချင်းချင်းကို စိတ်မဝင်စားဘူးလို့ ကျုပ်သိရတယ်၊ ဒါကြောင့် ကျုပ် အနေနဲ့ အခက်တွေ့နေတယ်'

သူက မျက်မှောင်ကုတ်သွားပြီး....

'ဟုတ်ပါ့မလား၊မြို့စားကြီးရယ်'

မြို့စားက....

'ဟုတ်ပါတယ်၊ ဒါကြောင့်သာ သမီးငယ် ချင်းချင်းက ကျိုပေါင်ကို စိတ်ဆိုးပြီး အခန်းတွင်းပဲ အောင်းနေတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



သူက....

'ဒါဆို...ကျွန်တော် ကျုံပေါင်ကို မေးမြန်းကြည့်ပါဦးမယ်'

မြို့စားက....

'အချိန်ရှိပါတော့မလား၊ ခင်ဗျားတို့ ခရီးထွက်ဖို့ အချိန်နီးနေပြီ'

သူက....

'အချိန်နည်းနည်း ရပါသေးတယ်၊ ဒါနဲ့ ကျုံပေါင်ကို မြို့စားကြီး တွေ့မိသေးလား၊ ကျွန်တော် မနက်ကတည်းက သူ့ကို မတွေ့ရသေးဘူး'

မြို့စားကလည်း ခေါင်းခါယမ်း၏။

'သူ ကျုပ်ကိုလဲ လာပြီး မနှုတ်ဆက်သေးဘူး'

သူက....

'ဒါဆို...ကျွန်တော် သူ့ အခန်းမှာ သွားရှာလိုက်ဦးမယ်'

မြို့စားက ခေါင်းညိတ်လိုက်သည်။

....ဝ....



အမှန်တော့....

ကျုံပေါင်မှာ ပန်းဥယျာဉ်ထဲသို့ ရောက်ရှိနေသည်။

သူသည် ခရီးမထွက်ခင် မိမိရင်ထဲမှ စကားများကို ခိုကျင်းအား ပြောပြရန်အတွက် နံနက်စောစောကပင် သူမထံ စာပေး၍ ဤနေရာ၌ တွေ့ရန် ချိန်းထားလေ၏။

သူမက ရောက်မလာသေးပါ။

ထို့ကြောင့်....

ကျုံပေါင်က စိတ်ရှည်လက်ရှည် ထိုင်၍ စောင့်နေလေသည်။

သူ ထိုင်စောင့်နေပြီး ရေနွေးတစ်အိုး ကျက်ခန့် အကြာမှာတော့ သူ မျှော်လင့်နေသော ခိုကျင်းက ရောက်ရှိလာသည်။

'ခိုကျင်း'

သူက ခေါ်လိုက်သည်။

သူမကလည်း သူ့အား မြင်သွား၏။

ကျုံပေါင် အနီးသို့ တစ်လှမ်းချင်း လျှောက်လာတော့သည်။

'ရှင်...စောင့်နေရတာ အတော် ကြာသွားပြီလား'

www.burmeseclassic.com



ခုံကျင်းက မေးသည်။

ကျုံပေါင်က....

'နည်းနည်းတော့ ကြာသွားပြီ'

သူမက....

'ရှင်....ကျွန်မကို ပြောစရာရှိတယ်ဆို'

သူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော် မမခုံကျင်းကို ရင်ထဲက ခံစားချက်တွေ ပြောပြချင်လို့'

သူမက ပြုံးလိုက်ပြီး....

'ကျွန်မလဲ ရှင့်ကို ကျွန်မရင်ထဲက ခံစားချက်ကို ပြောပြချင်နေတာ၊ ဟင်း...ဟင်း....အခုတော့ နှစ်ယောက်သား ခံစားချက်ချင်း တူနေပြီ'

ဟု ပြောလိုက်သည်။

ကျုံပေါင်ကလည်း ပြုံးလိုက်ပြီး....

'ဒါဖြင့်....ခုံကျင်း အရင်ပြောပါ'

ဟု ပြောလိုက်သည်။

ခုံကျင်းက ပြုံးလိုက်ပြီး....

'ကျွန်မက မိန်းကလေးဆိုတော့ ရှင်ပဲ အရင် ပြောပါ၊ ပြီးမှ ကျွန်မပြောမယ်'



သူက ခေါင်းညိတ်လိုက်၏။

'ဒါဆို ကျွန်တော် ပြောပါ့မယ်'

ခုံကျင်းက ရင်ဖိုစွာဖြင့် နားစွင့် နေလေတော့သည်။

----o----

www.burmeseclassic.com

www.burmeseclassic.com



ကျော်ပေါင်က တစ်ခဏမျှ တိတ်ဆိတ်နေပြီးမှ....

'ကျွန်....ကျွန်တော် ချင်းချင်းကို စိတ်ဝင်စားနေပြီ'

ဟု ပြောလိုက်လေသည်။

သူ၏ စကား ကြားလိုက်ရသောအခါ ခိုကျင်းက အံ့သြသွားဖြင့် ကျော်ပေါင် မျက်နှာအား ကြည့်မိလေ၏။

သူ့ထံမှ ဤစကားမျိုး ကြားရလိမ့်မည်ဟု သူမကမထင်ခဲ့ပါ။

သူမထင်ထားသည်က ကျော်ပေါင်မှာ မိမိအား ချစ်စကား ကြိုက်စကား ပြောလာလိမ့်မည်ဟုသာ ထင်ထားခဲ့လေသည်။

ယခုမှာမူ....

သူမ၏ အထင်နှင့်အမြင်လွဲခဲ့ရပေပြီ။

ကျော်ပေါင်းက စကားဆက်လာသည်။

'ဟုတ်ပါတယ် မမ၊ ပထမ ကျွန်တော်က ချင်းချင်းကို စိတ်မဝင်စားခဲ့ဘူးလို့ ထင်ထားခဲ့တာ၊ အခု ကျွန်တော်က ချင်းချင်းနဲ့ စကားပြောခွင့်မရတဲ့ နောက်ပိုင်းမှာ ကျွန်တော် သူ့ကို အရမ်းသတိရနေမိတယ်၊ ကျွန်တော် သူ့ကို မတွေ့ရ မနေနိုင်ဖြစ်နေမိတယ်၊ အခု သူနဲ့ စကားပြောခွင့်



မရတဲ့ ခွဲသွားရမယ်ဆိုတော့ ကျွန်တော် ဗိုပြီးခံစားနေရတယ်၊ ဒါကြောင့် ကျွန်တော် ချင်းချင်းကို စိတ်ဝင်စားနေပြီလို့ ဖွင့်ပြောရတာပါ'

ခိုကျင်းက မချိပြုံး ပြုံးပြီး....

'ဒီစကားကို ရှင်က ဘာကြောင့် ကျွန်မကိုလာပြောနေရတာလဲ၊ ချင်းချင်းကို သွားပြောရမှာ'

ကျော်ပေါင်က....

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် အခု မမခိုကျင်းကို ဖွင့်ပြောရတာက မမက တစ်ဆင့် သူ့ကို ပြောပေးစေချင်လို့ပါ၊ ပြီးတော့ ကျွန်တော် သူ့ကို ချိန်းရင် သူလာမှာမဟုတ်ဘူး၊ သူက ကျွန်တော်ကို စိတ်ဆိုးနေတာယ် မဟုတ်လား'

ခိုကျင်းက သက်ပြင်းတစ်ချက်ချပြီး....

'ကောင်းပြီလေ၊ ကျွန်မ ချင်းချင်းကို သွားပြောပေးပါ့မယ်'

ကျော်ပေါင်က....

'ချင်းချင်းက လက်ခံပါ့မလား မမခိုကျင်း၊ ကျွန်တော် နေပြည်တော်ကို မသွားခင် ချင်းချင်းဆီက အဖြေစကား ကြားသွားချင်တယ်၊ ဒါကြောင့် မမ မရ ရအောင် ပြောပေးပါနော်'

သူမက မချိပြုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ၊ ကျွန်မ ညီမလေးကို ပြောပေးပါ့မယ်၊ ကဲ အချိန်လည်း မရှိတော့ဘူး၊ ကျွန်မ ညီမလေးဆီအခုပဲသွား ပြောလိုက်ပါ့မယ်'

ကျိုပေါင်က....

'ကျွန်တော် သည်မှာပဲ စောင့်နေပါ့မယ်'

ခိုင်ကျင်းက ခေါင်းညိတ်ပြပြီး ထိုနေရာမှ လှည့်ထွက် သွားရန် ခြေလှမ်းပြင်လိုက်သည်။

ကျိုပေါင်က တစ်စုံတစ်ခုကို သတိရကာ....

'ခြော် ဒါနဲ့ မမခိုင်ကျင်း ကျွန်တော့်ကို ပြောစရာရှိ တယ်ဆို၊ ပြောသွားဦးလေ'

သူမက နောက်သို့ အသာလှည့်ပြီး....

'ကျွန်မ ပြောမယ့် စကားက....

သူမက ရုတ်တရက် စကားကို ရပ်တန့်လိုက်သည်။

သူမက ဝဲသာသော မျက်ရည်တို့ကို မျက်တောင်တစ် ချက်ခတ်ကာ ပြန်လည်သိမ်းဆည်းလိုက်သည်။

သူက....

'ပြောလေ မမ'

သူမက....

'ရှင် ကျွန်မကို မေးထားတယ်လေ၊ ကျွန်မမှာ ရည်ရွယ် ထားတဲ့လူ ရှိလားလို့'

သူက ခေါင်းညိတ်၏။



သူမက မချိပြုံး ပြုံးပြီး....

'အခု ကျွန်မက အဲဒီစကားကို ပြောမလို့'

သူက နားစွင့်နေသည်။

ခိုင်ကျင်းက ဆက်၍....

'ကျွန်မမှာ ရည်ရွယ်ထားတဲ့လူရှိပါတယ်'

ကျိုပေါင်၏ မျက်နှာပြုံးရွှင်သွား၏။

'ဟုတ်လား မမ၊ ဘယ်သူလဲ'

သူမက....

'ရှင့်ကို ပြောပြလဲ ရှင်သိမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်မ မပြောတော့ဘူး၊ နောက်မှပဲ ရှင်နဲ့ မိတ်ဆက်ပေး တော့မယ်'

ကျိုပေါင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့မ'

သူမက....

'ကဲ...ကျွန်မ သွားတော့မယ်'

သူမက ပြောပြီး ထိုနေရာမှ ချာခနဲ လှည့်ထွက်သွား လေသည်။

သူမသည် သူ၏ အကြည့်အောက်မှ ကျောခိုင်းလိုက် သည်နှင့် ထိန်းထားသော မျက်ရည်တို့မှာ ပါးပြင်ပေါ်သို့ လိမ့်ဆင်း ကျလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ထဲမှာသည်း စကားလုံးပေါင်းများစွာကို ရေရွတ်နေမိလေသည်။

'ကျွဲပေါင်၊ တကယ်တော့ ရှင့်ကို ပြောမယ်စကားက ကျွန်မမှာ ရည်ရွယ်ထားတဲ့လူ မရှိဘူးလို့ ပြောမလို့ပါ။ ဒါပေမယ် ရှင်က ညီမလေးကို စိတ်ဝင်စားနေပြီဆိုတော့ ကျွန်မ သည်စကားကို မပြောသင့်တော့ဘူးလေ'

သူမက ယင်းသို့ အတွေးများနှင့် လျှောက်လာလေသည်။

'ခိုကျောင်း....'

ဟု ခေါ်သံကို ကြားလိုက်ရသဖြင့်....

သူမက လှည့်ကြည့်လိုက်သည်။

သူမအား ခေါ်သူမှာ ထောက်လှမ်းရေးမှူးဖေးထိုက်ပင်ဖြစ်လေသည်။

သူမက မျက်ရည်ကို ကမန်းကတန်း သုတ်လိုက်လေသည်။

ဖေးထိုက် မျက်မှောင်ကုပ်သွားသည်။

သို့သော်....

သူက စပ်စုခြင်းမပြုပေ။

ခိုကျောင်းက ဖေးထိုက်အား ပြုံးပြလိုက်ပြီး....

'ထောက်လှမ်းရေးမှူးတို့ သွားကြတော့မှာလား'

ဟု ~~မေး~~[illegible]ိုက်သည်။



ဖေးထိုက်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ အခု ကျွဲပေါင်ကို မတွေ့လို့ လိုက်ရှာနေတာ'

ခိုကျောင်းက....

'သူ မန်းဥယျာဉ်ထဲမှာ ရှိနေပါတယ်'

ဖေးထိုက်က....

'ဒါဖြင့် ကျွန်တော် သူကို သွားတွေ့လိုက်ဦးမယ်'

ခိုကျောင်းက....

'ဟုတ်ကဲ့...ကျွန်မလဲ ညီမလေး ချင်းချင်းနဲ့ သွားတွေ့စရာရှိလို့ သွားလိုက်ပါဦးမယ်'

ဖေးထိုက်က ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက်....

သသည် ခိုကျောင်းကိုကြည့်ပြီး နားမလည်နိုင်စွာ ခေါင်းကုတ်မိလေသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



ဖေးထိုက်က ကျော်ပေါင်ကို တွေ့လိုက်သည်။

သူက ကျော်ပေါင်ကို တွေ့သည်နှင့်....
'ကျော်ပေါင်....မင်းနဲ့ ခိုင်ကျင်း ဘာဖြစ်ကြတာလဲ'
ဟု မေးလိုက်သည်။

ကျော်ပေါင် ကြောင်အမ်းအမ်းဖြစ်သွားပြီး....
'ကျွန်တော်တို့ ဘာဖြစ်လို့လဲ'

ဖေးထိုက်က....

'ခိုင်ကျင်းနဲ့ ကျုပ် လမ်းမှာတွေ့တယ်၊ သူငိုနေလို့ မင်းနဲ့ ဘာဖြစ်သလဲလို့....'

ထိုစကားကို ကြားရသောအခါ ကျော်ပေါင်က ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဖေးထိုက်က ဆက်၍....
'မင်း သူ့ကို ဘာပြောလိုက်လို့လဲ'

ကျော်ပေါင်က....

'ကျွန်တော် ချင်းချင်းကို စိတ်ဝင်စားတဲ့အကြောင်း ခိုင်ကျင်းက တစ်ဆင့် ပြောခိုင်းတိုက်တာပါ'
ထိုစကားကြားလိုက်ရသောအခါ ဖေးထိုက်က အခြေအနေအားလုံးကို သဘောပေါက် နားလည်သွားလေသည်။

ထို့ကြောင့်....



သူက သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်သည်။ ပြီးမှ....

သူက ရယ်မောလိုက်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်သည်။

'ဟာ....မင်း တကယ် ချင်းချင်းကို စိတ်ဝင်စားနေတယ် ဟုတ်လား'

သူက ရှက်ကိုးရှက်ကန်း ပြုံးလိုက်ပြီး....
'ဟုတ်ပါတယ်'

ဖေးထိုက်က ပြုံးလိုက်ပြီး....
'ဒါဆို အဆင်ပြေသွားပြီပေါ့'

သူက....

'ဘာဖြစ်လို့လဲ အစ်ကိုကြီး'

ဖေးထိုက်က....

'အခုဘဲ မြို့စားကြီးက ငါ့ကို ပြောလိုက်တယ်၊ မင်းနဲ့ သူ့သမီးအငယ် ချင်းချင်းကို သဘောတူတယ်တဲ့'

'တကယ်လား....အစ်ကိုကြီး'

'တကယ်ပေါ့'

ကျော်ပေါင်က မျက်မှောင်ကုတ်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'မြို့စားကြီးက အစေခံကြီးထဲက ကျုပ်ကို သဘောကျနေတာကို ကျုပ်သိပါတယ်၊ ဒါပေမယ့် ချင်းချင်း ကျုပ်ကို သဘောမကျမှာဘဲ စိုးနေတယ်'

'ဒါကတော့ ရှင့်အပြစ် ရှင်ခံပေါ့၊ အစကတော့ ကျွန်မကို ရှင်ဘဲ ကြည့်မရဖြစ်နေတာ မဟုတ်လား'

ဟိုအသံနှင့်အတူ ချင်းချင်းက သူတို့အနီးလျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

သူမကို တွေ့လိုက်ရသည့်အခါ ကျော်ပေါင် ဝမ်းသာသွားသည်။

'မင်း...မင်း ငါ့ဆီလာတယ် ဟုတ်လား'

သူမက မျက်နှာတစ်ချက်မဲ့လိုက်ပြီး....

'ကျွန်မ ရှင့်ဆီလာတာ နှင့် စိတ် ချမ်းသာစေမယ့် စကားပြောဖို့လာတာ မဟုတ်ဘူး၊ ရှင့်ကို သောကပေးဖို့ လာတာပါ'

ထိုစကားကြောင့် ကျော်ပေါင်၏မျက်နှာ ပျက်သွားလေသည်။

'ငါတောင်းပန်ပါတယ် ချင်းချင်း၊ အရင်က ငါ ပြောမှား ဆိုမှား ရှိတာတွေကို နင်အပြစ်မယူပါနဲ့ဟာ၊ အဲဒီကအစည်းက ငါက နင့်ရဲ့ သွက်လက်ပြီး ချစ်စရာကောင်းတဲ့



လှုပ်ရှားမှုတွေကို အမြင်ကပ်စရာတစ်ခုလို့ ထင်ခဲ့မိတယ်၊ ခုတော့ နင့်ရဲ့ သွက်သွက်လက်လက် လှုပ်ရှားပုံလေးတွေကို စွဲလန်းနေရတာ၊ တကယ်တမ်း ငါစိတ်ဖွင့်စားတာ နင့်ဖြစ်နေတာ သိပြီဟာ'

သူမက ကြိတ်၍ ပြုံးနှုပ်သွားသည်။

သို့သော်....

သူမ၏မျက်နှာမှာမူ တင်းမာနေဆဲ၊

'နင်ပြောတဲ့စကားကို လုံးဝ မယုံဘူး'

ကျော်ပေါင်က အမြန် ပြောလိုက်ပြန်သည်။

'အဟုတ်...ချင်းချင်း၊ နင်သာ တကယ်လို့ ငါ့မေတ္တာကို လက်ခံမယ်ဆို ငါ ပညာရှိဖြစ်သွားရင် နင့်ဆီ ပြန်လာပြီး နင့်ကို လက်ထပ်ပါ့မယ်၊ တကယ် ကတိပေးတယ်ဟာ၊ ငါ့စကားကို ယုံပါ'

သူမသည် မဲ့ပြုံး ပြုံးလိုက်ပြီး....

'နင့်ကို ချက်ချင်း အဖြေမပေးနိုင်ဘူး၊ စဉ်းစားဦးမယ်'

သူက....

'ဘယ်အထိ စဉ်းစားမှာလဲ၊ အခု နေပြည်တော်ကို ငါ သွားရတော့မှာ'

သူမက

'မသိဘူး၊ ပေးချင်တဲ့အချိန် ပေးမယ်၊ ကဲ...သွားတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောပြီးသည်နှင့် နောက်သို့ လှည့်လိုက်လေသည်။

ကျိုပေါင်က...

'နင်ဘယ်သွားမလို့လဲ'

ချင်းချင်းက...

'ငါပြန်တော့မှာပေါ့'

ကျိုပေါင်က...

'နင်ငါ့ကို အဖြေပေးရဦးမယ်လေ'

ချင်းချင်းက...

'နင့်ကို ငါပြောပြီးပဲ၊ စဉ်းစားဦးမယ်လို့'

သူမက ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသည်။

ကျိုပေါင်မှာ စိတ်ဓာတ်ကျသွားသည်။

ဖေးထိုက်က ပခုံးတစ်ချက် တွန့်လိုက်ပြီး...

'ကဲ...သူက စဉ်းစားဦးမယ်တဲ့၊ ဘယ်လောက်ကြာကြာ စဉ်းစားဦးမလဲတော့ မသိဘူး၊ လောလောဆယ် ငါသိတာက ငါတို့အဖွဲ့တွေ ခရီးထွက်ဖို့ စောင့်နေကြပြီ၊ အချိန်လဲ မရှိတော့ဘူး၊ လာ ငါတို့ သွားကြရအောင်'

ကျိုပေါင်က...

'ကျွန်တော်...'



ဖေးထိုက်က ပြုံး၍...

'အခု သူအဖြေမပေးလဲ သူပေးချင်တဲ့ အချိန်ရောက်ချင် နေပြည်တော်ကို စာနဲ့လှမ်းပြီး အဖြေပေးမှာပေါ့၊ မင်း မြို့စားကြီးကို နှုတ်မဆက်ရသေးဘူး မဟုတ်လား'

သူက ခေါင်းညိတ်လိုက်၏။

ထို့နောက်...

သူသည် ထိုနေရာမှ လေးလံသော ခြေလှမ်းများနှင့် အတူ ဖေးထိုက် နောက်သို့ လိုက်ပါသွားလေတော့သည်။

...၀...

www.burmeseclassic.com

www.burmeseclassic.com



ကျော်ပေါင်တို့သည် မြို့စားကြီးအား နှုတ်ဆက်လိုက်ပြီး နောက်....

မြင်းကိုယ်စီဖြင့် စတင်၍ ခရီးထွက်ခဲ့ကြသည်။

ကျော်ပေါင်သည် အလွန်ပင် စိတ်ခေတ်ကျနေ၏။

မျက်နှာမှာလည်း မရွှင်မလန်း ဖြစ်နေ၏။

အမှန်တော့....

ဤခရီးမှာ ကျော်ပေါင်အတွက် အလွန်ပျော်စရာကောင်းသော ခရီးပင်ဖြစ်သည်။

အကြောင်းမှာ....

သူ အလွန် ဖြစ်လိုသည့် သူခမိန် တစ်ယောက် ဖြစ်ရန် အတွက် ပညာတော်သင် သွားရမည့် ခရီးပင် မဟုတ်ပါလား။

သို့သော်....

သူက မပျော်နိုင်ပါ။

အကယ်၍....

သူသည် ချင်းချင်းထံမှ သူ ကြားလိုသော အဖြေစကားကို ကြားလိုက်ရမည်သာဆိုလျှင် သူ့အဖို့ ဤခရီးမှာ အလွန် ပျော်စရာ ကောင်းမည်သာ ဖြစ်သည်။



ယခုတော့....

ကျော်ပေါင်က ယင်းသို့ တွေးဝေ ငေးမောရင်း မြင်းကို မောင်းနှင်လာရာ....

တမြည်းမြည်းနှင့် မြို့ပြစ်သို့ပင် ရောက်ရှိလာခဲ့လေတော့သည်။

ထိုအခိုက်....

'ကျော်ပေါင်...ကျော်ပေါင်'

ရုတ်တရက် မိန်းကလေး တစ်ဦး၏ လှမ်းခေါ်လိုက်သည့် အသံကို ကြားလိုက်ရသည်။

သူက နောက်သို့ ချာခနဲလှည့်ကြည့်လိုက်၏။

မိန်းကလေး တစ်ဦး မြို့တံခါးပေါ်မှ လက်ပြနေသည် ကို တွေ့လိုက်ရ၏။

ကျော်ပေါင် မျက်လုံးအစုံ အရောင်များ တောက်သွားသည်။

'ချင်းချင်း'

သူက ပြန်၍ လှမ်းအော်လိုက်သည်။

ချင်းချင်းအသံ ထွက်ပေါ်လာ၏။

'ကျော်ပေါင်...နင်ကြားချင်တဲ့ အဖြေကို ငါတစ်ခါတည်း ပေးလိုက်မယ်၊ နင်ပြန်အလာကို ငါစောင့်နေမယ်'

ကျော်ပေါင် ငေးသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



*သူက လှမ်းအော်၍....*

'ချင်းချင်း....နင်တကယ် ပြောတာလား'

ဟု မေးလိုက်၏။

ချင်းချင်းကလည်း ပြန်၍ လှမ်းပြောသည်။

'တကယ်ပြောတာပေါ့၊ နင် ပြန်အလာကို ငါစောင့်နေမယ်'

ဖေးထိုက်က ကျော်ပေါင်၏ ပခုံးအား လှမ်းပုတ်လိုက်သည်။

'ကဲ....ဘယ့်နှယ်လဲ ကျော်ပေါင်၊ မင်းပျော်သွားပြီမဟုတ်လား'

သူက ဖေးထိုက်ဘက်သို့လှည့်လိုက်ပြီး....

'ပျော်တော့ ပျော်တာပေါ့၊ ဒါပေမယ့်....'

ဖေးထိုက်က....

'ဒါပေမယ့်....ဘာဖြစ်သလဲ'

ကျော်ပေါင်က....

'သူ....အခုမှ ကျွန်တော့်ကို အဖြေပေးလို့ မကျေနပ်ဘူး'

'ဟာ....မင်းဘာကို မကျေမနပ် ဖြစ်နေတာလဲ၊ မင်းလိုချင်တာ သူ့ဆီက ဒီအဖြေ မဟုတ်လား'



'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်.... သူနဲ့ နှစ်ယောက်တည်း တွေ့တုန်းကသာ ဒီအဖြေကို ပေးရင် သိပ်ကောင်းမှာပဲလို့ တွေးမိလို့ပါ၊ အခုမှ သူက အဖြေပေးတော့....'

'ဟား....ဟား....မင်းဟာ ဒါကြောင့်ကိုး၊ ဒါကတော့ မင်းအပြစ်နဲ့မင်း ခံပေါ့ကွာ၊ ဟား....ဟား'

ပြီးပါပြီ။

မိုးကျော်သူ

www.burmeseclassic.com